
တက္ကသိုလ်

# သိတင်ဒေါင်

ဘေးကျိုး

ဝမ်အောင်း၏ ထိခွက်ကျ



တိုးတက်ရေး–၈၇၈၈

တက္ကသိုလ်
**သီဟအောင်**

# ဓားကျိုး

(ဒုတိယပိုင်း–ဇာတ်သိမ်း)

ရိုးတက်ရေး-စာအ

## တစည်

လေပြည်လေညှင်းငွေ့ယမ်းတိုက်ခတ်လာသောအခါ မွှေးကြိုင်သော တောပန်းရနံ့များ လွင့်ပျံ့လာလေသည်။

ယွဲ့ဖိန်း၊ မုယုံကျင်းနှင့် ကျောက်ရိတောင်တို့သည် တောလမ်းအတိုင်း လျှောက်လှမ်းလာခဲ့ကြလေသည်။

ကျောက်ရိတောင်သည် ပန်းပဲဆရာသံတူ(ဝါ)ဖုံစန်း၏ လက်ရုံးတပည့်ဖြစ်ကြောင်း ပြောပြကာ မုယုံကျင်းတို့အား ဒေါင်းတောင်ရွာသို့ ခေါ်ဆောင်သွားခြင်း ဖြစ်လေသည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ ဝမ်းသာနေကြသော်လည်း ကျောက်ရိတောင်ကို အပြည့်အဝ ယုံကြည်ခြင်းတော့ မရှိကြပါချေ။

ဂူကျုံးရှိနှင့် ရင်ဆိုင်နေရချိန်၌ အန္တရာယ်နှင့် အချိန်မရွေး

ရင်ဆိုင်ရနိုင်ပြီး မည်သူ့ကိုမှ ယုံကြည်၍မရကြောင်း နားလည်ထားကြသည် မဟုတ်ပါလား။

သူတို့ အကဲခတ်လိုက်သည်နှင့် ကျောက်ရိတောင်မှာ သိုင်းပညာတတ်မြောက်ထားသူဖြစ်ကြောင်း သတိပြုမိခဲ့ကြသည် မဟုတ်ပါလား။

ကျောက်ရိတောင်မှာမူ မုယုံကျင်းတို့ ရောက်ရှိလာခြင်းကြောင့် ဝမ်းသာနေပါသည်။

"ကျုပ်ဟာ ဒေါင်းတောင်ကျေးရွာဇာတိပါ၊ သိုင်းပညာဝါသနာပါတာကြောင့် ရွာကထွက်ပြီး သိုင်းလောကထဲ ရောက်သွားခဲ့ပါတယ်၊ လွန်ခဲ့တဲ့သုံးနှစ်လောက်က ရွာကို အလည်အပတ် ပြန်လာယင်း ဆရာကြီးမုံစန်းလာပြီး အခြေချနေထိုင်မှန်း သိခဲ့ရလို့ သူ့ဆီမှာပဲ တပည့်ခံလိုက်ပြီး သိုင်းလောကထဲ မထွက်ဖြစ်တော့တာပါဗျာ"

သူသိုင်းပညာ တတ်မြောက်ထားမှန်း မုယုံကျင်းတို့ ရိပ်မိထားသည်ကို သူလည်း သတိပြုမိထားပုံ ရှိလေသည်။

ယွဲ့ဖိန်း မျက်မှောင်ကုပ်သွားသည်။

"ဆရာကြီးမုံစန်းက ပန်းပဲပညာမှာ ပြိုင်စံရှားပေမယ့် သိုင်းပညာ တတ်မြောက်ထားတာမှ မဟုတ်ပဲဗျ"

ကျောက်ရိတောင် ခေါင်းညိတ်လိုက်သည်။

"ကျုပ်က သူ့ဆီမှာ သိုင်းပညာ သင်ယူဖို့ မဟုတ်ပါဘူး၊ ပန်းပဲပညာ သင်ယူနိုင်ဖို့ တပည့်ခံခဲ့တာပါ"

"ဪ"

"ဆရာကြီးဟာ ပန်းပဲလုပ်ငန်း မလုပ်တော့ပေမယ့် သူ့ရဲ့ ဘဝတလျှောက်လုံး လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းမို့ ဘယ်တော့မှ မေ့သွားနိုင်မှာ မဟုတ်ပါဘူး၊ အမှန်ပြောရယင် ပန်းပဲပညာဝါသနာပါတဲ့လူ ရှားပါတယ်၊ ကျုပ်က စိတ်ဝင်စားနေတော့ ဆရာကြီးက တပည့်အဖြစ် လက်ခံပြီး သင်ပေးခဲ့တာပါဗျာ"



မုယုံကျင်း ကြားဖြတ်မေးလိုက်သည်။

"ခင်ဗျားဟာ သိုင်းပညာ သင်ယူခဲ့တယ် မဟုတ်လား၊ ဘယ်လိုလုပ်ပြီး ပန်းပဲပညာကို ပြောင်းပြီး ဝါသနာပါသွားရတာလဲဗျ"

ကျောက်ရိတောင်က...

"ကျုပ်က သိုင်းပညာသင်ခဲ့ပေမယ့် ဉာဏ်သိပ်မကောင်းတော့ ဟုတ္တိပတ္တိ မတတ်ခဲ့ပါဘူး၊ သိုင်းလောကရဲ့ သွေးထွက်သံယိုတိုက်ပွဲတွေကို တွေ့မြင်ခဲ့ရတော့ စိတ်ပျက်မိတယ်၊ ဒါကြောင့် ပန်းပဲပညာကို ပြောင်းသင်ဖို့ ဆုံးဖြတ်လိုက်တာပါ"

"သည်လိုကိုး"

"ဆရာကြီးက ခင်ဗျားတို့နှစ်ယောက် ရောက်လာလိမ့်မယ်ဆိုတာ သိထားပါတယ်၊ ဒါကြောင့် ကျုပ်ကို ရွာပြင်ထွက်ပြီး အကဲခတ်ဖို့ မှာထားပါတယ်ဗျာ၊ ခုတလောမှ လူဆိုးဓားပြတွေလည်း သောင်းကျန်းလာကြတော့ ခင်ဗျားတို့ကို ရုတ်တရက် အထင်မှားမိတာ ခွင့်လွှတ်ပါဗျာ"

"ကိစ္စမရှိပါဘူးဗျာ"

သုံးယောက်သား စကားတပြောပြောဖြင့် လျှောက်လာခဲ့ကြရာ ဒေါင်းတောင်ရွာနှင့် မလှမ်းမကမ်းသို့ ရောက်ရှိလာကြလေ

တော့သည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ ဒေါင်းတောင်ရွာလေးအား တစ်ချက်ကြည့်ပြီး တဖန် အချင်းချင်း ကြည့်လိုက်ကြသည်။

ဒေါင်းတောင်ရွာသို့ ရောက်လာကြပြီ ဖြစ်ပါသည်။

ဓားကျိုးအား ရရှိနိုင်ပါမည်လော။

ဝူကျူးရိက ဒေါင်းတောင်ရွာသို့သွားသည်ဆိုသော်လည်း ယခုတိုင် ပြဿနာ ဖြစ်ပေါ်ခဲ့ပုံ မတွေ့ရပါချေ။

ပြဿနာ တစ်စုံတစ်ခု ရှိနေသည်ဆိုလျှင် ကျောက်ရိတောင်က ပြောပြမည်သာ မဟုတ်ပါလား။

ထို့အပြင်...

မုံစန်းက သူတို့ ရောက်ရှိလာမည်ကို ကြိုတင်သိရှိနေခြင်းမှာ ထူးခြားသောကိစ္စ ဖြစ်နေသည်ဟု မုယုံကျင်း နားလည်ထားလေတော့သည်။

♣ ♣ ♣



ဒေါင်းတောင်ကျေးရွာ...

ဒေါင်းတောင်ကျေးရွာသည် ကျေးရွာတစ်ခုဟု ပြောရန်ခက်သော ရွာကလေး ဖြစ်သည်။

အိမ်ခြေဆယ့်လေးငါးလုံးမျှသာ ရှိနေခြင်းကြောင့် ဖြစ်သည်။

ကျောက်ရိတောင်သည် ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့အား ဒေါင်းတောင်ကျေးရွာထဲသို့ လမ်းပြခေါ်ဆောင်သွားသည်။

စိမ်းလန်းနေသော ခြံဝင်းကြီးတစ်ခုရှေ့သို့ ရောက်လျှင် ခြေလှမ်းရပ်လိုက်သည်။

“ဒါဟာ ဆရာကြီးမုံစန်းရဲ့ ခြံဝင်းပါပဲ”

ဆရာကြီးမုံစန်းသည် ဓားကျိုးကိစ္စကြောင့် အလွန်စိတ်ဓာတ်ကျဆင်းသွားပြီး ဒေါင်းတောင်ကျေးရွာ၌ လာရောက်ဓာတ်မြှုပ်နေထိုင်ခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

"ကျုပ်နဲ့ လိုက်ခဲ့ပါ"

ကျောက်ရိတောင် ဦးဆောင်ကာ ခြံဝင်းထဲ ဝင်သွား၏။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့လည်း လိုက်ပါသွားကြလေသည်။

ခြံဝင်းအတွင်း၌ သီးပင်စားပင်များ စိုက်ပျိုးထားပြီး သေးငယ်သော်လည်း လှပသပ်ရပ်သည့် အိမ်ကလေးတစ်လုံး ရှိနေသည်ကို တွေ့ရ၏။

အိမ်ရှေ့သို့ ရောက်သွားလျှင် ကျောက်ရိတောင်က...

"ဆရာ ဧည့်သည်တွေ ရောက်လာပါပြီ ခင်ဗျာ"

ဟုပြောလိုက်လေသည်။

သူ၏စကားသံနှင့် မရှေးမနှောင်းတွင် ဆံပင်များ ဖြူဖွေးနေသော အဘိုးအိုတစ်ယောက် အိမ်ထဲမှ လှမ်းထွက်လာသည်ကို တွေ့လိုက်ရလေသည်။

ထိုအဘိုးအိုကား လျှမ်းလျှမ်းတောက် ကျော်ကြားခဲ့သော ပန်းပဲဆရာကြီးသံတူ(ဝါ)မုံစန်း ဖြစ်လေသည်။

မုံစန်းသည် ယွဲ့ဖိန်းတို့အား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

"မောင်ရင်တို့က..."

ယွဲ့ဖိန်း ဦးညွတ်လိုက်သည်။

"ကျွန်တော်က နန်းကုန်းယွဲ့ဖန်းပါ ခင်ဗျာ"

"ဩော်"

မုံစန်း ဝမ်းသာသွားလေတော့သည်။

"နောက်ဆုံးတော့လည်း ကျေးဇူးရှင် မိတ်ဆွေကြီးနန်းကုန်း



ရဲ့မြေးက ကျုပ်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ပြီးကိုး၊ ကဲ...ကဲ... အိမ်ထဲဝင်ကြပါဦးကွယ်"

အိမ်ထဲဝင်ရန် ဖိတ်ခေါ်လိုက်လေသည်။

"ဟုတ်ကဲ့"

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ လိုက်ပါသွားကြလေသည်။

အိမ်ထဲ၌ လူသူကင်းရှင်းနေပါသည်။

မိန်းမသားတို့၏ အသုံးအဆောင်ပစ္စည်းအချို့ တွေ့ရသော်လည်း မည်သည့်အမျိုးသမီးမျှ မတွေ့ရပါ။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်ငြိမ်သက်နေသကဲ့သို့ အိမ်ထဲ၌လည်း တိတ်ဆိတ်ငြိမ်သက်နေပါတော့သည်။

"ထိုင်ပါကွယ်"

မုံစန်းက မုယုံကျင်းတို့အား နေရာထိုင်ခင်းပေးပြီးလျှင် ကျောက်ရိတောင်အား စားသောက်ဖွယ်ရာများ စီစဉ်ခိုင်းလိုက်လေသည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ စိတ်လှုပ်ရှားနေကြသည်။

မုံစန်းထံ၌ ဓားကျိုး ရှိနေပါဦးမည်လော။

သူတို့ထက်အလျင် ဒေါင်းတောင်ရွာသို့ ထွက်သွားသော ရှူကျူးရိ မည်သည့်နေရာ ရောက်ရှိနေပါသနည်း။

အရာရာသည် ထူးခြားကာ စိတ်ဝင်စားစရာ ကောင်းနေပါတော့သည်။

ကျောက်ရိတောင်က စားသောက်ဖွယ်ရာများ ယူလာပေး၏။

"ကဲ... မောင်ရင်လေးတို့ ခရီးပမ်းလာကြမှာပဲ၊ အေးအေးဆေးဆေး အနားယူ စားသောက်လိုက်ကြပါဦး"

မုယုံကျင်းတို့အား ဧည့်ခံကျွေးမွေးလိုက်လေသည်။

"ကျေးဇူးပါပဲခင်ဗျာ"

မုယုံကျင်းတို့လည်း မုံစန်း ကျေနပ်အောင် စားသောက်လိုက်ကြလေသည်။

စားသောက်ပြီးစီးသွားတော့မှ မုံစန်းက...

"မောင်ရင်လေးတို့နှစ်ယောက် တစ်နေ့ ကျုပ်ဆီကို ရောက်ကောင်းရောက်လာနိုင်တယ်လို့ ခုံကျူးရသေ့ ပြောခဲ့ဖူးတယ်၊ ဒါကြောင့် ကျုပ်က မောင်ရင်လေးတို့ ရောက်လာမယ့်အချိန်ကို စောင့်မျှော်နေခဲ့တာပါပဲ"

ယွဲ့ဖိန်းက...

"ဟုတ်ပါတယ်ခင်ဗျာ၊ ဆရာဟာ သူ့ရဲ့ခြေရာကို ဆက်ဆံမယ်ဆိုယင် ဓားကျိုးကိုပါရမှ ပြည့်စုံနိုင်လိမ့်မယ်လို့ ပြောပါတယ်"

"အေး...မင်းတို့ဆရာဟာ ဓားကျိုးအကြောင်း သိထားတာ၊ ကျုပ်သွားပြောပြခဲ့တာကြောင့်ပဲ သူက ဓားကျိုးကို စစ်ဆေးကြည့်ပြီး သိုင်းလောကမှာ ပြိုင်ဘက်ကင်းတဲ့ ဓားတစ်လက်ပဲလို့ ချီးကျူးခဲ့တာ"

မုယုံကျင်းတို့ အံ့သြသွားကြလေသည်။

မုံစန်းသည် စစ်လိန်တောင်သို့ ရောက်လာခဲ့သည်ကို သူတို့ မသိခဲ့ကြခြင်းကြောင့် ဖြစ်လေသည်။

မုံစန်းက...



"ဓားကျိုး ဘယ်လို ဖြစ်ပေါ်လာခဲ့တယ်၊ ဘယ်လိုဝမ်းနည်းကြေကွဲစရာကိစ္စတွေ ပေါ်ပေါက်ခဲ့တယ်ဆိုတာ မင်းတို့လည်း သိထားပြီးလောက်ပြီ ထင်ပါတယ်ကွယ်"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ သိသင့်သလောက် သိထားပြီးပါပြီ"

မုံစန်းက...

"သိုင်းဆရာလင်းချီက အင်မတန်ရှားပါးတဲ့ သံကောင်းသုံးမျိုး ရခဲ့တယ်၊ ကျုပ်က အကောင်းဆုံး ဓားတစ်လက်ဖြစ်အောင် ထုလုပ်ပေးခဲ့တယ်၊ ဒါပေမယ့် ဆရာလင်းချီရဲ့လက်ထဲ အပ်လိုက်ပြီး လက်တွေ့စမ်းသပ်ကြည့်ရုံရှိသေးတယ်၊ ဓားက ထက်ပိုင်းကျိုးသွားတော့တာပဲ"

သူလက်စွမ်းပြ ထုလုပ်ထားသောဓားမှာ အသုံးမပြုရသေး၊ စမ်းသပ်ကြည့်ရုံ ရှိသေးသည်။

ထက်ပိုင်းကျိုးသွားခြင်းကြောင့် အလွန်စိတ်ထိခိုက်ခဲ့ကြောင်း ထင်ရှားလေသည်။

"ဆရာလင်းချီ အတော်စိတ်ဆိုးသွားတာ၊ နောက်ပိုင်းကျတော့ ဓားကျိုးကို လိုချင်တဲ့လူတစ်ယောက် ပေါ်ပေါက်လာတယ်၊ ဆရာလင်းချီရဲ့မြေးနဲ့ ပတ်သက်ခဲ့တယ်၊ နောက်ဆုံး ဆရာလင်းချီကိုယ်တိုင် သူတို့ကို ဆုံးမပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားတာပဲ"

ယွဲ့ဖိန်းက...

"ဆရာလင်းချီက ဦးဆီမှာ ဓားကျိုး အပ်နှံသွားခဲ့တယ်ဆို

တာ ကျွန်တော်တို့ သိထားပြီးပါပြီခင်ဗျာ"

မုံစန်း ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်ကွယ်၊ ဆရာလင်းချိုက ဓားကျိုးကို ကျုပ်ဆီမှာ အပ်နှံသွားခဲ့ပါတယ်၊ သူတို့ မရှိကြတော့တဲ့ နောက်ပိုင်းမှာ ကျုပ်က စစ်လိန်တောင်ကို သွားပြီး မင်းတို့ ဆရာနဲ့တွေ့ခဲ့တာ"

မုယုံကျင်း ဦးညွှတ်လိုက်သည်။

"ဓားကျိုးနဲ့ ပတ်သက်ပြီး ကျွန်တော် မရှင်းတာလေးတစ်ခု ရှိလို့ မေးချင်ပါတယ်ခင်ဗျာ၊ မေးခွင့်ပြုပါ"

မုံစန်း ခွင့်ပြုလေသည်။

"မောင်ရင်လေး ဘာများ မေးချင်လို့လဲ မေးပါကွယ်"

မုယုံကျင်းက... .

"ဓားကျိုးဟာ အသုံးမဝင်တော့ဘူးဆိုပြီးမှ ပြိုင်ဘက်ကင်း ထိပ်တန်းဓားတစ်လက်မှန်း ဘယ်လိုလုပ်ပြီး သိလာခဲ့ရတာလဲဗျာ"

မုံစန်း ပြုံးလိုက်သည်။

"ဒါဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းပါပဲ"

မုယုံကျင်းအား ချီးကျူးပြီး ဓားကျိုးထက်မြက်လာပုံကို ပြောပြလိုက်လေသည်။

"ဓားကျိုးကို ကျုပ်က အမှတ်တရအဖြစ် အရောင်းဆိုင်မှာ ချိတ်ဆွဲထားတော့ ဆရာလင်းချိုက သဘောမကျဘဲ ပြန်ယူသွားတယ်၊ နောက်ပိုင်း သူပြောပြတာက ဓားကျိုးကို သူက အသုံးပြုကြည့်တဲ့အခါ သူ့ရဲ့သိုင်းပညာပိုပြီး ထက်မြက်လာတယ်၊ ဓားကျိုးကို ဖျက်ဆီးပစ်လို့လဲ မရတော့ဘူးလို့ ပြောတယ်"



ဆရာလင်းချိုသည် ဓားကျိုးကို စိတ်နာနေပြီး ပန်းပဲပစ္စည်း အရောင်းဆိုင်မှ ပြန်ယူလာပြီးနောက် ဖျက်ဆီးပစ်ဖို့ ကြိုးစားခဲ့သည်။

နည်းလမ်းအမျိုးမျိုး အသုံးပြုကာ ဖျက်ဆီးသော်လည်း နောက်ထပ် ကျိုးပဲ့ပျက်စီးခြင်းမျိုး မရှိတော့ဘဲ ဓားကျိုးနှင့် ထိတွေ့မိသည့် အရာဝတ္ထုတိုင်းသာ အပိုင်းပိုင်း ဖြတ်တောက်သွားသည်ကို တွေ့ရသည်။

ဆရာလင်းချို စိတ်ဝင်စားကာ ဓားကျိုးကို အသုံးပြုပြီး သိုင်းထုတ်ဖော်ကြည့်ရာ ပိုပြီး အစွမ်းထက်နေကြောင်း တွေ့ရသည်။

ဤတွင် သူ၏ဓားသည် ထက်ပိုင်းကျိုးသွားပြီးမှ ထက်မြက်လာကြောင်း သိသွားပြီး လျှို့ဝှက်စွာ သိမ်းဆည်းထားခဲ့ခြင်း ဖြစ်သည်။

ဓားကျိုးနှင့် ပတ်သက်၍ ဝမ်းသာအားရဖြင့် မြေးဖြစ်သူ လင်းလျံကို ပြောပြမိခဲ့သည်။

စိတ်မမှန်သော လင်းလျံထံမှတစ်ဆင့် ပေါက်ကြားသွား ပြီး ဂူကျူးရိထံ သတင်းရောက်သွားရာ ဂူကျူးရိက ဖူးယို့အား စေလွှတ်လိုက်ခြင်း ဖြစ်ပေတော့သည်။

မုံစန်းက ဓားကျိုးအစွမ်း ရှိလာပုံကို ဆက်လက်ရှင်းပြနေပါသည်။

"ဆရာလင်းချို သေဆုံးသွားပြီးတဲ့နောက် ကျုပ်က စစ်လိန်တောင်ကို သွားပြီး မင်းတို့ဆရာနဲ့ တွေ့ခဲ့တယ်၊ မင်းတို့ဆရာက ဓားကျိုးကို စစ်ဆေးပြီး ဘာကြောင့် ဓားကောင်းတစ်လက် ဖြစ်သွားရတယ်ဆိုတာ သုံးသပ်ပြခဲ့တယ်လေ"

"ဟုတ်ကဲ့"

"ကျုပ်က ဆရာလင်းချီ ယူလာတဲ့ သံရိုင်းသုံးမျိုးဟာ အင်မတန်ရှားပါးမှန်းသိတော့ အလေအလွင့် မဖြစ်ရလေအောင် ဂရုစိုက်ပြီး သံရိုင်းသုံးမျိုးစလုံး အကုန်အသုံးချ ရောစပ်ပြီး ဓားထုလုပ်ခဲ့တာ"

"ဟုတ်ကဲ့"

"ကျုပ်စေတနာ ပိုသွားမိတာကွဲ့၊ သံရိုင်းသုံးမျိုးကို အကုန်သုံးစရာ မလိုဘူး၊ တစ်မျိုးကို ဘယ်လောက် အလေးချိန်ဆိုပြီး လိုအပ်တဲ့ အလေးချိန်ကို တွက်ဆပြီး အချိုးကျ ပေါင်းစပ်ပေးရမှာ၊ ခုတော့ မလိုအပ်ဘဲ အပိုတွေ ဖြစ်သွားတယ်၊ ဓားထက်ပိုင်းကျိုးသွားပြီးတဲ့နောက် အလေးချိန် အရွယ်အစားနဲ့ ဓားအရင်းပိုင်းက သံရိုင်းသုံးမျိုး ပေါင်းစပ်မှုဟာ အပိုမပါ လိုအပ်တဲ့အတိုင်း ပြည့်ဝသွားလို့ အံ့သြစရာကောင်းအောင် ထိပ်တန်းဓားတစ်လက် ဖြစ်လာတော့တာပဲ၊ ဒါကျုပ်သိတာ မဟုတ်ဘူး၊ မင်းတို့ဆရာက သုံးသပ်ပြခဲ့တာ"

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ အချင်းချင်း ကြည့်လိုက်မိကြ၏။

သူတို့၏ဆရာမှာ သိုင်းပညာပြိုင်ဘက်ကင်းသည့်အပြင် ဓားလှံလက်နက်များအပေါ် သုံးသပ်ရာ၌လည်း ပြိုင်ဘက်ကင်းသည် မဟုတ်ပါလား။

ခုံကျူးရသေ့ထံ၌ တပည့်ခံကာ ပညာသင်ကြားခဲ့ရသည်မှာ ဂုဏ်ယူစရာ ကောင်းနေပါတော့သည်။

မုံစန်းက...

"မင်းတို့ဆရာသာ သည်လိုသုံးသပ်မပြခဲ့ဘူးဆိုယင် ငါတော့ ဓားကျိုးကို သိမ်းမထားဘဲ မကောင်းဆိုးဝါး ဓားတစ်လက်ဆို



ပြီး လွှင့်ပစ်မိမှာ သေချာတယ်"

မုယုံကျင်း အံ့သြသွား၏။

"ဘာဖြစ်လို့လဲ ဆရာကြီး၊ ဆရာလင်းချီတို့ ကိစ္စကြောင့်လားဗျာ"

မုံစန်း ခေါင်းညိတ်လိုက်သည်။

"အမှန်ပဲကွဲ့၊ ဆရာလင်းချီက ဓားကျိုးကို ပြန်ယူသွားပေမယ့် စိတ်နာပြီး ဖြစ်သလို ပစ်ထားခဲ့တာ၊ သူ့မြေးလင်းလျံက ဘုမသိဘမသိယူပြီး သားငါးတွေ လှီးတယ်လေ"

ထိပ်တန်းဓားတစ်လက်၏ ရာဇဝင်ကား အလွန်ထူးခြားနေပါတော့သည်။

"လင်းချီဟာ လင်းလျံက ဓားကျိုးကိုင်ပြီး သားငါးခုတ်တာကို တစ်နေ့ သတိပြုမိသွားတယ်၊ လင်းလျံ ကိုင်ထားပုံက သိုင်းဟန်နဲ့ဆိုယင် ကြည့်လို့ ကောင်းနေပြီ၊ ဒါနဲ့ ဓားကျိုးကိုယူပြီး စစ်ဆေးကြည့်တယ်၊ အသုံးပြုကြည့်တယ်၊ သည်တော့မှ ဓားကျိုးသွားပြီးမှ တကယ့်ဓားကောင်းတစ်လက် ဖြစ်သွားတာကို သိသွားတာ၊ ဒါပေမယ့် လင်းချီကတော့ ဓားကျိုးဟာ သွေးစွန်းသွားပြီးတဲ့နောက် မကောင်းဆိုးဝါးဝိဉာဉ်တွေ တွယ်ကပ်ပြီး ထက်မြက်လာတာလို့ ယူဆထားတယ်လေ"

မည်သို့ဆိုစေ ဓားကျိုးသည် ထက်ပိုင်းကျိုးသွားပြီးမှ အလေးချိန်နှင့် ပုံသဏ္ဍာန်အရွယ်အစား မှန်ကန်သွားကာ ဓားကောင်းတစ်လက်အဖြစ် ပြောင်းလဲသွားကြောင်း မုယုံကျင်း သဘောပေါက်လိုက်လေတော့သည်။

ယွဲ့ဖိန်းက...

"ဦးဆီမှာ ဓားကျိုး ရှိနေသေးတယ် မဟုတ်လားဗျာ" ဟုမေးလိုက်သည်။

ဂူကျူးရိက လုယူသွားပြီလောဟု သံသယ ရှိထားခြင်းကြောင့် ဖြစ်သည်။

မုံစန်း ခေါင်းညိတ်လိုက်သည်။

"ရှိပါတယ်ကွယ်၊ ကျုပ်သေသေချာချာ သိမ်းထားပါတယ်"

ဓားကျိုးရှိနေသေးသဖြင့် မုယုံကျင်းတို့ ဝမ်းသာသွားကြလေသည်။

မုံစန်းက...

"ဒေါင်းတောင်ရွာကို ကျုပ်ပြောင်းလာပြီးတဲ့နောက်ပိုင်း ကျုပ်အိမ်ကို တိတ်တဆိတ် ဖောက်ထွင်းကြတာ သုံးလေးကြိမ်လောက် ရှိပြီ၊ ဓားကျိုးလိုချင်တဲ့ မသမာသူတွေပဲ ဖြစ်မယ်၊ ဒါပေမယ့် ကျုပ် သေသေချာချာ သိမ်းဆည်းထားတာကြောင့် ဘယ်တော့မှ ရသွားနိုင်ကြမှာ မဟုတ်ပါဘူး"

ယွဲ့ဖိန်းက...

"ကျွန်တော်တို့ဆရာကတော့ ခုလို သိမ်းဆည်းထားမယ့်အစား အများအကျိုး ဆောင်ရွက်တဲ့နေရာမှာ အထောက်အပံ့ ဖြစ်စေချင်တဲ့ဆန္ဒ ရှိပါတယ် ခင်ဗျာ"

သူတို့အား ဓားကျိုးပေးလိုက်ဖို့ သွယ်ဝိုက်ကာ ပြောလိုက်ခြင်း ဖြစ်သည်။

မုံစန်း ပြုံးလိုက်လေသည်။



"ခုံကျူးရသေ့က ဓားကျိုးနဲ့ ထိုက်တန်တဲ့ လူတစ်ယောက် ကျုပ်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလိမ့်မယ်လို့ ပြောထားပါတယ်၊ ကျုပ်အတွက်လည်း သိမ်းဆည်းထားရတာ အန္တရာယ်ရှိပါတယ်၊ ဒါကြောင့် ထိုက်တန်တဲ့လူကို ပေးလိုက်ဖို့ ဆုံးဖြတ်ပြီးပါပြီကွယ်"

ယွဲ့ဖိန်း လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

"ကျွန်တော်တို့"

"စိတ်မပူပါနဲ့ကွယ်၊ မောင်ရင်လေးတို့ကို ပေးလိုက်မှာပါ"

ယွဲ့ဖိန်း ဝမ်းသာသွားလေသည်။

မုံစန်းက မလှမ်းမကမ်း၌ ရှိနေသော ကျောက်ရိတောင်ကို လှမ်းပြောလိုက်လေသည်။

"ကျောက်ရိတောင် ငါ့ခေါင်းအုံးအောက်က ယွန်းသေတ္တာလေးကို သွားယူလိုက်ပါ"

"ဟုတ်ကဲ့ ဆရာ"

ကျောက်ရိတောင် ထွက်သွားလျှင် မုံစန်းက မုယုံကျင်းတို့အား ပြုံးပြလိုက်လေသည်။

"ကျုပ်က ဓားကျိုးကို ခေါင်းအုံးအောက်မှာတောင် ထားပြီး အိပ်တာ၊ ဒါမှ စိတ်ချရတယ်လို့ ထင်မိတယ်လေ"

ယွဲ့ဖိန်းက မေးလိုက်သည်။

"ဓားကျိုးကို သူများ ယူသွားယင်ကော"

"ယူလို့ မရပါဘူးကွယ်"

"ဦးက"

"ကျုပ်က ယွန်းသေတ္တာနဲ့ သေသေချာချာ ထည့်ပြီး သိမ်းထားတာ"

ယွဲ့ဖိန်းက...

"ဟုတ်ပါတယ်၊ တကယ်လို့ တစ်ယောက်ယောက်က ယွန်းသေတ္တာကိုပါ ခိုးယူသွားမယ်ဆိုယင်ကော"

မုံစန်း ရယ်မောလိုက်လေသည်။

"ဒါဆို သူက ယွန်းသေတ္တာကိုပါ အသုံးပြုရတဲ့ သိုင်းပညာမျိုးရှိမှ ဖြစ်လိမ့်မယ်"

ယွဲ့ဖိန်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

"ဦး...ဆိုလိုတာက"

မုံစန်း ရှင်းပြသည်။

"ဓားကျိုးထည့်ထားတဲ့ ယွန်းသေတ္တာကို ကျုပ်က သေသေချာချာ စီမံထားတာပါ။ ကျုပ်ရဲ့ ပန်းပဲလက်ရာစွမ်း ပြထားတာပေါ့၊ ယွန်းသေတ္တာကို ဖွင့်တဲ့'သော့'က ကျုပ်ဆီမှာ ရှိတယ်လေ၊ သော့မရှိဘဲ ဘယ်လိုမှ ဖွင့်လို့မရအောင် စီမံထားတာပေါ့"

ဓားကျိုးထည့်ထားသော ယွန်းသေတ္တာကို ယူသွားမည်ဆိုလျှင် ယွန်းသေတ္တာကို ဖွင့်ဖို့ 'သော့'ပါရမှ ဖြစ်ပေမည်။

သို့မဟုတ်လျှင် ယွန်းသေတ္တာကို ဖွင့်၍ ရမည် မဟုတ်ပါ။

ဓားကျိုးကို ထုတ်ယူ၍ ရမည်မဟုတ်ပါ။

ထို့ကြောင့် ယွန်းသေတ္တာကိုပါ အသုံးချနိုင်မှ ဖြစ်မည်ဟု မုံစန်းက ရယ်စရာ ပြောခဲ့ခြင်း ဖြစ်လေသည်။

ယွဲ့ဖိန်း စောဒက တက်လိုက်သည်။



"တစ်ယောက်ယောက်က ဦးကို တိုက်ခိုက်ပြီး 'သော့'ကို လုယူသွားမယ်ဆိုယင်ကော ဘယ်လိုလုပ်မလဲ"

မုံစန်း ခေါင်းခါယမ်းလိုက်ပြန်သည်။

"သည်လိုလုပ်လို့ မရပါဘူး၊ ကျုပ်သော့ကို ဘယ်မှာ သိမ်းထားတယ်ဆိုတာ ဘယ်သူမှ သိနိုင်ကြတာမှ မဟုတ်ဘဲလေ"

"ဦးရဲ့ ခန္ဓာကိုယ်မှာ သိမ်းထားတာ မဟုတ်ဘူးလား၊ တချို့က အရေးကြီးတဲ့ ပစ္စည်းဆိုယင် ကိုယ်နဲ့မကွာ ဆောင်ထားတတ်ကြတယ် မဟုတ်လားဗျာ"

"ဟား...ဟား...ဟား ကျုပ်ကတော့ သည်လို မဟုတ်ပါဘူးကွာ၊ ခန္ဓာကိုယ်ပေါ်မှာ ထားယင်လည်း စိတ်မချရဘူးဆိုတာ သိတာပေါ့၊ ဓားကျိုးကို လိုချင်တဲ့လူတွေဟာ သိုင်းသမားတွေပဲလေ၊ ကျုပ်က သိုင်းပညာ မတတ်ဘူးဆိုတော့ ကြက်ကလေး ငှက်ကလေး ဖမ်းသလို ကျုပ်ကို ဖမ်းဆီးပြီး ကျုပ်ကိုယ်ပေါ်က 'သော့'ကို အလွယ်တကူ ယူသွားမှာပေါ့"

ယွဲ့ဖိန်း ပြုံးလိုက်သည်။

"ဦး တော်တော် ဉာဏ်ကောင်းတာပဲ"

မုယုံကျင်းလည်း သဘောကျသွားလေသည်။

မုံစန်းမှာ အတွေ့အကြုံရှိပြီး အလွန်ပါးနပ်သူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။

ထိုစဉ် ခြေသံများ ထွက်ပေါ်လာပြီး ကျောက်ရိုတောင် ပြန်ရောက်လာလေသည်။

သူ၏လက်ထဲ၌ ဗျက်တစ်မိုက်ခန့် အရှည်တစ်ပေခွဲခန့် ရှိ

သော ရှည်မျောမျော ယွန်းသေတ္တာဘူးကလေး ပါလာသည်ကို တွေ့ရလေသည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့ ဝမ်းသာနေကြ၏။

ကျော်ကြားလှသော ဓားကျိုးကို မျက်ဝါးထင်ထင် တွေ့မြင်ရတော့မည် ဖြစ်ပေသည်။

"ဆရာ ယွန်းသေတ္တာလေးကို ယူလာပါပြီ"

ကျောက်ရိုတောင်က လက်နှစ်ဘက်ဖြင့် ရိုရိုသေသေ ကမ်းပေးလိုက်လေသည်။

မုံစန်းက ယွန်းသေတ္တာလေးကို ယူလိုက်သည်။

"သည်ထဲမှာ ဓားကျိုး ရှိတယ်လေ"

ယွဲ့ဖိန်းက...

"သေတ္တာကိုဖွင့်ဖို့ သော့က..."

မုံစန်း ရယ်မောလိုက်သည်။

"ကျုပ်က သော့ကို တစ်နေရာထဲ သိမ်းမထားဘဲ နေရာအမျိုးမျိုးပြောင်းပြီး ဝှက်ခဲ့တာ၊ ခေါင်မိုးထုတ်တန်းပေါ်မှာ၊ ကြမ်းပြင်အောက်မှာ၊ မီးဖိုချောင်ထဲမှာ၊ အိမ်ရှေ့ပန်းအိုးထဲမှာ နေရာအမျိုးမျိုးပေါ့"

"အခုကော ဘယ်မှာ ဝှက်ထားတာလဲဗျာ"

ယွဲ့ဖိန်း အလောတကြီး မေးလိုက်မိသည်။

မုံစန်းက...

"ခုတော့ ကျုပ်ကိုယ်ပေါ်မှာ ဝှက်ထားတာ၊ မင်းတို့ရောက်လာမယ်ဆိုတာ သိလို့ ဝှက်ထားတဲ့နေရာကယူပြီး ကိုယ်ပေါ်မှာပဲ



ထားလိုက်တော့တာ"

စကားဆုံးလျှင် အင်္ကျီရင်ဘတ်ကြားသို့ လက်နှိုက်လိုက်သည်။

လက်ပြန်ထုတ်လိုက်သောအခါ ကြေးသော့လေးတစ်ချောင်း ပါလာသည်ကို တွေ့ရလေသည်။

ထိုကြေးသော့လေးသည် ယွန်းသေတ္တာဖွင့်သည့်'သော့'ပင် ဖြစ်လေသည်။

ယွန်းသေတ္တာကော သော့ပါ ရှိနေပြီ ဖြစ်သည်။

မုံစန်းက သော့တံကို သော့ပေါက်ထဲ ထိုးထည့်ပြီး တစ်ချက်လှည့်လိုက်လျှင် ကလစ်ဟူသော မည်သံနှင့်အတူ ယွန်းသေတ္တာလေး ပွင့်သွားတော့သည်။

♣ ♣ ♣

## လုပ်ကြံခြင်း

ယွန်းသေတ္တာလေး ပွင့်သွားပြီ ဖြစ်ပါသည်။

ယွဲ့ဖိန်းနှင့် မုယုံကျင်းတို့က ယွန်းသေတ္တာလေးထဲသို့ စိတ်ဝင်စားစွာ ကြည့်လိုက်ကြလေသည်။

ယွန်းသေတ္တာလေးထဲ၌ ဓားတစ်ချောင်း ရှိနေပါသည်။

တစ်ပေခွဲခန့် အရှည်ရှိသော ဓားတစ်လက် ဖြစ်သည်။

ဓားလက်ကိုင်နှင့် ဓားအရင်းပိုင်းသည် လက်ရာမြောက်စွာ ထုလုပ်ထားကြောင်း ဖော်ပြနေသော်လည်း ဓားဖျားပိုင်းကား မညီမညာ ကျိုးပြတ်နေသည်။

"ဓားကျိုး"



ယွဲ့ဖိန်း လွှတ်ခနဲ ရေရွတ်သည်။

မုံစန်းက...

"ဟုတ်တယ်၊ သိုင်းလောကသားတိုင်း လိုချင်မက်မောနေကြတဲ့ ဓားကျိုးပေါ့"

ပြောယင်း ယွန်းသေတ္တာထဲမှ ဓားကျိုးကို ထုတ်ယူလိုက်လေသည်။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့ အချင်းချင်း ကြည့်လိုက်ကြ၏။

မုံစန်းသည် သူတို့နှစ်ယောက်အနက်မှ မည်သူ့ကို ပေးလိမ့်မည်နည်း။

ခုံကျူးရသေ့နှင့် တွေ့ဆုံထားပြီးဖြစ်ရာ မည်သူ့ကိုပေးအပ်သင့်သည်ဟု ခုံကျူးရသေ့ မှတ်ချက်ပြုကောင်း ပြုထားနိုင်ပေသည်။

ခုံကျူးရသေ့ကသာ မှတ်ချက်ပြုထားသည် ဆိုပါလျှင် ထိုသို့မှတ်ချက်ပြုခြင်း ခံရသူအား ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်လာလိမ့်မည်ဟု သတ်မှတ်ထားသည့်သဘော ဖြစ်ချေမည်။

ယွဲ့ဖိန်းက ပြိုင်ဘက်ကင်းသိုင်းသမားဖြစ်ဖို့ ကြိုးစားတော့မည် မဟုတ်ဟု ဆိုထားသည်။

သို့တိုင် ဓားကျိုးကို တွေ့မြင်ရသောအခါ သဘောထားပြောင်းလဲသွားနိုင်သေးသည် မဟုတ်ပါလား။

မုယုံကျင်းနှင့် ယွဲ့ဖိန်းတို့ ဓားကျိုးကို မျက်တောင်မခတ်ကြည့်နေမိကြသည်။

ထိုစဉ် လက်တစ်ဘက်က မုံစန်း၏လက်ထဲမှ ဓားကျိုးကို

ဖျပ်ခနဲ ဆွဲယူသွားလေသည်။

ကျောက်ရိုတောင်၏လက် ဖြစ်သည်။

ကျောက်ရိုတောင်သည် လက်တစ်ဘက်က ဓားကျိုးကို လှယူလိုက်ပြီး ကျန်လက်တစ်ဘက်က ဓားတစ်လက်ဖြင့် မုံစန်း၏ရင်ဝကို ထိုးသွင်းလိုက်လေသည်။

"အင့်"

မုံစန်း ဒယီးဒယိုင် ဖြစ်သွား၏။

ကျောက်ရိုတောင်သည် မုံစန်းအား မုယုံကျင်းတို့ဘက်သို့ တွန်းထုတ်လိုက်သည်။

တဆက်တည်းပင် ကြမ်းပြင်ပေါ် ခြေဆောင့်ကာ ပြတင်းပေါက်မှတဆင့် အပြင်ဘက် ခုန်ထွက်သွားတော့သည်။

"ဟင်"

"ဟာ"

မမျှော်လင့်သော လုပ်ကြံမှု ဖြစ်ပေါ်လာခြင်းကြောင့် ယဲ့ဖိန်းနှင့် မုယုံကျင်းတို့ ကြောင်အမ်းအမ်း ဖြစ်သွားကြသော်လည်း ချက်ခြင်း သတိဝင်လာသည်။

"မပြေးနဲ့"

အော်ငေါက်ကာ ကျောက်ရိုတောင်နောက်သို့ ပြေးလိုက်သွားကြလေတော့သည်။

♣ ♣ ♣



"ဟူး...ဟူး"

အဝတ်အစား လေတိုးသံများ တဟူးဟူးမြည်ကာ ထွက်ပေါ်နေသည်။

ကျောက်ရိုတောင်သည် မုံစန်းအား လုပ်ကြံကာ ဓားကျိုးကို လုယူထွက်ပြေးသွားလေသည်။

မုယုံကျင်းနှင့် ယဲ့ဖိန်းတို့က တဟုန်ထိုး လိုက်သွားကြသည်။

ကျောက်ရိုတောင်က ရွာအနောက်ဘက် တောအုပ်ထဲ ဝင်ပြေးသွားခြင်း ဖြစ်သည်။

တောအုပ်ထဲ၌ သစ်ပင်ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်လျက် ရှိပါသည်။

မုယုံကျင်းတို့ လိုက်သွားကြရာ သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေခြင်းကြောင့် အခက်ကြုံသွားကြလေသည်။

ကျောက်ရိုတောင်မှာမူ ဒေါင်းတောင်ကျေးရွာ ပတ်ဝန်းကျင်အကြောင်း ကောင်းစွာ သိထားမည်ဖြစ်သည်။

ချုံပုတ်များကြား တိုးဝှေ့ကာ တဟုန်ထိုး ပြေးသွားနေ၏။

မုယုံကျင်းနှင့် ယဲ့ဖိန်းတို့ အချင်းချင်း ကြည့်လိုက်ကြသည်။

"သည်အတိုင်းဆို သူလွတ်သွားတော့မယ်ကွ"

"အေး...တို့ကတော့ မကျွမ်းတော့ သူ့ကို မီအောင် ဖမ်းဖို့ မလွယ်တော့ဘူး၊ ငါတို့အတွက် နည်းလမ်းတစ်ခုပဲ ရှိတော့တယ်"

ယဲ့ဖိန်း၏စကားကြောင့် မုယုံကျင်း စိတ်ဝင်စားသွား၏။

"ဘယ်လိုနည်းလမ်းများလည်း ပြောစမ်းပါဦး"

ယဲ့ဖိန်းက...

"တို့နှစ်ယောက် သည်အတိုင်း လိုက်နေလဲ ဖမ်းမိဖို့ မလွယ်တော့၊ မင်းနဲ့ ငါ လူချင်းခွဲပြီး ဝဲယာတစ်ဘက်တစ်ချက်က ကွေ့ပတ်ပြီး လိုက်ကြမယ်၊ ကံကောင်းယင် သူ့ကို ဖမ်းမိမှာပဲ"

မုယုံကျင်း သဘောတူလိုက်သည်။

"ကောင်းပြီ"

ထို့နောက် လူချင်းခွဲကာ ဝဲယာတစ်ဘက်တစ်ချက်မှ ကွေ့ပတ်ကာ လိုက်သွားကြလေတော့သည်။

♣ ♣ ♣



မုယုံကျင်းသည် ဝဲဘက်မှ ကွေ့ပတ်ကာ ပြေးလွှားလာခဲ့လေသည်။

ယွဲ့ဖိန်းကား ယာဘက်မှ လိုက်သွားပြီ ဖြစ်သည်။

နှစ်ယောက်သား ကျောက်ရိတောင်အား ပိတ်ဆို့တားဆီးနိုင်မည်ဟု ယုံကြည်ထားသည်။

သို့သော် အတန်ကြာ ပြေးလွှားလာမိသော်လည်း ထူးခြားမှု မရှိချေ။

ကျောက်ရိတောင်၏အရိပ်အရောင်ကိုပင် မတွေ့ရပါချေ။

မုယုံကျင်း စိတ်ပူလာသည်။

"ကျောက်ရိတောင် လွတ်သွားယင် မလွယ်ဘူး၊ ဓားကျိုးကို ပြန်ရနိုင်တော့မှာ မဟုတ်ဘူး"

ကျောက်ရိတောင်သည် ဂူကျူးရိ၏လူတစ်ယောက် ဖြစ်နေနိုင်သည်။

သို့မဟုတ် ဂူကျူးရိကိုယ်တိုင် ဖြစ်နေနိုင်သည်။

မုယုံကျင်းက အကြံတစ်ခု ရလာသဖြင့် အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ခုန်တက်လိုက်လေသည်။

သူ၏ခန္ဓာကိုယ်မှာ ပေါ့ပါးစွာဖြင့် သစ်ပင်ပေါ်သို့ ရောက်ရှိသွားလေသည်။

"ဟူး"

မုယုံကျင်းက သစ်ကိုင်းတစ်ကိုင်းပေါ်မှနေ၍ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်လေသည်။

ဝန်းကျင်တစ်ခုလုံး သစ်ပင်ချုံနွယ်များ ဖုံးလွှမ်းကာ လူရိပ်

လူရောင် မတွေ့ရပါချေ။

ကျောက်ရိုတောင်ကား ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

"တောက်"

မုယုံကျင်း မကျေမနပ် တက်ခေါက်လိုက်သည်။

ကျောက်ရိုတောင် ပျောက်ကွယ်သွားပြီ ဖြစ်ရကား ဆက်၍ လိုက်သွားရန် မဖြစ်နိုင်တော့ပါ။

မုယုံကျင်း သစ်ပင်ပေါ်မှ ပြန်ဆင်းလိုက်၏။

ထိုစဉ်…

"ဝှစ်…ဝှစ်"

လေတိုးသံနှင့်အတူ လက်နက်ပုန်းလေးများ ပစ်လွှင့်လာလေသည်။

"ဟင်"

မုယုံကျင်း ရင်ထိတ်သွားသည်။

ခန္ဓာကိုယ် ယိမ်းနွဲ့ပြီး ကပျာကယာ ရှောင်တိမ်းပေးလိုက်သည်။

"တောက်…တောက်"

လက်နက်ပုန်းကလေးများသည် သစ်ပင်တစ်ပင်၌ စိုက်ဝင်သွားလေသည်။

မုယုံကျင်း ဒေါသထွက်သွားသည်။

"ခိုးကြောင်ခိုးဝှက်လုပ်တာ ဘယ်သူတွေလဲ သတ္တိရှိယင် ထွက်ခဲ့စမ်း"



တိတ်ဆိတ်နေသော ဝန်းကျင်၌ သူ၏အသံ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

မရှေးမနှောင်းမှာပင်…

"ဟူး…ဟူး"

သစ်ပင်ချုံနွယ်များကြားမှ လူတစ်စု ခုန်ထွက်လာကြပြီး မုယုံကျင်းအား ဝိုင်းရံထားလိုက်ကြလေသည်။

မုယုံကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျောက်ရိုတောင်က သူ့နောက်ကို လိုက်မလာနိုင်အောင် ဟန့်တားဖို့ ကြိုတင်စီစဉ်ထားတာကိုး"

ရန်သူများမှာ ဆယ့်လေးငါးယောက်ခန့် ရှိပြီး လက်နက်ကိုယ်စီ ကိုင်ဆောင်ထားကြလေသည်။

မုယုံကျင်းအား ဝိုင်းရံထားယင်း…

"သည်ကောင့်ကို ဆုံးမလိုက်ကြဟေ့"

တစ်ယောက်က အော်ပြောလိုက်လျှင် ကျန်လူများက ညာသံပေးကာ ဝိုင်းရံတိုက်ခိုက်လာကြလေတော့သည်။

မုယုံကျင်းလည်း ရှည်ရှည်ဝေးဝေး စဉ်းစားမနေဘဲ ဓားဆွဲထုတ်ကာ ပြန်လည်တိုက်ခိုက်လိုက်လေသည်။

အေးချမ်းသာယာနေသော တောအုပ်ထဲ၌ ပြင်းထန်သော တိုက်ပွဲ ဖြစ်ပေါ်လာလေသည်။

မုယုံကျင်းမှာ လူငယ်လူရွယ်တစ်ဦး ဖြစ်သော်လည်း ခုံကျူးရသေ့ထံမှ သိုင်းပညာ ရရှိထားသည် ဖြစ်ရကား ရန်သူများသည် လူအများဖြင့် ဝိုင်းရံတိုက်ခိုက်လိုက်ကြသော်လည်း မယှဉ်နိုင်ဘဲ

တခဏအတွင်း အရေးနိမ့်သွားကြလေတော့သည်။

"ဝုန်း"

"အား"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများ တခဲနက် ထွက်ပေါ်လာပြီး ရန်သူများ ဖရိုဖရဲ ဖြစ်သွားကြတော့သည်။

ရန်သူတို့သည် ဆက်၍ တိုက်ခိုက်ခြင်း မပြုဝံ့တော့ဘဲ ကမျာကယာ နောက်ဆုတ်သွားကြပြီး သစ်ပင်ချုံနွယ်များကြား တိုး ဝင်ကာ ထွက်ပြေးရောင်တိမ်းသွားကြလေတော့သည်။

♣ ♣ ♣



## တာဝန်

မယုံကျင်းသည် စိတ်ပျက်လက်ပျက်ဖြင့် ဒေါင်းတောင်ကျေး ရွာသို့ ပြန်လာခဲ့လေသည်။

ယုံဖိန်း မည်သည့်နေရာ ရောက်သွားမှန်း မသိနိုင်ပါ။

ကျောက်ရိတောင်လည်း ထွက်ပြေးသွားပြီ ဖြစ်သည်။

မယုံကျင်း ခေါင်းငိုက်စိုက်ချကာ မုံစန်း၏ခြံဝင်းထဲ လှမ်းဝင် လိုက်လျှင် ငိုရှိုက်သံများ ကြားလိုက်ရလေသည်။

မယုံကျင်း စိတ်မကောင်း ဖြစ်သွား၏။

သူတို့ ရောက်လာခြင်းကြောင့် မုံစန်းလည်း ဒုက္ခရောက်ရ သည်ဟု ခံယူမိသည်။

မုံစန်းအား တတ်နိုင်သမျှ ကူညီသွားမည်ဟု ဆုံးဖြတ်လိုက်လေသည်။

အိမ်ရှေ့သို့ ရောက်ရှိသွားသောအခါ မိန်းကလေးတစ်ယောက်သည် မုံစန်းအား ထွေးပွေ့ကာ ငိုကြွေးနေသည်ကို တွေ့မြင်လိုက်ရလေသည်။

မုယုံကျင်း အံ့သြသွား၏။

ထိုမိန်းကလေးမှာ ဒေါင်းတောင်ကျေးရွာသို့ လာခဲ့စဉ် အနက်ရောင်ဝတ်ထားသူများ၏ နှောင့်ယှက်မှု ခံခဲ့ရသော မိန်းကလေးဖြစ်နေသည်။

သူမအား ကူညီခဲ့ရသေးသည် မဟုတ်ပါလား။

ယခု သူမသည် မုံစန်း၏အိမ်သို့ ရောက်ရှိနေပြီး မုံစန်းအား ထွေးပွေ့ကာ ငိုကြွေးနေသည်။

မုံစန်းနှင့် မည်သို့ ပတ်သက်နေပါသနည်း။

မုယုံကျင်း ငေးကြည့်နေစဉ် မိန်းကလေးက တွေ့မြင်သွားပြီး ရုတ်တရက် လှုပ်ရှားလာလေသည်။

သူမသည် မုံစန်းအား ကြမ်းပြင်ပေါ် အသာအယာချပြီး ခုန်လိုက်သည်။

တဖန်...

"လူယုတ်မာ သေပေတော့"

ကြုံးဝါးယင်း မုယုံကျင်းထံ ပြေးဝင်တိုက်ခိုက်လိုက်လေသည်။

"ဟင်"



မုယုံကျင်း ရင်ထိတ်သွားသည်။

"ညီမ လူမှားမယ်"

သတိပေးယင်း ကပျာရောင်တိမ်းလိုက်လေသည်။

မုယုံကျင်း၏အသံကြောင့် မိန်းကလေးလည်း သတိဝင်ကာ ရပ်တန့်လိုက်လေသည်။

"ဟင်... ရှင်...ရှင်"

မုယုံကျင်းအား သေသေချာချာ တွေ့မြင်လိုက်ရခြင်းကြောင့် အံ့သြသွားလေသည်။

မုယုံကျင်းက...

"ညီမ ကျုပ်က မုယုံကျင်းပါ၊ ဆရာကြီးမုံစန်းကို ကျုပ် ဒုက္ခပေးတာ မဟုတ်ပါဘူး"

မိန်းကလေးက...

"ဖေဖေ့ကို ရှင်ဒုက္ခပေးတာ မဟုတ်ယင် ဘယ်သူက ဒုက္ခပေးတာလဲ ပြောစမ်းပါဦး"

"ကျောက်ရိတောင်ပါ ညီမ"

"အို...မဖြစ်နိုင်တာရှင့်"

မိန်းခလေး မယုံနိုင်အောင် ဖြစ်သွားလေသည်။

"အစ်ကိုကြီးကျောက်ရိတောင်က ဖေဖေ့ဆီမှာ ပန်းပဲပညာလာသင်နေတာ သုံးနှစ်လောက် ရှိနေပြီ၊ အင်မတန် ယုံကြည်စိတ်ချရတဲ့လူတစ်ယောက်ပဲ၊ သူက ဖေဖေ့ကို လုပ်ကြံတယ်ဆိုတာ မဖြစ်နိုင်ပါဘူး"

မုယုံကျင်း သက်ပြင်းချမိသည်။

"ကျောက်ရိတောင်ဟာ ဓားကျိုးကို လိုချင်လို့ ဟန်ဆောင်လှည့်စားခဲ့တာပါ၊ သူဟာ..."

ဝူကျူးရှိအကြောင်း ရှင်းပြရန် ဟန်ပြင်ပြီးမှ မိန်းကလေးနားလည်နိုင်မည် မဟုတ်ဟု ယူဆကာ ဆက်မပြောဘဲ နေလိုက်လေသည်။

မိန်းကလေးသည် မုံစန်း၏သမီး ဖြစ်နေပါသည်။

မုယုံကျင်းတို့ တိုက်တိုက်ဆိုင်ဆိုင် ကြုံတွေ့ခဲ့ကြခြင်း ဖြစ်လေသည်။

"သမီးမုံချူး"

မုံစန်း၏ညည်းတွားသံသဲ့သဲ့ ထွက်ပေါ်လာသည်။

"ဖေဖေ"

မုံချူးဆိုသော မိန်းမချောလေးသည် မုယုံကျင်းကိုပင် အမှုမထားနိုင်တော့ဘဲ မုံစန်းထံသို့ ပြေးသွားလေသည်။

မုယုံကျင်းလည်း လိုက်သွားလေသည်။

မုံစန်း သတိရလာသည်။

မုံချူးသည် တစ်ကိုယ်လုံး သွေးအလိမ်းလိမ်း ပေကျံကာ ဒဏ်ရာပြင်းထန်စွာ ရထားသော ဖခင်ကြီးအတွက် ကြေကွဲပြီး မျက်ရည်များ စီးကျနေသည်။

"ဖေဖေရယ်"

မုံစန်းက...

"သမီး တစ်နေ့ သည်လို အဖြစ်မျိုး ကြုံရနိုင်တယ်ဆိုတာ ဖေဖေ နားလည်ထားပြီးသားပါ၊ သမီးကိုလည်း ခံနိုင်ရည်ရှိအောင်



ကြိုးစားဖို့ မှာထားတာပဲ မဟုတ်လား"

"ကျွန်...ကျွန်မ..."

"ဖေဖေက ဓားကျိုးကို ထုလုပ်မိခဲ့တယ်၊ သည်အပြစ်ကို ခံယူရတာမို့ ဝမ်းနည်းစရာ မရှိပါဘူးကွယ်"

မုံချူး ငိုရှိုက်ကာ ဘာမှမပြောနိုင်အောင် ဖြစ်နေပါတော့သည်။

မုံစန်းသည် မလှမ်းမကမ်း၌ ရပ်နေသည့် မုယုံကျင်းကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားလေသည်။

"မုယုံကျင်း ကျုပ်ဆီလာပါဦး"

"ဟုတ်ကဲ့"

မုယုံကျင်းက အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။

မုံစန်းက...

"ခုံကျူးရှသေ့က သူ့ရဲ့တပည့်နှစ်ယောက်ထဲက တစ်ယောက်ဟာ တစ်နေ့မှာ သူ့ခြေရာကိုနင်းပြီး ဖြိုင်ဘက်င်းသိုင်းသမား ဖြစ်လာလိမ့်မယ်လို့ ပြောခဲ့တယ်ကွဲ့"

"ဟုတ်ကဲ့"

"သူ့ကို ဓားကျိုးပေးလိုက်ဖို့ ကျုပ်ကို မေတ္တာရပ်ခံခဲ့သေးတယ်"

မုယုံကျင်း ဖျောင်းဖျလိုက်သည်။

"ဦးမှာ ဒဏ်ရာရထားတော့ အနားယူနေတာ ကောင်းပါလိမ့်မယ် ခင်ဗျာ၊ ကျွန်တော် သမားတော်သွားခေါ်လိုက်ပါ့မယ်"

မုံစန်း ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်အခြေအနေကို ကျုပ်သိပါတယ်ကွယ်၊ မောင်ရင်လေးကို အကူအညီတစ်ခု တောင်းချင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် ဘာကူညီရမလဲ ပြောပါခင်ဗျာ"

"ကျုပ်သမီးလေးကို စောင့်ရှောက်ပေးဖို့ပါပဲ"

မုယုံကျင်း စဉ်းစားမနေဘဲ ချက်ခြင်း ကတိပေးလိုက်သည်။

"ဝမ်းသာလိုက်တာကွယ်"

မုံစန်းက မုံချူးကို ပြောလိုက်သည်။

"သမီး မုယုံကျင်းရဲ့စကားကို နားထောင်ရမယ်၊ မုယုံကျင်း စီမံတာကို နာခံရမယ်နော်"

"ဖေဖေ"

"သမီး ဖေဖေ ပြောတာကို နားထောင်စေချင်တယ်"

မုံချူးလည်း မတတ်သာတော့ဘဲ ကတိပေးလိုက်ရလေတော့သည်။

မုံစန်းက...

"ကျုပ်ဟာ စစ်လိန်တောင်ကို ရောက်ခဲ့ပြီး ခုံကျူးရသေ့က မင်းတို့နှစ်ယောက်အကြောင်း ကျုပ်ကို အားလုံး ပြောပြထားပြီးပါပြီ"

ဟုထပ်ပြောလာလေသည်။

သူ၏စကားကြောင့် ထူးခြားမှုတစ်ခုခု ရှိနေမည်ဟု မုယုံကျင်း သတိပြုမိလိုက်လေသည်။

မုံစန်းက...

"ခုံကျူးရသေ့က မင်းကို ဓားကျိုးပေးလိုက်ဖို့ ကျုပ်ကို မှာခဲ့တယ်"



"ဗျာ"

မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် မုယုံကျင်း ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ခုံကျူးရသေ့က သူ့အား ဓားကျိုးပေးရန် မှာကြားခဲ့သည်ဆိုလျှင် ယွဲ့ဖိန်းအပေါ် မည်သို့ သဘောထားပါသနည်း။

ထိုစကား ယွဲ့ဖိန်း ကြားသွားလျှင် စိတ်မကောင်း ဖြစ်သွားမည်ဟု တွေးမိပြီး မုယုံကျင်း မလုံမလဲ ဖြစ်သွားလေသည်။

မုံစန်း အားယူကာ ပြောနေသည်။

"သူဌေးနန်းကုန်းဟာ တကယ့် သူတော်ကောင်းကြီးတစ်ယောက်ပါ၊ သူက ကျုပ်နဲ့ ခုံကျူးရသေ့ကိုသာမက သူ့ရဲ့ကျေးဇူး မကင်းတဲ့လူတွေ လက်ညှိုးထိုးလို့လွဲမှာ မဟုတ်ဘူး၊ ဒါပေမယ့် သူကံဆိုးရှာတယ်၊ လူဆိုးဓားပြတွေက သူ့အိမ်ကို စီးနင်းတိုက်ခိုက်ပြီး ရှိသမျှ ပစ္စည်းအားလုံး လုယက်ယူသွားတယ်၊ သူဌေးနန်းကုန်းလည်း ကုန်းကောက်စရာမရှိအောင် ဆင်းရဲမွဲတေသွားခဲ့တော့တာပဲ"

မုံစန်းသည် ဒဏ်ရာပြင်းထန်စွာ ရထားပြီး အခြေအနေ မဟန်တော့ကြောင်း ကောင်းစွာ သိရှိထားလေသည်။

သို့ပါလျက် ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေသည်မှာ အဘယ်ကြောင့်ပါနည်း။

ထူးခြားချက် ရှိရပေမည်။

ထို့ကြောင့်လည်း မုယုံကျင်း စိတ်ဝင်စားစွာ နားထောင်နေလိုက်မိတော့သည်။

မုံစန်း ဆက်ပြောနေ၏။

"သူဌေးနန်းကုန်း ဒုက္ခရောက်တော့ ဘယ်သူမှ မကူညီနိုင်ခဲ့ကြဘူး၊ ကျုပ်နဲ့ ခုံကျူးရသေ့က ရပ်ဝေးမှာ ရောက်နေကြတယ်၊ သူဌေးနန်းကုန်း နောက်ဆုံး ကျန်ခဲ့တဲ့ လယ်ယာမြေတွေဟာ မိုးခေါင်ရေရှားမှုကြုံပြီး ပျက်စီးသွားပြန်တော့ သူလည်း စိတ်ဆင်းရဲတဲ့ဒဏ်ကို မခံနိုင်တော့ဘဲ ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားခဲ့ရှာတယ်"

စီးပွားပျက်ကာ ဆင်းရဲမွဲတေသွားခြင်းကြောင့် သူဌေးနန်းကုန်း ကိုယ့်ကိုကိုယ် အဆုံးစီရင်သွားခဲ့ရသည်။

ယခု ယွဲ့ဖိန်းသည် သူဌေးသားတစ်ယောက်ကဲ့သို့ ငွေကိုရေလို ဖြုန်းနိုင်သူ ဖြစ်နေသည်။

သူဌေးနန်းကုန်း၏သား ယွဲ့ဖိန်း၏ဖခင်လက်ထပ်၌ စီးပွားရေး ပြန်လည်ကောင်းမွန်လာခြင်းကြောင့်ပေလော။

မုယုံကျင်း ငိုင်သွား၏။

မုံစန်းက...

"ဓားကျိုးကို..."

"ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော် မရယင်လည်း နေပါစေတော့"

မုယုံကျင်းက နှစ်သိမ့်လိုက်သည်။

မုံစန်း ခေါင်းခါယမ်းလိုက်သည်။

"သူတို့ ရသွားတာက ကျုပ်ဖန်တီးထားတဲ့ အတုကြီးပါ၊ တကယ့် ဓားကျိုးအစစ်က ကျုပ်သမီးဆီမှာ ရှိပါတယ်၊ သမီး ပေးလိုက်ပါ"

"ဟုတ်ကဲ့ ဖေဖေ"



မုံချူးသည် အင်္ကျီရင်ဘတ်ကြား၌ သိမ်းဆည်းထားသော ဓားကျိုးကို ချက်ခြင်း ထုတ်ပေးလေသည်။

မုံစန်းက...

"ကျုပ်က သိုင်းပညာ ဝါသနာမပါပေမယ့် ကျုပ်သမီးကတော့ ဝါသနာပါတယ်လေ၊ သူ့ကို ဆရာလင်းချီက သင်ပေးခဲ့ဖူးသေးတယ်၊ ဒါပေမယ့် သူ့ကိုယ်သူ ကာကွယ်စောင့်ရှောက်ဖို့ လုံလောက်ဦးမှာ မဟုတ်ဘူး၊ မောင်ရင်လေးပဲ တာဝန်ယူ စောင့်ရှောက်သွားစေချင်ပါတယ်ကွယ်"

မုယုံကျင်း ကတိပေးလိုက်သည်။

"စိတ်ချပါခင်ဗျာ၊ ကျွန်တော် ကတိပေးပါတယ်"

သိုင်းပညာ သင်ယူဖူးသည့်တိုင်အောင် ရဲရဲဝံ့ဝံ့ အသုံးမချနိုင်လျှင် အကြောင်းထူးမည် မဟုတ်ပါ။

မုံချူးသည်လည်း ထိုသို့ ဖြစ်နေပုံရသည်။

သိုင်းပညာ သင်ဖူးသော်လည်း ရုတ်တရက် အသုံးပြုဖို့ မဝံ့ရဲသဖြင့် ကျောက်ပေါက်မာတို့လူစုနှင့် တွေ့ရသောအခါ ဒုက္ခရောက်ခဲ့ရခြင်း ဖြစ်ပေသည်။

သူမအား စောင့်ရှောက်ယင်း သိုင်းပညာကို ရဲရဲဝံ့ဝံ့ အသုံးပြုနိုင်အောင် အားပေးကူညီသွားရန် မုယုံကျင်း စိတ်ကူးထားလိုက်လေသည်။

"ကျုပ်သမီးကို..."

မုံစန်း ပြောယင်း ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

"ဖေဖေ"

မုံချူး ကပျာကယာ ဖေးမလိုက်၏။

မုံစန်း မျက်ဖြူလန်သွား၏။

"ဝေါ့"

ပါးစပ်မှ သွေးများ အန်ထုတ်လိုက်သည်။

"ဦး..."

မုယုံကျင်းလည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလေသည်။

မုံစန်းသည် မုံချူး၏လက်ပေါ်မှာပင် ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေတော့သည်။

♣ ♣ ♣



ပန်းပဲဆရာသံတူ(ဝါ)မုံစန်းကား သေဆုံးသွားချေပြီ။

မုယုံကျင်း စိတ်မကောင်း ဖြစ်သွား၏။

ရှိုက်ကြီးတငင် ငိုကြွေးနေသော မုံချူးအား မည်သို့ ချော့မော့ရမှန်း မသိအောင် ဖြစ်နေသည်။

ထိုစဉ်...

"မုယုံကျင်း"

ခေါ်သံနှင့်အတူ ယွဲ့ဖိန်း ရောက်ရှိလာလေသည်။

ယွဲ့ဖိန်း တကိုယ်လုံး ချွေးပြိုက်ပြိုက်စို့၍ကာ မောပန်းနွမ်းနယ်နေပုံ ရှိလေသည်။

မုယုံကျင်းကို မြင်လျှင် ဝမ်းသာသွားလေသည်။

"မင်းပြန်ရောက်နေတာကိုး တော်သေးတာပေါ့ကွာ၊ ငါက မင်းကို မတွေ့လို့ စိုးရိမ်ပြီး လိုက်ရှာခဲ့မိသေးတယ်ကွ"

မုယုံကျင်းက...

"ငါလည်း ကျောက်ရိတောင်ကို မျက်ခြည်ပြတ်သွားတာနဲ့ စိတ်ပျက်ပြီး ပြန်လာခဲ့တာ မင်းကော"

ယွဲ့ဖိန်း ခေါင်းခါယမ်းလိုက်သည်။

"မထူးဘူး၊ ကျောက်ရိတောင်နောက်ကို လိုက်ယင်း တောထဲမှာ ချောင်းမြောင်းလုပ်ကြံဖို့ ကြိုးစားတဲ့ လူတွေနဲ့ တွေ့လို့ တိုက်ခိုက်ခဲ့ရသေးတယ်၊ သူတို့ အရေးနိမ့်ပြီး ထွက်ပြေးသွားတော့မှ ငါ လိုက်ရှာလည်း ကျောက်ရိတောင်ကို မတွေ့ရတော့ဘူး"

မုယုံကျင်း ခံပြင်းသွား၏။

"ငါတို့ ရောက်လာယင် ဓားကျိုး ပေါ်လာမှာပဲဆိုတာ သူ

ရိပ်မိနေတယ်၊ ဒါကြောင့် ကြိုတင်စီစဉ်ထားတာ ဖြစ်မယ်၊ ခုတော့ သူ့နောက်ကို ဓားကျိုး ပါသွားပြီးပေါ့"

ယွဲ့ဖိန်း ပခုန်းတွန့်လိုက်သည်။

"ငါတို့ တစ်ချက်ကလေး အငိုက်မိသွားတာနဲ့ ခံလိုက်ရတာ၊ ဘယ်တတ်နိုင်ပါ့မလဲကွာ"

မုယုံကျင်းက မုံချူးကို ကြည့်လိုက်၏။

မုံချူးကလည်း ငိုကျွေးနေရာမှ မုယုံကျင်းကို ကြည့်လိုက်လေသည်။

ကျောက်ရိတောင်နောက်သို့ ပါသွားသည်မှာ ဓားကျိုးအတု ဖြစ်ကြောင်း သူတို့နှစ်ယောက်စလုံး သိထားကြလေသည်။

မုယုံကျင်းသည် ဓားကျိုးအစစ်ကို ရထားကြောင်း ဖွင့်ပြော လိုသော်လည်း မုံစန်းက ယွဲ့ဖိန်း မရှိတော့သည့်အချိန်မှ ထုတ်ပေးခဲ့ ခြင်းဖြစ်၍ ပြောပြဖို့ ခက်နေသည်။

မုံချူးကလည်း အမှန်အတိုင်း ဖွင့်မပြောစေလိုသည့် သ ဘောရှိကြောင်း သတိပြုမိသဖြင့် စိတ်ထိန်းချုပ်ကာ မပြောဘဲနေ လိုက်လေတော့သည်။

ယွဲ့ဖိန်းက မုံစန်းကို လှမ်းကြည့်လိုက်သည်။

"သူသေသွားပြီပဲ"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သည်မိန်းကလေးကကော"

"ဆရာမုံစန်းရဲ့သမီး မုံချူးပါ"



မုံစန်း မသေမီ မုံချူးအား စောင့်ရှောက်သွားဖို့ အပ်နှံခဲ့ ကြောင်း ပြောပြလိုက်လေသည်။

ယွဲ့ဖိန်း သက်ပြင်းချလိုက်သည်။

"မုယုံကျင်း၊ မင်းဘယ်လိုလုပ်မလဲ"

မုယုံကျင်းက တည်ကြည်သော မျက်နှာထားဖြင့် ပြော၏။

"ငါကတိပေးပြီးပြီဆိုတော့ သူ့ကို တာဝန်ယူ စောင့်ရှောက် သွားရတော့မှာပဲ"

ယွဲ့ဖိန်းက...

"ဒါဖြင့် သူ့ကိုရော၊ ငါတို့က ဓားကျိုးနောက်ကို လိုက်ရဦး မယ်၊ ဂူကျူးရိကိုလည်း ဆုံးမရဦးမယ်"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ငါသိပါတယ်၊ သူ့ကို သည်ရွာမှာ ထားခဲ့ယင် အန္တရာယ် ရှိနိုင်တယ်၊ ဒါကြောင့် ငါတို့နဲ့အတူ ခေါ်သွားပြီး လုံခြုံစိတ်ချရတဲ့ တစ်နေရာမှာ ခဏအပ်ထားပြီးမှ ဂူကျူးရိကိစ္စ ဆက်ပြီး ဖြေရှင်းကြ တာပေါ့"

မုံချူးအား သူတို့နှင့်အတူ ခေါ်သွားရန် ယွဲ့ဖိန်းလည်း သဘောတူလိုက်လေတော့သည်။

♣ ♣ ♣

# ခြေလှမ်း

သုဖန်းကျေးရွာ...

မုယုံကျင်းတို့သည် သုံးရက်မြောက်ညတွင် သုဖန်းကျေးရွာသို့ ရောက်ရှိလာခဲ့ကြသည်။

ယွဲ့ဖိန်း၏အစီအစဉ်ဖြင့်ပင် နတ်မိမယ်မိန်စင်းယိ၏အိမ်တွင် တစ်ညတည်းခိုရန် ဆုံးဖြတ်ခဲ့ကြသည်။

မိန်စင်းယိ၏အိမ်ရှေ့သို့ ရောက်သောအခါ အိမ်ထဲမှ စောင်းတီးခတ်သံသည် အပြင်သို့တိုင် ပျံ့လွင့်နေသည်ကို ကြားလိုက်ရ၏။

သုံးယောက်သား မြင်းပေါ်မှ ခုန်ဆင်းလိုက်ကြသည်။

မြင်းများကို ချည်တိုင်တွင် ချည်နှောင်လိုက်ကြပြီး အိမ်ထဲ



သို့ ဝင်လာခဲ့ကြသည်။

ဧည့်ခန်းထဲတွင် မည်သူ့ကိုမှ မတွေ့ရချေ။

အိမ်ဖော်များကိုပင် မတွေ့ရချေ။

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

သူတို့ ရောက်လာသည်ကို အိမ်ထဲမှ လူများက မသိ၍လော။

သို့မဟုတ် သိလျက်နှင့် ခရီးဦးကြို ထွက်မပြုခြင်းပေလော။

တိကျသော အဖြေအား ရှာမရချေ။

စောင်းသံကား သာယာစွာ ထွက်ပေါ်နေဆဲ ဖြစ်သည်။

စောင်းသံထွက်ပေါ်ရာ အခန်းမှ လိုက်ကာခန်းဆီမှာ လေဝေ့ယမ်းမှုကြောင့် တလူလူလွင့်နေ၏။

မုယုံကျင်းက ထိုအခန်းဆီသို့ လျှောက်သွားလိုက်၏။

မုံချူးနှင့် ယွဲ့ဖိန်းကား လိုက်မလာဘဲ အိမ်၏အခြေအနေအား အကဲခတ်ကြည့်နေကြသည်။

မုယုံကျင်းက ခန်းဆီးကို ဖယ်ရှားပြီး အတွင်းသို့ လှမ်းဝင်သွားသည်။

အခန်းတွင်း၌ မိန်းကလေးတစ်ဦး စောင်းတီးခတ်နေသည်။

ကျောခိုင်းထား၍ မျက်နှာအား မမြင်ရသော်လည်း မိန်စင်းယိ မဟုတ်မှန်း ကောင်းစွာ ရိပ်စားမိလိုက်သည်။

မိန်းကလေးသည် ပွင့်နေသော ပြတင်းပေါက်မှတဆင့် လဝန်းအား ကြည့်ကာ အတွေးထဲ နစ်မျောနေ၏။

"ဒီမိန်းကလေး ဘယ်သူလဲ"

မုယုံကျင်း စဉ်းစားမရဘဲ ဖြစ်သွားသည်။

ထိုစဉ် စောင်းသံ ရုတ်ခြည်းတိတ်ဆိတ်သွားသည်။

မိန်းကလေး စောင်းတီးခတ်မှု ရပ်တန့်လိုက်မှ မုယုံကျင်း သတိဝင်လာ၏။

မိန်းကလေးက ကျောခိုင်းရာမှ လှည့်လာသည်။

သူမမြင်ဖူးသည့် ချောမောလှပသော သူစိမ်းမိန်းကလေး တစ်ဦးမှန်း သိရှိလိုက်ရ၏။

မိန်းကလေးမှာ မုယုံကျင်းအား မြင်လျှင် ချစ်စဖွယ် ပြုံးလိုက်သည်။

"ရှင်ရောက်လာပြီကိုး"

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"မင်းဘယ်သူလဲ၊ မိန်စင်းယိကော ဘယ်မှာလဲ"

သူ၏လေသံမှာ အနည်းငယ် တင်းမာနေ၏။

မိန်းကလေးသည် ဖြူဖွေးသော သွားတန်းလေးများ ပေါ်လာသည်အထိ ပြုံးလိုက်ပြီးနောက်...

"မိန်စင်းယိ ဟုတ်လား၊ သူ ဒီမှာ မရှိဘူးရှင့်"

မုယုံကျင်း အံ့သြသွားသည်။

"သူဘယ်သွားလဲ"

"ရှင်...ရှာလို့မရတဲ့ နေရာပေါ့"

မိန်းကလေး၏စကားမှာ ပဟေဠိဆန်လွန်း၍ မုယုံကျင်းမှာ စိတ်မရှည်ဘဲ ဖြစ်သွားသည်။



"မင်းက ဘာအဓိပ္ပါယ်နဲ့ ပြောတာလဲ၊ ပြီးတော့ မင်းဘယ်သူလဲ၊ မိန်စင်းယိကော ဘယ်မှာလဲ"

"ဟင်း...ဟင်း ရှင်မေးတဲ့ မေးခွန်းတွေကလဲ များလှချည်လား၊ ဒါတွေ သိတော့ကော ရှင့်အတွက် ဘာများထူးလာမှာမို့လဲ"

"ဘာကွ"

မုယုံကျင်း၏အသံ ဟိန်းထွက်လာသည်။

မိန်းကလေးက လေသံအေးအေးဖြင့် ပြောလာသည်။

"ဟုတ်တယ်လေ၊ မကြာခင် သေရတော့မယ့် လူတစ်ယောက်က ဘာများသိသွားသင့်လို့လဲ"

စကားဆုံးလျှင် လက်ကို ဆတ်ခနဲ ဝှေ့ယမ်းလိုက်သည်။

"ဝှစ်"

လေတိုးသံနှင့်အတူ ငွေရောင်အလင်းတန်းတစ်ခုသည် မုယုံကျင်းထံ တန်းတန်းမတ်မတ် တိုးဝင်သွားသည်။

မုယုံကျင်းမှာ မိန်းကလေးအား သတိမပြတ်ထားနေသောကြောင့် ချက်ချင်းပင် အင်္ကျီလက်ကို ဝှေ့ယမ်းလိုက်သည်။

ထိုအခါ အရာဝတ္ထုတစ်ခုမှာ ကြမ်းပြင်သို့ ပြုတ်ကျသွားတော့သည်။

မိန်းကဘေးက ဘာမှ မဖြစ်သလို အမူအယာဖြင့် ပြုံးယင်း ပြောလာသည်။

"ရှင်မဆိုးဘူး"

မုယုံကျင်း ဒေါသထွက်သွားသည်။

"မင်းဘယ်သူလဲ"

မိန်းကလေး အသာထရပ်လာ၏။

"ရှင်သိပ်သိချင်တော့ ပြောပြရတာပေါ့၊ ကျွန်မက မာယာရှင်ပါပဲ"

"မာယာရှင်"

မုယုံကျင်း ရင်ထိတ်သွားသည်။

မာယာရှင်သည် အမှောင်ရာဇာ၏ ကိုယ်ရံတော်ငါးဦးထဲတွင် ပါဝင်သူတစ်ယောက်ပင် မဟုတ်ပါလား။

သူက ချက်ချင်းပင် ဓားဆွဲထုတ်လိုက်၏။

ယင်းအခိုက်မှာပင် အလင်းရောင်တန်းများသည် သူ့ထံ တိုးဝင်လာသည်။

မုယုံကျင်း ဓားကိုင်လက်အား ဝှေ့ယမ်းလိုက်သည်။

လက်နက်ပုန်းများ ကြမ်းပြင်ပေါ် ကျသွားသည့်အခိုက်အတန့်မှာပင် လူရိပ်တစ်ခု လျှပ်တပြက် ရောက်ရှိလာပြီး တိုးဝင်တိုက်ခိုက်လာသည်။

အလွန်လျင်မြန်သော တိုက်ခိုက်မှုကြောင့် မုယုံကျင်း ကပျာကယာ နောက်ဆုတ်သွားရသည်။

လူရိပ်က အလွတ်မပေးတမ်း တိုက်ခိုက်လာလျှင် အခက်တွေ့သွားသည်။

ချက်ချင်းပင် ဓားဝှေ့ယမ်းကာ ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်၏။

"ချွမ်း...ချွမ်း"

ဓားချင်း ထိခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ



လေသည်။

မုယုံကျင်းက ပြင်းထန်စွာ ပြန်လည်တိုက်ခိုက်လိုက်သောကြောင့် လူရိပ်မှာ နောက်ဆုတ်သွားရသည်။

ထိုအခါမှပင် ထိုလူရိပ်၏မျက်နှာအား မြင်ခွင့်ရတော့သည်။

ထိုလူရိပ်ကား 'မာယာရှင်'ပင် ဖြစ်သည်။

မာယာရှင်သည် နုပျိုချောမောသော မိန်းကလေးတစ်ဦးဖြစ်သော်လည်း တိုက်ခိုက်မှုကား အလွန်ကြမ်းကြုတ်ရက်စက်လှသောကြောင့် အထင်မသေးရဲတော့ချေ။

သူမသည် နွဲ့နွဲ့နှောင်းနှောင်း ရှိမနေဘဲ တိုက်ခိုက်ရာတွင် သွေးဆာသော လူသတ်သမားတစ်ဦးထက်ပင် ကြောက်စရာကောင်းကြောင်း ရိပ်မိလိုက်ရာ မညှာနိုင်တော့ပါချေ။

ချက်ချင်း ရှေ့သို့ ခုန်ဝင်ကာ ဓားဖြင့် ထိုးသွင်းလိုက်သည်။

မာယာရှင်က သွက်လက်စွာ ရှောင်တိမ်းလိုက်လျှင် သူမရှောင်တိမ်းရာဘက်သို့ ဓားကို ပြောင်းလဲခုတ်ချလိုက်ပြီး ဖြစ်နေ၏။

အလွန်တရာ အပြောင်းအလဲများသော ဓားကွက်ပင် ဖြစ်သည်။

မာယာရှင် မျက်နှာပျက်သွားသည်။

ချက်ချင်းပင် ကြမ်းပြင်ပေါ် လှိမ့်ထွက်သွားပြီး လက်ထဲမှ ဓားအား ပစ်လွှင့်လိုက်၏။

တစ်ဆက်တည်းပင် ခုန်ထလိုက်သည်။

"ဝှစ်"

ဓားရှည်သည် အရှိန်ပြင်းစွာ ပစ်လွှင့်သွားသည်။

မုယုံကျင်းက လက်ထဲမှ ဓားဖြင့် ရိုက်ထုတ်ကာ ခုန်ဝင်တိုက်ခိုက်လိုက်သည်။

သူ၏ပြင်းထန်သော ဓားချက်များက မာယာရှင်၏ တစ်ကိုယ်လုံးအား လွှမ်းခြုံသွားသည်။

မာယာရှင် အထိတ်တလန့် ရှောင်တိမ်းပေးနေသည့်တိုင် ဓားချက်တစ်ချက်သည် သူမ၏ဝဲဘက်ပခုံးအင်္ကျီအား စုတ်ပြဲသွားစေပြီး ရှပ်ထိသွား၏။

မာယာရှင်က လက်နက်ပုန်းများအား အလျှင်အမြန် ထုတ်သုံးလိုက်ရသည်။

လူချင်း နီးကပ်နေသည်မို့ မုယုံကျင်းမှာ အတော်ဝေးဝေးသို့တိုင် ခုန်ထွက်သွားလိုက်ရသည်။

မာယာရှင်က သူ့အား စိုက်ကြည့်ယင်း...

"မိန်စင်းယိက ကျွန်မတို့ခေါင်းဆောင်လက်ထဲ ရောက်နေတယ်၊ သူ့ကို ပြန်လိုချင်ယင် ကျွန်မတို့ခေါင်းဆောင်ကို တွေ့အောင်ရှာပေတော့"

စကားဆုံးလျှင် နောက်ဆုတ်သွားကာ ပြတင်းပေါက်မှ လျှင်မြန်စွာ ခုန်ထွက်သွားလေသည်။

မုယုံကျင်း မကျေမနပ် ဖြစ်သွားသည်။

သူက ပြတင်းပေါက်အနီး ပြေးသွားပြီး အပြင်သို့ အကဲခတ်ကြည့်လိုက်ရာ အရိပ်အရောင်မျှပင် မတွေ့ရတော့ချေ။

"တောက်"

မုယုံကျင်း မကျေမနပ် တက်ခေါက်လိုက်၏။



ထိုစဉ် အခန်းတွင်းသို့ လူနှစ်ယောက်လှမ်းဝင်လာသည်။

ယွဲ့ဖိန်းနှင့် မုံချူးပင် ဖြစ်သည်။

ယွဲ့ဖိန်းက သက်ပြင်းတစ်ချက်ချကာ...

"ဒီနေရာမှာ စိတ်ချနေလို့ မဖြစ်တော့ဘူး၊ တခြားနေရာသွားမှ ဖြစ်မယ်"

မုယုံကျင်းက ယွဲ့ဖိန်းအား မျက်မှောင်ကုပ်ကာ ကြည့်လိုက်၏။

"ဘာကြောင့် မင်းက ငါ့ကို ဝင်မကူတာလဲ"

သူ၏လေသံမှာ အနည်းငယ် တင်းမာနေ၏။

ယွဲ့ဖိန်း ပြုံးလိုက်သည်။

"ငါဝင်ကူဖို့ လိုသေးသလားကွ၊ မင်းက ငါ့ထက် သိုင်းပညာ ပိုတော်တာပဲ"

"ဒါနဲ့ ဘာဆိုင်လို့လဲ"

မုယုံကျင်း မကျေမနပ်ဖြင့် မေးလိုက်၏။

ယွဲ့ဖိန်း၏မျက်နှာ တည်ကြည်သွားသည်။

"မာယာရှင်ဟာ ကြောက်စရာကောင်းတာ မှန်ပေမယ့်၊ မင်းကိုတော့ နိုင်မှာ မဟုတ်ဘူးဆိုတာ ငါရိပ်မိထားပါတယ်၊ သူ မင်းလက်ထဲက မလွတ်နိုင်ဘူးလို့ ငါတွက်ထားမိလို့ ဝင်မကူခဲ့တာပါ"

"အခြေအနေ အစအဆုံး မင်းတို့ သိထားတယ်ပေါ့"

ယွဲ့ဖိန်း ခေါင်းညိတ်ပြလိုက်သည်။

မုယုံကျင်းက လက်ထဲမှဓားကို ပြန်လည်သိမ်းဆည်းကာ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"အမှောင်ရာဇာက ငါတို့ကို ဒုက္ခပေးမယ်ဆိုတာ သေချာသလောက် ရှိနေပြီ၊ ဒီတော့ အစစအရာရာ သတိထားနိုင်မှ ဖြစ်တော့မယ်"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက တို့ကို ဒုက္ခပေးချင်သလို တို့ကလဲ သူ့ကို ဖြိုခွဲပစ်ချင်တယ်၊ ဒီတော့ တစ်နေ့မဟုတ်တစ်နေ့ ထိပ်တိုက်တွေ့ကြမှာပဲ ငါစိုးရိမ်တာက..."

သူက စကားတစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်လျှင် မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"မင်းက ဘာကို စိုးရိမ်တာလဲ"

ယွဲ့ဖိန်းက မုံချူးအား မေးဆတ်ပြလိုက်၏။

"ဒီပြဿနာထဲ မုံချူးကို ကြားညှပ်မပါစေချင်ဘူး၊ သူ့အတွက် အန္တရာယ် ရှိတယ်"

ထိုစကားကြောင့် မုယုံကျင်း တွေးဝေသွားသည်။

ယွဲ့ဖိန်း၏စကားမှာ အလွန်မှန်ကန်လှသည် မဟုတ်ပါလား။

အန္တရာယ်ကြားထဲ မုံချူးအား မပါစေချင်ပါ။

ထို့အပြင် မုံချူး ရှိနေခြင်းက သူတို့အတွက် လွတ်လပ်စွာ လှုပ်ရှားခွင့် မရသလို ဖြစ်နေ၏။

ရုတ်တရက်မို့ သူက မည်သို့ ဆုံးဖြတ်ရမည်မှန်းမသိ ဖြစ်သွားသည်။

ထို့ကြောင့် ယွဲ့ဖိန်းဆီကပင် အကြံဉာဏ်တောင်းလိုက်၏။

"ဒါဖြင့် ငါတို့ ဘယ်လိုလုပ်ကြမလဲ"



ယွဲ့ဖိန်း တစ်ချက်စဉ်းစားလိုက်ပြီး...

"ငါ့မှာ အကြံတစ်ခုတော့ ရှိတယ်"

"ဘာများလဲ"

"သူ့ကို လုံခြုံစိတ်ချရတဲ့နေရာတစ်ခုကို ပို့ထားနိုင်မှ ငါတို့ လွတ်လပ်စွာ ရင်ဆိုင်နိုင်မယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ လုံခြုံစိတ်ချတဲ့နေရာက ဘယ်မှာများ ရှိလို့လဲ"

ယွဲ့ဖိန်း လက်ကာပြလိုက်၏။

"ဒေါ်လေးကူးရဲ့အိမ်က သူ့အတွက် စိတ်အချရဆုံးပဲ"

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ဒေါ်လေးကူး ဟုတ်လား"

ယွဲ့ဖိန်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက တခြားလူ မဟုတ်ဘူး၊ ငါတို့မိသားစုရဲ့ ကျေးဇူးမကင်းတဲ့လူတစ်ယောက်ပဲ၊ အခုအချိန်ထိ သစ္စာစောင့်သိတဲ့ လူတစ်ဦးပေါ့၊ သူက ငါတို့ လိုအပ်တဲ့ အကူအညီမျိုးကို အသက်နဲ့လဲပြီး တာဝန်ယူကူညီမယ်လို့ ငါယုံကြည်ထားတယ်၊ နောက်ပြီး သူက တစ်ကိုယ်ရေတကာယသမားပဲ"

မုယုံကျင်း အနည်းငယ် ကျေနပ်သွား၏။

"သူက ဘယ်မှာ နေလို့လဲ"

"ပိတောင်းကျေးရွာ အနောက်ဘက် တောအုပ်ထဲမှာ"

"သူက ဘာကြောင့် ရွာထဲမှာ မနေတာလဲ"

"မင်းက သူ့အကြောင်း မသိလို့ပါ၊ သူက အေးအေးဆေး

ဆေး နေထိုင်တဲ့အကျင့် ရှိလို့ပါ၊ မုံချူးကို စောင့်ရှောက်ဖို့ ဒေါ်လေး ကူးဟာ အသင့်တော်ဆုံးပဲလို့ ငါထင်တယ်၊ ရွာထဲမှာ မဟုတ်တဲ့အတွက် မုံချူး ရောက်သွားယင်တောင် ဘယ်သူကမှ သိကြမှာ မဟုတ်ဘူး၊ မင်း ဘယ်လိုသဘောရသလဲ"

မုယုံကျင်း ခေါင်းညိတ်လိုက်၏။

"ငါသဘောတူတယ်"

"ဒါဖြင့် ပိတောင်းကျေးရွာက သိပ်မဝေးလို့ ငါတို့ အခုချက်ချင်း ခရီးထွက်ကြယင် ကောင်းမယ်"

"ကောင်းပြီ"

အမှောင်ရာဇာ၏အန္တရာယ်က အချိန်မရွေး ကျရောက်လာနိုင်သည်မို့ မုယုံကျင်း သဘောတူလိုက်၏။

ထို့နောက် မိန်စင်းယိ၏အိမ်ဂေဟာမှ ပိတောင်းကျေးရွာသို့ ချက်ချင်းပင် ခရီးထွက်ခဲ့ကြလေတော့သည်။

♣ ♣ ♣

## မြေခွေးနက်

မြင်းများကို ရွာလမ်းအတိုင်း နှင်လာခဲ့ကြသည်။

ကောင်းကင်တွင် လဝန်းထိန်ထိန် သာနေသောကြောင့် တော်ပေသေးသည်။

သို့မဟုတ်ပါက ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိကျနေမည်သာ ဖြစ်သည်။

လရောင်သည် ရွာလယ်လမ်းမတစ်လျှောက် ထိန်လင်းစွာ ဖြာကျနေသည်။

မုယုံကျင်းတို့သုံးယောက်သား လရောင်အောက်ဝယ် မြင်းများကို နှင်လာခဲ့ကြသည်။

ရွာအပြင် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ သူတို့၏မြင်းများ တုန့်ခနဲ ရပ်သွား၏။ အဘယ်ကြောင့်နည်း။

လူတစ်စုသည် လမ်းပိတ်ရပ်နေသောကြောင့် ဖြစ်သည်။

အားလုံးသည် တူညီသော အနက်ရောင်ကိုယ်ကြပ်အင်္ကျီများ ဝတ်ဆင်ထားကြသည်။

ခါးတွင်လည်း လက်နက်ကိုယ်စီ ဆွဲချိတ်ထားကြသည်။

မုယုံကျင်း ပင့်သက်ရှိုက်လိုက်သည်။

အန္တရာယ်သည် မဖိတ်ခေါ်ဘဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာချေပြီ။

သုံးယောက်သား မြင်းပေါ်မှ ခုန်ဆင်းကာ ရှေ့သို့ လှမ်းသွားလိုက်ကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူတစ်ဦးက ကျယ်လောင်သောလေသံဖြင့် ပြောလာသည်။

"ဟေ့...အားလုံးပဲ လက်နက်ချပြီး အဖမ်းခံယင် ကောင်းမယ်၊ ဒီလိုမှ မဟုတ်ယင်တော့ ဒုက္ခတွေ့မယ်ဆိုတာ မှတ်ထား"

ယွဲ့ဖိန်း နှာခေါင်းရှုံ့လိုက်သည်။

"ခင်ဗျားတို့က ဘယ်သူတွေလဲ ဘာကြောင့် အနှောင့်အယှက်ပေးချင်ရတာလဲ"

အနက်ရောင်ဝတ်ဆင်ထားသူ ရယ်မောလိုက်၏။

"ဟား...ဟား...ဟား ဘာကြောင့် နှောင့်ယှက်ရသလဲဆိုတော့ မင်းတို့ကို လိုချင်လို့ပေါ့၊ ကဲ... အေးအေးဆေးဆေး လိုက်ခဲ့ကြပါ"



မုယုံကျင်းက အေးတိအေးစက် လေသံဖြင့် ဝင်ပြောလိုက်လေသည်။

"ကျုပ်တို့ကို အနှောင့်အယှက် ပေးမယ်ဆိုယင် ကျုပ်တို့ကလည်း ငြိမ်ခံနေမှာ မဟုတ်ဘူး၊ ဒါကြောင့် အေးအေးဆေးဆေး လမ်းဖယ်ပေးယင်ကောင်းမယ်"

အနက်ရောင်ဝတ်ဆင်ထားသူများက စကားမပြောကြတော့ပါ။

လက်နက်များ ဆွဲထုတ်လိုက်ကြသည်။

လရောင်ဖြင့် ဓားရောင်များ ဖွေးခနဲ လက်သွားသည်။

ယွဲ့ဖိန်း မဲ့လိုက်၏။

"ခင်ဗျားတို့က ရင်ဆိုင်ချင်တယ်ပေါ့လေ၊ ကောင်းပြီ၊ တွေ့ကြသေးတာပေါ့"

ပြောယင်း ဓားဆွဲထုတ်လိုက်၏။

မုယုံကျင်းလည်း ဘာမျှမပြောတော့ဘဲ ဓားကို ဆွဲထုတ်ကာ ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည် လက်နက်များ ဆွဲထုတ်လိုက်ပြီ ဖြစ်သော်လည်း လှုပ်ရှားခြင်း မပြုကြသေးပါချေ။

ယွဲ့ဖိန်း မျက်မှောင်ကုပ်သွားသည်။

"သူတို့ ဘာကြောင့် မလှုပ်ရှားကြသေးတာလဲ"

နားမလည်နိုင်သလို ရေရွတ်လိုက်၏။

မုယုံကျင်းက တည်ကြည်သော မျက်နှာထားဖြင့်...

"သူတို့ခေါင်းဆောင်ရဲ့ အမိန့်ကို မရသေးလို့ နေမှာပေါ့"

"ခေါင်းဆောင် ဟုတ်လား"

"ဟုတ်တယ်"

"ဒီထဲမှာ မပါဘူးပေါ့"

မုယုံကျင်းက ယွဲဖိန်း၏အမေးကို ပြန်ဖြေချိန် မရပါ။

အကြောင်းမှာ စူးရှသော လေချွန်သံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရပြီးနောက် အနက်ရောင်ဝတ်ဆင်ထားသူများက တရကြမ်း ပြေးဝင်တိုက်ခိုက်လာသောကြောင့်ပင် ဖြစ်လေသည်။

ယွဲဖိန်းက ညာသံပေးကာ ဆီးကြိုတိုက်ခိုက်လိုက်သည်။

"ညီမ ဘေးလွတ်ရာမှာနေ၊ အစ်ကို သူတို့ကို ရင်ဆိုင်လိုက်ဦးမယ်"

"အစ်ကို သတိထားဦးနော်"

မုံချူးက စိုးရိမ်စွာ သတိပေးယင်း ဝါးတစ်ရိုက်အကွာရှိ သစ်ပင်ကြီးဆီသို့ ဆုတ်သွားသည်။

ထိုအခါမှ မုယုံကျင်းက ရန်သူများနှင့် ရင်ဆိုင်လိုက်လေသည်။

လရောင်အောက်ဝယ် ဓားရောင်များ ဝင်းလက်သွားသည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများလည်း ဆက်တိုက်ထွက်ပေါ်လာသည်။



အနက်ရောင်ဝတ်ဆင်ထားသူအချို့ မြေပေါ် လဲကျသွားသည်။

ယွဲဖိန်းက တိုက်ခိုက်ယင်းမှ မုယုံကျင်းအနီးသို့ ရောက်ရှိသွားသည်။

"မုယုံကျင်း၊ ငါတို့လူစု ကွဲသွားယင် ဒေါ်လေးကူး အိမ်မှာပဲ ပြန်ဆုံကြမယ်၊ မင်းသေသေချာချာ မှတ်ထားဦး"

သူက တီးတိုးပြောလာလျှင် မုယုံကျင်း ခေါင်းညိတ်လိုက်၏။

သူတို့ လက်ချက်ကြောင့် ရန်သူလေးယောက် ကျဆုံးသွားလျှင် အနက်ရောင်ဝတ်ဆင်ထားသူများ နောက်ဆုတ်သွားကြသည်။

ယင်းအခိုက်မှာပင် လူတစ်ယောက်သည် လေ၏လျင်မြန်ခြင်းမျိုးဖြင့် သူတို့အနီးသို့ ရောက်ရှိလာသည်။

ထိုလူ၏ကိုယ်ဖော့ပညာသည် အလွန်ကောင်းမွန်လှကြောင်း မုယုံကျင်း ရိပ်မိလိုက်သည်။

ထိုလူသည် အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိပြီး စူးရှသော မျက်လုံးအစုံ ရှိသည်။

မျက်နှာမှာ ဖြူဖပ်ဖြူရော် ရှိနေပြီး ဟန်မူရာ ကင်းမဲ့သော အသွင် ရှိနေ၏။

ယွဲဖိန်.က ထိုလူအား အကဲခတ်ကြည့်ကာ...

"ခင်ဗျားက ခေါင်းဆောင်လား"

ထိုလူက အဖြေမပေးပါ။

မုယုံကျင်းကိုသာ စူးရဲသော မျက်လုံးအစုံဖြင့် စိုက်ကြည့်နေ

လေသည်။

မုယုံကျင်းလည်း ပြန်လည်စိုက်ကြည့်နေ၏။

အတန်ကြာမှ တည်ငြိမ်သော လေသံဖြင့်...

"ခင်ဗျားနဲ့ ကျုပ်တို့ မသိကျွမ်းပါဘူး၊ ဘာကြောင့် ဒုက္ခပေးချင်ရတာလဲ"

ထိုလူ၏မျက်နှာပေါ်ဝယ် အပြုံးရိပ်တစ်ခု ဖြစ်ပေါ်လာ၏။

"မင်းဟာ ကျုပ်တို့ရဲ့ အဓိက ရန်စွယ် ဖြစ်လာနိုင်လို့ပေါ့"

"ကျုပ်တို့ချင်း ရန်ငြိုးရှိခဲ့ဖူးလို့လား"

ထိုလူ ခေါင်းခါယမ်းလိုက်သည်။

"မရှိပါဘူး"

"ဒါဖြင့်..."

သူ၏စကားမဆုံးမီ ထိုလူက ကြားဖြတ်ပြောလိုက်လေသည်။

"အမှောင်ရာဇာဂူကျူးရိဟာ ကျုပ်တို့ခေါင်းဆောင်ပဲ"

"ဟင်"

ထိုစကားကြောင့် မုယုံကျင်း အံ့အားသင့်သွားသည်။

ထိုလူက ဆက်ပြောလာသည်။

"မာယာရှင်ကို မင်းအနိုင်ရခဲ့ပေမယ့်၊ ကျုပ်ကိုတော့ အလွယ်တကူ အနိုင်မရဘူးဆိုတာ မှတ်ထား"

မုယုံကျင်း ထိုလူအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်သူလဲ၊ အမှောင်ရာဇာဂူကျူးရိရဲ့ကိုယ်ရံတော်ငါးဦးထဲက တစ်ယောက်ပဲလား"



ထိုလူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ငါက 'မြေခွေးနက်'ပဲ"

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"လက်စသတ်တော့ နာမည်ကြီးနေတဲ့ မြေခွေးနက်ဆိုတာ ခင်ဗျားပဲကိုး"

ထိုလူ(ဝါ)မြေခွေးနက် ပြုံးလိုက်သည်။

"ဘယ်လိုလဲ မင်းအေးအေးဆေးဆေး ကျုပ်တို့နောက်လိုက်ခဲ့တော့မလား"

မုယုံကျင်း ပခုံးတွန့်လိုက်သည်။

"ခင်ဗျားတို့ ခေါ်နိုင်တဲ့ အရည်အချင်းရှိယင်တော့ ခေါ်သွားပေါ့"

မြေခွေးနက်၏မျက်နှာ တင်းမာသွားသည်။

သူ၏မျက်လုံးအစုံသည်လည်း ပို၍ပင် စူးရဲတောက်ပြောင်လာသည်။

"ကောင်းပြီလေ၊ မင်းဒီလောက် ခေါင်းမာနေမှတော့ ကျုပ်မှာ ပြောစရာစကား မရှိတော့ဘူး"

စကားဆုံးလျှင် သူ၏လူများအား လက်တစ်ဖက် ထောင်ပြလိုက်၏။

အနက်ရောင်ဝတ်ဆင်ထားသူများသည် ချက်ချင်းပင် ပြေးတက်လာကြသည်။

မုယုံကျင်းက တိုက်ခိုက်လိုက်သည်။

သို့သော် ပြေးတက်လာသူနှစ်ယောက်မှာ ဝဲယာတစ်ဘက်

တစ်ချက်ခွဲကာ ဖျတ်ခနဲ လှိမ့်ထွက်သွားသည်။

ယင်းအခိုက်မှာပင် နောက်ထပ် လူသုံးယောက်က တဟုန်ထိုး ဝင်တိုက်လာသည်။

မုယုံကျင်း တိုက်ခိုက်ရန် ပြင်လိုက်သည်။

သို့သော်လည်း အခွင့်မသာပါချေ။

ဝဲယာတစ်ဘက်တစ်ချက်သို့ ခွဲသွားသူနှစ်ယောက်က လက်နက်ပုန်းများဖြင့် ပစ်ခတ်လာသည် မဟုတ်ပါလား။

မုယုံကျင်း အခက်တွေ့သွားသည်။

သို့သော် သူက အခက်အခဲများကို မည်သို့ ကျော်လွှားရမည်ကို လျှပ်တပြက် ဆုံးဖြတ်တတ်သူပီပီ ချက်ချင်းပင် မြေပေါ်ခြေဆောင့်ကာ လေထဲ ခုန်ထွက်သွား၏။

ထို့ကြောင့်ပင် ရန်သူသုံးဦး၏ဓားချက်က လေကိုသာ ခုတ်ချမိသွားသလို အဝိုင်တွက်ဆထားသူနှစ်ဦး၏ လက်နက်ပုန်းများကလည်း အချင်းချင်း ထိမှန်သွားတော့သည်။

"အား"

"အွန့်"

လက်နက်ပုန်း ပစ်လွှင့်သူနှစ်ဦးမှာ နာကျင်စွာ အော်ဟစ်ယင်း မြေပေါ်လဲကျသွားသည်။

မြေခွေးနက် မကျေမနပ် ဖြစ်သွား၏။

"တောက်... တွေ့ကြသေးတာပေါ့"

ခါးမှဓားအား လျှပ်တပြက် ဆွဲထုတ်လိုက်၏။

သူ၏ဓားမှာ သာမန်ဓားများနှင့် မတူပါချေ။



လက်တစ်ဝါးအရွယ် အပြားရှိပြီး တံစဉ်ပုံသဏ္ဍာန် ကွေးနေသော ဓားကွေးတစ်လက်ပင် ဖြစ်သည်။

မြေခွေးနက်သည် မုယုံကျင်း မြေပေါ် ပြန်မကျမီ လေထဲကျွမ်းပစ်ကာ တိုက်ခိုက်လိုက်သည်။

သူ၏ဓားချက်များမှာ မုန်တိုင်းထန်သကဲ့သို့ ပြင်းထန်လွန်းလှပေသည်။

မုယုံကျင်းမှာ မပေါ့ဆရဲပါ။

မြေခွေးနက်သည် အလွန်ကောက်ကျစ်စဉ်းလဲပြီး သိုင်းပညာတော်သူတစ်ဦး ဖြစ်သည် မဟုတ်ပါလား။

ဓားချင်းထိခတ်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

နှစ်ယောက်သား မြေပေါ်သို့ ပေါ့ပါးစွာပင် ပြန်ကျလာသည်။

သူတို့သည် လေထဲမှပင် ဓားငါးကွက်တိတိ ယှဉ်ပြိုင်ခဲ့ပြီး ဖြစ်သည်။

မုယုံကျင်း၏ဓားပညာနှင့် အတွင်းအားမှာ သူ့ထက်သာနေကြောင်း မြေခွေးနက် ကောင်းကောင်းကြီး ရိပ်စားမိလိုက်သည်။

အကြောင်းမှာ သူ၏ဓားချက်လေးချက်အား မုယုံကျင်းက ကောင်းမွန်စွာ ခုခံနိုင်ခဲ့သော်လည်း မုယုံကျင်း၏ဓားချက်တစ်ချက်တည်းကိုမူ အသည်းအသန်ပင် ခုခံခဲ့ရသည်။

သူ၏ဓားကိုင်လက်တစ်ခုလုံး ထုံကျဉ်နေ၏။

သို့သော် ဟန်မပျက် ရယ်မောကာ...

"မင်းရဲ့ပညာ မဆိုးပါလား၊ ကျုပ်တို့နဲ့သာ ပူးပေါင်းယင်

နေ့ချင်းညချင်း ကြီးပွားလာမှာ သေချာတယ်"

မုယုံကျင်းလို လူစားမျိုးအား မည်သို့မျှ စည်းရုံး၍ရမည် မဟုတ်ကြောင်း သူက သိထားပါသည်။

သူက တမင် ပြောလိုက်ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် အချိန်ဆွဲကာ အကြံထုတ်နေခြင်း ဖြစ် လေသည်။

မြေခွေးနက်၏စကားကြောင့် မုယုံကျင်း မဲ့လိုက်၏။

"ကျုပ်ရဲ့ပညာက ခင်ဗျားတို့နဲ့ ပူးပေါင်းဖို့ထက် ခင်ဗျားတို့ ကို ချေမှုန်းဖို့ပဲဆိုတာ မှတ်ထား"

မြေခွေးနက် ရယ်မောလိုက်၏။

"မင်းရဲ့ပညာ ဘယ်လောက်ကောင်းကောင်း ငါတို့ကို ချေ မှုန်းဖို့ဆိုတာဟာ ကျောက်တောင်ကို ခေါင်းနဲ့ ဆောင့်သလိုပဲ ဖြစ်မယ် ဆိုတာ နားလည်ထားပါ"

မုယုံကျင်း အံကြိတ်လိုက်၏။

"အရင်ဦးဆုံး ဝူကျူးရှိ အားကိုးရတဲ့လူတွေကို အမှည့်ခြွေ ခြွေပစ်ရမယ်ဆိုတာ ကျုပ်နားလည်ထားတယ်"

ပြောယင်း ခုန်ဝင်တိုက်ခိုက်လာသည်။

မြေခွေးနက်ကလည်း အားကျမခံ ပြန်လည်တိုက်ခိုက်လိုက် ၏။

သူ၏ဦးခေါင်းထဲက အကြံတစ်ခု ရလာ၍ စိတ်ချလက်ချ တိုက်ခိုက်လိုက်ခြင်းပင် ဖြစ်သည်။

"ချွင်...ချွင်"



ဓားချင်း ထိခတ်သံများ ကျယ်လောင်စွာ ထွက်ပေါ်လာ သည်။

လေးငါးကွက်မျှ ရင်ဆိုင်လိုက်မိသည်နှင့် မြေခွေးနက်မှာ နောက်ဆုတ်ပေးလိုက်ရသည်။

ယခုတစ်ကြိမ် မုယုံကျင်းက လိုက်လံတိုက်ခိုက်လိုက်၏။

မြေခွေးနက်၏မျက်နှာပေါ်ဝယ် ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ပေါ်ထွက်လာသည်။

သူက တိုးဝင်လာသော ဓားချက်များအား သတိကြီးစွာ ထား၍ ခုခံလိုက်သော်လည်း ပခုံးတွင် ဓားချက်တစ်ချက် ထိမှန်သွား ခဲ့သည်။

သို့တိုင် သူက အပြုံးမပျက်ချေ။

မုယုံကျင်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မြေခွေးနက်သည် ဒဏ်ရာရသွားသည့်တိုင်အောင် အဘယ် ကြောင့် ပြုံးနေနိုင်ပါသနည်း။

သူက စဉ်းစားမရ ဖြစ်သွားသည်။

ထိုစဉ် မြေခွေးနက်၏စကားသံ ထွက်ပေါ်လာသည်။

"မင်းရဲ့ မိန်းကလေးအတွက်တော့ စိတ်မကောင်းပါဘူး ကွာ"

"ဟင်"

ထိုစကားကြောင့် မုယုံကျင်း ရင်ထိတ်သွားသည်။

မုံချူး ရှိရာသို့လည်း အမှတ်မထင် လှမ်းကြည့်မိလိုက်မိ၏။

ယင်းခဏမှာပင် အေးစက်သော အငွေ့အသက်တစ်ခု

သည် သူ၏ရင်ဝသို့ ရိုက်ခတ်လာသည်ဟု ခံစားလိုက်ရသည်။

မြေခွေးနက်က ဓားဖြင့် လျှပ်တပြက် ခုတ်ချလာခြင်း ဖြစ်၏။

မုယုံကျင်း ရင်ထိတ်သွားပြီး ဘေးသို့ ခုန်ရှောင်လိုက်လေသည်။

သို့တိုင် သူ၏ရင်ဝမှာ ပူခနဲ ဖြစ်သွား၏။

မြေခွေးနက်မှာ အပိုင်တိုက်ခိုက်လာခြင်းကြောင့် လုံးဝလွတ်မြောက်သွားခြင်း မရှိဘဲ ရပ်ထိသွားလေသည်။

မုယုံကျင်း ဒေါသခြောင်းခြောင်း ထွက်သွားသည်။

"ခင်ဗျားက အရှက်မရှိတဲ့လူပဲ"

မြေခွေးနက် ပြုံးလိုက်သည်။

"မင်းကို ရှင်းပစ်ဖို့က အရေးကြီးဆုံးပဲ ကျန်တာ ဘာမှ ဂ စိတ်မဝင်စားဘူး ဂရုမစိုက်ဘူး"

ပြောယင်း တိုက်ခိုက်လာသည်။

သူက အခွင့်အရေးရခိုက် ဖိ၍ တိုက်ခိုက်လာခြင်းပင် ဖြစ်သည်။

မုယုံကျင်း အံတင်းတင်း ကြိတ်လိုက်သည်။

မြေခွေးနက်အား မဖြစ်မနေ သုတ်သင်ရန် ဆုံးဖြတ်ချက်ချ လိုက်သည်။

"ယား"

ကျယ်လောင်စွာ ညာသံပေးယင်း တိုက်ခိုက်လိုက်သည်။

သူ၏တိုက်ခိုက်မှု အရှိန်အဟုန်မှာ ပြင်းထန်လွန်းလှ၏။



မြေခွေးနက် ရင်ထိတ်သွားသည်။

ဒဏ်ရာရထားသည့်တိုင်အောင် တိုက်ခိုက်မှု အရှိန်အဟုန်မှာ ယုတ်လျော့မသွားသည့် မုယုံကျင်းအား ကြည့်ပြီး ထိတ်လန့်လာသည်။

မုယုံကျင်း၏ဓားချက်များ တဖြည်းဖြည်း လျင်မြန်သွက်လက်လာသည်။

သူက အသည်းအသန် ခုခံကာကွယ်လိုက်စဉ်မှာပင် ပခုံးတစ်ဘက် ဒဏ်ရာရရှိသွားခဲ့သည်။

မုယုံကျင်းက အလျော့မပေးဘဲ အတင်းပင် တိုက်ခိုက်လာရာ...

"အင့်"

မသဲမကွဲ ညည်းညူယင်း မြေခွေးနက် နောက်ဆုတ်သွားသည်။

နောက်ထပ် ပခုံးတစ်ဖက် ထပ်မံဒဏ်ရာရသွား၏။

ယခု သူ၏ပခုံးနှစ်ဖက်စလုံး ဒဏ်ရာရသွားပြီ ဖြစ်သည်။

နောက်တစ်ခါဆိုလျှင် မြေပေါ် လဲကျဖို့သာ ရှိတော့ကြောင်း နားလည်မိကာ မျက်စိမျက်နှာ ပျက်သွားသည်။

မုယုံကျင်း၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာသည်။

"ဒီနေ့ ခင်ဗျားရဲ့ မိုက်မဲမှုတွေကို အဆုံးသတ်ပစ်ရမယ်"

စကားဆုံးလျှင် တရကြမ်း တိုက်ခိုက်လာလေသည်။

မြေခွေးနက် ထိပ်တိုက်ရင်မဆိုင်ရဲပါ။

မုယုံကျင်း တိုက်ခိုက်လာသည်နှင့် နောက်သို့ ဖျတ်ခနဲ ခုန်

ဆုတ်သွားလေသည်။

မုယုံကျင်း၏အားနည်းချက်ကို သိထားပြီဖြစ်ရာ...

"ဟေ့...ဟိုမိန်းကလေးကို တိုက်ကြစမ်း"

သူ၏လူများအား ချက်ချင်းပင် အော်ဟစ်အမိန့်ပေးလိုက်၏။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသူများသည် မုံချူးထံ ပြေးသွားကြသည်။

မုယုံကျင်း ရင်ထိတ်သွားသည်။

မြွေခွေးနက်ထံ ခုန်ဝင်သွားရာမှ အနက်ရောင်ဝတ်ဆင်ထားသူများထံ ချက်ချင်းပင် ခုန်ထွက်သွားလေသည်။

တဆက်တည်း သူ၏ဓားကိုင်လက်မှာလည်း လှုပ်ရှားသွားတော့သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာသည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံနှင့်အတူ အနက်ရောင်ဝတ်ဆင်ထားသူသုံးယောက် လဲကျသွားသည်။

မုယုံကျင်းက အထိတ်တလန့် ဖြစ်နေသော မုံချူး၏ရှေ့တွင် ရပ်ကာ အကာအကွယ် ပေးလိုက်သည်။

အနက်ရောင်ဝတ်ဆင်ထားသူများက တိုက်ခိုက်လိုက်၏။

သို့သော် မုယုံကျင်းက ပြန်လည် တိုက်ခိုက်လိုက်လျှင် ဖရိုဖရဲ ဖြစ်သွားလေသည်။



မြွေခွေးနက်မှာ ပါးနပ်လှသူပီပီ အခြေအနေ မဟန်ကြောင်း နားလည်လိုက်လေသည်။

"ရှီး..."

ချက်ချင်းပင် လေချွန်သံတစ်ချက်ပေးကာ နောက်ကျွမ်းပစ်၍ ခုန်ထွက်သွားသည်။

အနက်ရောင်ဝတ်ဆင်ထားသူများသည်လည်း မုယုံကျင်းအား ဆက်လက် မတိုက်ခိုက်တော့ဘဲ တဟုန်ထိုး ပြေးလွှားထွက်ခွာသွားလေသည်။

မုယုံကျင်းက ဟန့်တားခြင်း မရှိသောကြောင့် တခဏတွင်းမှာပင် အလျှိုလျှို ပျောက်ကွယ်သွားလေတော့သည်။

♣ ♣ ♣

## အန္တရာယ်ဟူသည်

မြေခွေးနက်တို့လူစု ထွက်ခွာသွားပြီ ဖြစ်သည်။

မုယုံကျင်း သက်ပြင်းချလိုက်၏။

မုံချူး ဘာမှ မဖြစ်သည့်အတွက် စိတ်အေးသွားသည်။

ရုတ်တရက် သူက တစ်စုံတစ်ရာအား သတိရကာ မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

မုံချူး မျက်မှောင်ကုပ်သွားသည်။

"အစ်ကို ဘာဖြစ်လို့လဲ ဟင်"

မုယုံကျင်းက ပတ်ဝန်းကျင်အား တစ်ချက်ဝေ့ကြည့်ယင်း...

"ယွဲ့ဖိန်း ဘယ်ရောက်သွားသလဲ"



ပတ်ဝန်းကျင်တွင် ယွဲ့ဖိန်း၏အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ယွဲ့ဖိန်း မည်သည့်နေရာသို့ ရောက်ရှိသွားပါသနည်း။

ရန်သူများ ဖမ်းသွားသည်လော။

မဖြစ်နိုင်ပါ။

ဤသို့ဆိုလျှင် ယွဲ့ဖိန်း ဘယ်မှာနည်း။

မုံချူးက တစ်ချက် စဉ်းစားယင်းမှ...

"ရန်သူခေါင်းဆောင်နဲ့ အစ်ကို ရင်ဆိုင်နေတုန်း ယွဲ့ဖိန်းက ရန်သူလေးငါးယောက်နဲ့ ရင်ဆိုင်ခဲ့တယ်၊ တိုက်ခိုက်ယင်း ဟိုက တော အုပ်ကြီးအနီး ရောက်ရှိသွားတယ်၊ နောက်တော့ ကျွန်မလဲ အမှုမဲ့ အမှတ်မဲ့ ဖြစ်ပြီး သတိမထားမိတော့ဘူး"

မုယုံကျင်း သက်ပြင်းချလိုက်ပြန်သည်။

ဤအတိုင်းဆိုလျှင် ယွဲ့ဖိန်းသည် ရန်သူများအား လိုက်လံတိုက်ခိုက်နေသည်မှာ ထင်ရှားနေ၏။

သူက ရှာပြင်တစ်ဘက်ရှိတောအုပ်အား တစ်ချက် လှမ်းကြည့်လိုက်ကာ...

"ဒီလိုဆိုယင်တော့ သူက တောအုပ်ထဲ ရောက်ရှိသွားပြီး ရန်သူတွေကို လိုက်လံချေမှုန်းနေတာ ဖြစ်မယ်၊ အစ်ကိုတို့ ခဏစောင့်ကြည့်တာပေါ့"

"ဟုတ်ကဲ့"

မုံချူး သဘောတူလိုက်၏။

နှစ်ယောက်သား တောအုပ်သို့ မျက်နှာမူကာ စောင့်ဆိုင်းနေလိုက်၏။

အချိန်များ တစ်ရွေ့ရွေ့ ကုန်ဆုံးသွားသည်။

ယခုထက်တိုင် ယွဲ့ဖိန်း၏အရိပ်အယောင်ပင် မတွေ့ရသေးပါ။

ယွဲ့ဖိန်း အနေဖြင့် သိုင်းပညာ မညံ့ပါချေ။

ရန်သူများအား ချေမှုန်းနိုင်မည်မှာ သေချာလှသည်။

ဤသို့ဆိုလျှင် အဘယ်ကြောင့် ယခုတိုင် ပြန်မလာခဲ့ရသနည်း။

မုယုံကျင်းမှာ ယွဲ့ဖိန်း ပြောခဲ့သော စကားကို ပြန်လည်သတိရလာ၏။

"လူစုကွဲသွားယင် ဒေါ်လေးကူးအိမ်ကိုသွား အဲဒီမှာ ပြန်ဆုံကြမယ်"



မုယုံကျင်း ဆက်လက်မစဉ်းစားတော့ပါ။

သူက မုံချူး၏လက်ကို ဆွဲကာ မြင်းများ ရပ်တန့်နေရာအနီးသို့ လျှောက်သွားလိုက်၏။

မုံချူး မျက်မှောင်ကုပ်သွားသည်။

"အစ်ကိုက ဆက်မစောင့်တော့ဘူးလား"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"သူက ဒေါ်လေးကူးဆီ သွားနေပြီလို့ ထင်မိလို့ပါ"

ပြောယင်း မြင်းပေါ် ခုန်တက်လိုက်သည်။

မုံချူး ဘာမှ မမေးတော့ပါ။

သူမလည်း မြင်းပေါ် ခုန်တက်လိုက်သည်။

ထို့နောက် နှစ်ယောက်သား ပိတောင်းကျေးရွာသို့ မြင်းကို ဦးတည်ကာ မောင်းနှင်သွားကြလေတော့သည်။

♣ ♣ ♣

ပိတောင်းကျေးရွာသည် အိမ်ခြေတစ်ရာခန့်သာ ရှိသော ရွာငယ်လေးတစ်ရွာသာ ဖြစ်သည်။

မုယုံကျင်းတို့ ပိတောင်းရွာသို့ ရောက်လာလျှင် တစ်ရွာလုံး ငြိမ်သက်တိတ်ဆိတ်ကာ အိပ်မောကျနေချေပြီ။

သူတို့သည် ပိတောင်းရွာ အနောက်ဘက် တောအုပ်ဆီသို့ ထွက်လာခဲ့ကြသည်။

တောအုပ်မှာ သိပ်မကြီးလှပါချေ။

တောအုပ်ထဲ အတန်ငယ် ဝင်မိလျှင်ပင် ကျယ်ပြန့်သော မြေကွက်လပ်တစ်ခုဘေးတွင် ဆောက်လုပ်ထားသော သစ်လုံးအိမ်တစ်လုံးကို တွေ့လိုက်ရသည်။

"ဒါ ဒေါ်လေးကူးအိမ်ပဲ ဖြစ်ရမယ်"

မုယုံကျင်း ကျိတ်၍ မှတ်ချက်ချလိုက်၏။

ထို့နောက် အိမ်ကလေးဆီ ချဉ်းကပ်သွားလိုက်သည်။



အိမ်ကလေးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပါသည်။

သို့သော် အိမ်ထဲတွင်တော့ မီးထွန်းညှိထားလေသည်။

အိမ်ထဲတွင် တစ်စုံတစ်ယောက် ရှိနေသည်မှာ သေချာလှသည်။

"ယွဲ့ဖိန်း ရောက်နေပြီ ထင်တယ်"

တီးတိုးရေရွတ်ယင်း မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

မုံချူးလည်း ဆင်းလာသည်။

မြင်းများကို တိုင်တစ်လုံးတွင် ချည်နှောင်ထားကာ အိမ်တံခါးအနီး ချဉ်းကပ်သွားလိုက်သည်။

မုယုံကျင်းက ထွေထွေထူးထူး စဉ်းစားမနေဘဲ တံခါးကို လက်ဖြင့် တွန်းဖွင့်လိုက်၏။

တံခါးကား တုတ်တုတ်မျှပင် မလှုပ်ပါ။

အထဲမှ မင်းတုန်းထိုးထားဟန်တူ၏။

အိမ်ထဲတွင် ထွက်ပေါ်နေသော မီးအလင်းရောင်မှလွဲ၍ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

မုယုံကျင်းမျက်မှောင်ကုပ်သွားသည်။

လိုအပ်သည်ထက် တိတ်ဆိတ်နေခြင်းကြောင့် မုယုံကျင်း စိတ်ထဲ ဘဝင်မကျ ဖြစ်လာသည်။

အိမ်ထဲတွင် ရန်သူများ ရှိနေမည်လောဟူသော သံသယများလည်း ဝင်ရောက်လာခဲ့သည်။

"အထဲက ဘာအသံမှ မကြားရဘူး ညီမ"

မုယုံကျင်းက နှစ်ကိုယ်ကြားလေသံဖြင့် ပြောလိုက်သည်။

မုံချူး တွေဝေသွားသည်။

"သူတို့ အိပ်ပျော်နေကြလို့များလား၊ ဒါမှမဟုတ် ရန်သူတွေများ ညီမတို့ကို ပြောင့်စားဖို့ အိမ်ထဲကများ စောင့်နေကြသလား မသိဘူး"

"အစ်ကိုလဲ ဒါကို တွေးနေမိတာ၊ ဘာပဲဖြစ်ဖြစ် အကျိုးအကြောင်း သိအောင်တော့ စုံစမ်းမှ ဖြစ်မယ်၊ ညီမ အသင့်ပြင်ထားပေတော့"

ပြောယင်း တံခါးခေါက်လိုက်၏။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အတွင်းဆီမှ မည်သည့်အသံမျှ မကြားရပါ။

မုယုံကျင်းနှင့် မုံချူးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

မုယုံကျင်းက တံခါးကို ထပ်ခေါက်လိုက်သည်။

"ဒေါက်...ဒေါက်...ဒေါက်"

တိတ်ဆိတ်သော ညဥ့်ယံတွင် တံခါးခေါက်သံမှာ ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ယခုတစ်ကြိမ်တွင်မူ ထူးခြားမှု ဖြစ်ပေါ်လာသည်။

တံခါးခေါက်ပြီး မရှေးမနှောင်းမှာပင် အတွင်းဆီမှ ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရသည်။

တံခါးဘက်သို့ လျှောက်လာနေဟန်ဖြင့် ခြေသံက တဖြည်းဖြည်း ကျယ်လာသည်။



တံခါးဝအရောက်တွင်...

"အပြင်က ဘယ်သူတွေလဲ"

အတွင်းမှ မေးမြန်းသံ ထွက်ပေါ်လာသည်။

မုယုံကျင်းနှင့် မုံချူးတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်သည်။

မုယုံကျင်းက ပခုံးတစ်ချက် တွန့်လိုက်သည်။

"ယွဲ့ဖိန်းရဲ့ မိတ်ဆွေတွေပါ၊ ဒီနေရာမှာ ချိန်းဆိုထားလို့ လာခဲ့တာပါ"

"သြော်...ယွဲ့ဖိန်းရဲ့ မိတ်ဆွေတွေကိုး"

အတွင်းမှ ရေရွတ်သံနှင့်အတူ တံခါးမင်းတုံးဖြုတ်သံ ကြားလိုက်ရသည်။

တဆက်တည်းပင် တံခါးပွင့်လာသည်။

တံခါးဝတွင် အမျိုးသမီးတစ်ယောက် ပေါ်လာသည်။

အသက်လေးဆယ်ဝန်းကျင်ရှိပြီး တည်ကြည်သော မျက်နှာထား ရှိလေသည်။

အမျိုးသမီးသည် ခရမ်းရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထားလေသည်။

မုယုံကျင်းက သူမအား အကဲခတ်ကြည့်လိုက်ပြီး...

"ခင်ဗျားက ဒေါ်လေးကူးလား"

အမျိုးသမီး ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ယွဲ့ဖိန်းက ပြောထားလို့ မင်းတို့ လာမှာကို ကျုပ်သိနေလို့ စောင့်နေတာပဲ"

အမျိုးသမီး(ဝါ)ဒေါ်လေးကူး၏အသံသည် ခြောက်ကပ်ကာ စူးရှအက်ကွဲနေသည်ဟု မုယုံကျင်း အကဲခတ်မိလိုက်သည်။

မုယုံကျင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"ယွဲ့ဖိန်း ဒီကို ရောက်နေပြီ ဟုတ်လား"

ဒေါ်လေးကူး ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

"သူဘယ်မှာလဲ အထဲမှာ ရှိသလား၊ ကျုပ်တို့ ဒီကို ရောက်တာ နည်းနည်းနောက်ကျသွားတယ်"

ဒေါ်လေးကူး လက်ကာပြလိုက်၏။

"ကိစ္စမရှိပါဘူး၊ မင်းတို့ကို အထဲကနေ စောင့်နေပါတယ်၊ ကဲ...အိမ်ထဲဝင်ကြပါဦး"

မုယုံကျင်း မဝင်သေးဘဲ တွေးတောစဉ်းစားနေ၏။

ယွဲ့ဖိန်း ရောက်ရှိနေသည်ဟုဆိုလျှင် အဘယ်ကြောင့် ထွက်၍ မကြိုဆိုရသနည်း။

သူတို့ အသံကြားသည်နှင့် ယွဲ့ဖိန်းသည် အပြင်သို့ ထွက်လာပြီး ဝမ်းသာအားရစွာ ဖက်လှဲတကင်း ပြုမည်မှာ မလွဲပါချေ။

မုယုံကျင်းက ဒေါ်လေးကူးအား မသင်္ကာသလို ကြည့်လိုက်၏။

ဒေါ်လေးကူးက သူ့အား ပြုံးပြလာသည်။

"ယွဲ့ဖိန်းက ဒဏ်ရာရလာတယ်၊ အခု ဆေးသောက်ပြီး အနားယူနေတယ်"

ဒေါ်လေးကူးသည် သူမအပေါ် သံသယရှိနေမှန်းသိ၍ ချေ



ပစကားဆိုလာခြင်း ဖြစ်သည်။

သို့သော် သူမ၏ဖြေရှင်းမှုသည် အဓိပ္ပါယ် မရှိဟု ဆင်ခြင်လိုက်မိသည်။

မုယုံကျင်းက စိုက်ကြည့်လိုက်သည်။

ဒေါ်လေးကူးက သူ့အား စိုက်ကြည့်ယင်း...

"ကဲ...အိမ်ထဲဝင်ကြပါ၊ မင်းတို့အတွက် ရေနွေးကြမ်း [illegible]းလုပ်လိုက်ဦးမယ်"

စကားဆုံးလျှင် အိမ်ကလေးထဲ ပြန်ဝင်သွားသည်။

မုယုံကျင်းမှာ ဒေါ်လေးကူး၏စကားကို လုံ[illegible]ဝမယုံကြည်ပါချေ။

ယွဲ့ဖိန်းသည် အနက်ရောင်ဝတ်ဆင်ထားသူများအား သိုင်းကွက်နှစ်ဆယ်အတွင်း အနိုင်ယူနိုင်စွမ်း ရှိသည်။

ဒဏ်ရာရအောင် တိုက်ခိုက်ခြင်း ခံရသည်ဆိုသည်မှာ အကွက်ဆင်ထားခြင်းသာ ဖြစ်နိုင်သည်။

ဒေါ်လေးကူးသည် အကြောင်းတစ်ခုခုကြောင့် ပရိယာယ်ဆင်နေသည်ဟု တွေးမိလာသည်။

မုံချူးမှာလည်း ဒေါ်လေးကူးအား မယုံကြည်ပါချေ။

"အထဲအရမ်းမဝင်နဲ့ အစ်ကို၊ သူဟာ ဒေါ်လေးကူးအဖြစ်ဟန်ဆောင်ထားတဲ့ ရန်သူတစ်ယောက် ဖြစ်ချင်ဖြစ်နေနိုင်တယ်၊ တမင်လုပ်ကြံဖို့ အကွက်ဆင်နေတာပဲ ဖြစ်လိမ့်မယ်"

မုယုံကျင်း ခေါင်းညိတ်လိုက်၏။

"သံသယဖြစ်ဖို့တော့ အတော်ကောင်းနေပြီ၊ ဒါကြောင့် ညီမ

အပြင်ကပဲ စောင့်နေ၊ အစ်ကို အထဲဝင်ကြည့်လိုက်မယ်"

"ဖြစ်ပါ့မလား အစ်ကို၊ အိမ်ထဲမှာ အန္တရာယ် ရှိပုံရတယ်"
မုံချူးက စိုးရိမ်စွာဖြင့် ပြောလာသည်။

မုယုံကျင်းက သူမအား စိုက်ကြည့်လိုက်၏။

သူတို့သည် တစ်ယောက်၏ရင်ထဲမှ မေတ္တာကို တစ်ယောက်က သိရှိနေခဲ့ပြီး ဖြစ်သည်။

မုယုံကျင်းက သူမအား အသာပွေ့ဖက်လိုက်၏။

မုံချူးက မရုန်းမိဘဲ ပြန်လည်သိုင်းဖက်လိုက်၏။

"အစ်ကို့အတွက် ဘာမှမပူနဲ့ ညီမအတွက်သာ စိုးရိမ်မိတာပါ"

"ဩော်... အစ်ကိုရယ်"

"ကဲ... ညီမ၊ အစ်ကို သွားမယ်၊ သတိမလစ်စေနဲ့"

သူက ချက်ချင်းပင် ခန္ဓာကိုယ်ခွာကာ အိမ်ထဲ လှမ်းဝင်လိုက်သည်။

မုံချူးက စိုးရိမ်သော စိတ်ကလေးနှင့်အတူ သက်ပြင်းချမိလိုက်လေတော့သည်။

♣ ♣ ♣



အိမ်ကလေးမှာ သပ်သပ်ရပ်ရပ် ရှိသည်။

ဧည့်ခန်းထဲတွင် ဒေါ်လေးကူးအား မတွေ့ရပါ။

အခန်းငယ်တစ်ခန်းခန်းထဲ ဝင်ရောက်သွားဟန် တူသည်။

အတွင်း၌ ဆက်လျက် အခန်းငယ်သုံးခန်း ရှိသည်။

လိုက်ကာခန်းဆီးစလေးများဖြင့် ကာထားသည်။

ထို့ကြောင့် အတွင်းဘက်ကို မမြင်ရပါ။

ဒေါ်လေးကူး မည်သည့်အခန်းထဲ ဝင်ရောက်သွားသည်ကို မခန့်မှန်းနိုင်ပါချေ။

သုံးခန်းစလုံး မီးရောင်များ ထိန်လင်းနေ၏။

မုယုံကျင်း ပထမ အခန်းဆီ လျှောက်သွားသည်။

ခန်းဆီးစလေးကို ဘေးသို့ ဖယ်လိုက်သည်။

အခန်းတစ်ခုလုံး ရှင်းလင်းကာ မည်သူမျှ မတွေ့ရချေ။

ဤသို့ဖြင့်...

တစ်ခန်းဝင်တစ်ခန်းထွက် သုံးခန်းစလုံး ပြည့်သွားသည့်တိုင် မည်သည့် ထူးခြားချက်ကိုမျှ မတွေ့ရချေ။

ထိုစဉ် အိမ်နောက်ဖေးဘက်ဆီမှ လဲပြိုသံသဲ့သဲ့ကို ကြားလိုက်ရ၍ ရင်ထိတ်သွားသည်။

ချက်ချင်းပင် နောက်ဖေးဖက်ဆီ ပြေးသွားလိုက်၏။

မီးဖိုဆောင်ကြမ်းပြင်တွင် လူတစ်ယောက် ခွေခွေလေး လဲကျနေ၏။

အဝတ်အစား အသွင်အပြင်ကို ကြည့်ရုံနှင့်ပင် ဒေါ်လေးကူးမှန်း ရိပ်စားမိလိုက်၏။

မုယံ့ကျင်း မျက်မှောင်ကုပ်သွားသည်။

"ဘယ်လိုဖြစ်တာပါလိမ့်"

သူက ဒေါ်လေးကူးအနီး လှမ်းသွားကာ အကဲခတ်ကြည့်လိုက်၏။

ဒေါ်လေးကူး၏နှုတ်ခမ်းထောင့်တွင် သွေးများ စီးကျနေ၏။

နောက်ဖေးတံခါးမှာလည်း ပွင့်နေသည်။

"တစ်ယောက်ယောက်က ဒေါ်လေးကူးကို လုပ်ကြံပြီး နောက်ဖေးပေါက်က ထွက်သွားတာ ဖြစ်မယ်၊ ဘာကြောင့် လုပ်ကြံသွားရတာလဲ"

သူက တစ်မျိုးလှည့် စဉ်းစားလိုက်ပြန်သည်။

"သူက ဟန်ဆောင်တာ မပိရိလို့ အချင်းချင်းပြန်ပြီး လုပ်ကြံသွားတာလား"



တွေးတောယင်းမှ ဒေါ်လေးကူး၏ဒဏ်ရာအား စစ်ဆေးရန် ခန္ဓာကိုယ်ကိုင်းလိုက်၏။

ယင်းခဏမှာပင် ဝင်းလက်သော အလင်းရောင်တန်းတစ်ချက် ထွက်ပေါ်လာလေသည်။

ဓားပျံလေးတစ်လက်သည် မုယံ့ကျင်း၏ရင်ဝသို့ တန်းတန်းမတ်မတ်ပင် ဝင်ရောက်လာသည်။

"ဟင်"

မုယံ့ကျင်း အလွန်ပင် ထိတ်လန့်သွားသည်။

ဓားပျံသည် နီးကပ်သော နေရာမှ ထွက်ပေါ်လာခြင်းကြောင့် မည်သို့မျှ ရှောင်တိမ်းနိုင်စွမ်း မရှိတော့ပါချေ။

♣ ♣ ♣

ဓားပျံသည် မည်သည့်နေရာမှ ပစ်လွှင့်လာပါသနည်း။

ဝေးဝေးတွေးနေစရာ မလိုပါ။

ဓားပျံသည် ဒေါ်လေးကူးထံမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

မုယုံကျင်း ခါးညွတ်လိုက်သည်နှင့် တပြိုင်နက် သူမ၏လက်တစ်ဖက် မြောက်တက်လာပြီး ဓားပျံတစ်လက်သည် မုယုံကျင်း၏ ရင်ဝဆီသို့ တန်းတန်းမတ်မတ်ပင် တိုးဝင်သွားသည်။

မုယုံကျင်းသည် သိုင်းပညာတော်သည်မှာ မှန်သည်။

အခက်အခဲကြုံလျှင် မည်သို့ ရင်ဆိုင် ကျော်ဖြတ်သွားရမည်ကိုလည်း ကောင်းကောင်း နားလည်ထားသည်မှာ မှန်သည်။

သို့သော်လည်း ယခုတစ်ကြိမ်တွင်မူ အလွန်နီးကပ်နေသော ဓားပျံကို မည်သို့မျှ မရှောင်တိမ်းနိုင်တော့ပါ။

ဓားပျံသည် ရင်ဝအား တည့်တည့်မတ်မတ် ထိမှန်သွားတော့၏။



ဤတွင် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာခဲ့တော့သည်။

ဓားပျံသည် မုယုံကျင်း၏ခန္ဓာပေါ်သို့ စိုက်ဝင်သွားခြင်း မရှိပါချေ။

ထို့အပြင် မာကျောသော အရာဝတ္ထုနှင့် ထိတွေ့မိလိုက်သလို ကြမ်းပေါ် ဒေါက်ခနဲ ပြုတ်ကျသွားလေသည်။

ဓားပျံက ဒုက္ခမပေးနိုင်တော့လျှင် မုယုံကျင်း၏ဓားကိုင်လက်မှာ ဆတ်ခနဲ လှုပ်ရှားသွားတော့သည်။

♣ ♣ ♣

ဒေါ်လေးကူးသည် သေဆုံးသွားခြင်း မရှိသလို ဒဏ်ရာရထားခြင်းလည်း မရှိပါ။

သူမက မုယုံကျင်းအား လှည့်စားကာ အကောက်ကြံလိုက်ခြင်း ဖြစ်သည်။

မုယုံကျင်းသည် ပြိုင်ဘက်ကင်းသိုင်းသမား ဖြစ်နေပါစေ သူမ၏ဓားပျံအား ရှောင်တိမ်းနိုင်မည် မဟုတ်ဟု တွက်ဆထားမိသည်။

သူမ တွက်ဆမိသလို ဓားပျံမှာ မုယုံကျင်းအား ထိမှန်သွားသည်။

သို့သော် ဓားပျံသည် မုယုံကျင်း၏ခန္ဓာကိုယ်ပေါ် စိုက်ဝင်သွားခြင်း မရှိပါ။

ထို့အပြင် မာကျောသော အရာဝတ္ထုကို ထိမှန်သွားသလို ကြမ်းပြင်ပေါ် ဒေါက်ခနဲ ပြုတ်ကျသွား၏။

"ဟင်"

မမျှော်လင့်သော အလွန်တရာ ထူးဆန်းသော အဖြစ်ကြောင့် ဒေါ်လေးကူး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

မယုံကြည်နိုင်အောင်လည်း ဖြစ်သွားသည်။

သို့သော် သူမသည် အလွန်တရာ ပါးနပ်သူ ဖြစ်ရကား ချက်ချင်းပင် ခုန်ထလိုက်၏။

ယင်းခဏမှာပင် ဝင်းလက်သော ဓားရောင်တစ်ချက် ထွက်ပေါ်လာသည်။

"အား"



ဒေါ်လေးကူးမှာ နာကျင်စွာ အော်ဟစ်ယင်း ပြန်လည်လဲကျသွားတော့သည်။

♣ ♣ ♣

မုယုံကျင်းကိုယ်တိုင် အဖြစ်အပျက်ကို နားမလည်ပါ။

သို့သော် သူက ပါးနပ်လှသူ ဖြစ်သောကြောင့် ရန်သူအပေါ် လက်ဦးမှု ရယူနိုင်ခဲ့လေသည်။

ဒေါ်လေးကူးကား ကြမ်းပြင်ပေါ် လဲကျနေပြီ ဖြစ်သည်။

သူမ၏ရင်ဝတွင် ဓားဒဏ်ရာတစ်ချက် ဖြစ်ပေါ်နေပြီး သူမ၏မျက်လုံးအစုံသည် မယုံကြည်နိုင်ဖွယ်ကောင်းအောင် ပြူးကျယ်နေ၏။

သူမ ယခုထက်တိုင် သေဆုံးသွားခြင်း မရှိသည်မှာ အဖြစ်အပျက်သည် အဘယ်ကြောင့် ပြောင်းလဲသွားရသည်ကို သိလိုနေသောကြောင့် ဖြစ်သည်။

ထိုအဖြစ်ကို မုယုံကျင်းလည်း စဉ်းစားမရပါ။

ပြီးမှ တိကျသော အဖြေတစ်ခု ရလာသည်။

ယင်းမှာ...

ဓားကျိုးအား ရင်ဘတ်အင်္ကျီထဲထည့်၍ ဝှက်ထားခဲ့သည်။

ဤသည်ကပင် သူ၏အသက်အား ကယ်တင်နိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။

မုယုံကျင်း သက်ပြင်းတစ်ချက်ချလိုက်၏။

သူက အင်္ကျီရင်ဘတ်ကြားမှ ဓားကျိုးအား အသာဆွဲထုတ်လိုက်၏။

တစ်ဖန် ဒေါ်လေးကူးအား ငုံ့ကြည့်ကာ...

"ခင်ဗျားရဲ့ လုပ်ကြံမှု အတော့်ကို ပိရိပါတယ်၊ ကျုပ်လဲ ဘယ်နည်းနဲ့မှ တတ်နိုင်မှာ မဟုတ်ဘူး၊ ဒါပေမယ် ဒီဓားကျိုးက ကျုပ်အသက်ကို ကယ်တင်နိုင်ခဲ့တယ်လေ"

ထိုအခါမှ ဒေါ်လေးကူးမှာ အဖြစ်အပျက်အား နားလည်သွား၏။

"ငါက လုပ်ကြံနိုင်ခဲ့ပေမယ့် ကံကြမ္မာက မျက်နှာသာမပေးခဲ့ပါလား"

သူမက စိတ်ပျက်ဟန်ဖြင့် ညည်းညူလိုက်၏။

မုယုံကျင်းက သူမအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျား ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ"

"ငါက အဆိပ်မယ်လို့ဖြေယင် မင်းထပ်မေးစရာ မလိုတော့ဘူး ထင်တယ်"

မုယုံကျင်း အံ့သြသွားသည်။

"ခင်ဗျားက ဝူကျူးရိရဲ့ကိုယ်ရံတော်ငါးယောက်ထဲက အဆိပ်မယ် ဟုတ်လား"

"ဟုတ်တယ်၊ ခေါင်းဆောင်ကြီးက မင်းကို နည်းအမျိုးမျိုးနဲ့ သုတ်သင်မှာပဲ၊ မင်း ဒီတစ်ခါ ကံကောင်းသွားပေမယ့် နောက်တစ်ခါ ကံမကောင်းနိုင်တော့ပါဘူး"

"ဝူကျူးရိက ဘာကြောင့် ကျုပ်ကို ဒုက္ခပေးချင်ရတာလဲ"



"မင်းက သူ့ကို ဒုက္ခပေးမယ့်လူ ဖြစ်နေလို့ပေါ့၊ ပြီးတော့ မင်းဆီက ဓားကျိုးကို သူက လိုချင်နေတယ်လေ"

ဒေါ်လေးကူးမှာ ပါးစပ်ထဲမှ သွေးများ အန်ထွက်လာသည်။

သူမသည် အားယူယင်း ပြောလာသည်။

"မင်းကို ဒုက္ခပေးဖို့ အဖက်ဖက်က ပြင်ဆင်ထားသလို ဓားကျိုးကို လုယူဖို့အတွက်လည်း နည်းလမ်းအမျိုးမျိုး သုံးထားတယ်၊ အခုအချိန်ကစပြီး မင်းမှာ ရွေးချယ်စရာ မရှိတော့ဘူး"

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာတို ဆိုလိုတာလဲ"

သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင်...

"အမယ်လေး"

အိမ်ရှေ့ဘက်ဆီမှ မုံချူး၏ အလန့်တကြား အော်ဟစ်သံထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

မုယုံကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။

ရန်သူသည် သူ့အား အမျိုးမျိုး ပရိယာယ်ဆင်နေကြောင်း နားလည်ကာ ရင်ထဲလေးလံလာသည်။

"မုံချူးကို အစီအစဉ်အတိုင်း သူတို့ ခေါ်သွားကြပြီ၊ မင်း အနေနဲ့ ကျူးထိန်မြို့ဘုံကျောင်းက စာပေသမားဆီ လိုက်သွားတာ အကောင်းဆုံးပဲ"

ဒေါ်လေးကူး(ဝါ)အဆိပ်မယ်သည် အားယူ၍ ပြောကာ သွေးများ အန်ထုတ်လာပြန်သည်။

မုယုံကျင်းမှာ မုံချူးအတွက် စိုးရိမ်စိတ်နှင့်အတူ အိမ်ရှေ့

ဘက် ပြေးထွက်လာခဲ့သည်။

သူက အိမ်ထဲမှထွက်ကာ ပတ်ဝန်းကျင်အနှံ့ ရှာဖွေကြည့်သော်လည်း မုံချူး၏အရိပ်အယောင်မျှပင် မတွေ့ရပါချေ။

ရန်သူများသည် မုံချူးအား ဖမ်းဆီးသွားသည်မှာ သေချာလှပေသည်။

မုံချူးအား ဖမ်းခေါ်သွားခြင်းမှာ ဓားကျိုးနှင့် လဲလှယ်ရန်မှတပါး အခြားမရှိမှန်းလည်း သဘောပေါက်ထားသည်။

မုံချူးအတွက် စိတ်မကောင်း ဖြစ်သွားသည်။

သူ့အပေါ် အားကိုးကာ သံယောဇဉ်ရှိနေသော မိန်းကလေးသည် ရန်သူ့လက်ထဲ ပါသွားချေပြီ။

သူ့အနေဖြင့်လည်း မုံချူးအား အဆုံးရှုံးမခံနိုင်မှန်း ကောင်းကောင်း သိလာခဲ့သည်။

မုံချူးအား မဖြစ်မနေ ကယ်တင်ရန် ဆုံးဖြတ်လိုက်၏။

ဓားကျိုးကို တစ်ချက်ကြည့်ကာ ရင်ဘတ်အင်္ကျီကြားထဲဝှက်ကာ ပြန်လည်သိမ်းဆည်းထားလိုက်သည်။

ယွဲ့ဖိန်းတစ်ယောက်လည်း ပျောက်ချင်းမလှ ပျောက်နေ၏။

မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

ရန်သူ့လက်ထဲ ကျရောက်သွားသည်လော၊ သို့မဟုတ် ရန်သူ့လက်ချက်ဖြင့် သေဆုံးသွားပြီလော။

အဖြေအား စဉ်းစားမရပါချေ။

သို့သော် အဆိပ်မယ် သိနိုင်သည်ဟု ယူဆမိလျှင် ချက်ချင်းပင် အိမ်နောက်ဖေးဘက် ပြေးထွက်လာခဲ့သည်။



အဆိပ်မယ်အား တွေ့ရလျှင် သူမျှော်လင့်ချက်များ မဖြစ်နိုင်တော့ကြောင်း သဘောပေါက်လိုက်၏။

အကြောင်းကား အဆိပ်မယ်မှာ သေဆုံးနေပြီ ဖြစ်သည်။

သူ့တွင် ရွေးချယ်စရာလမ်း မရှိတော့ပါ။

အဆိပ်မယ် သဲလွန်စပေးခဲ့သည့်အတိုင်း ကျူးထိန်မြို့ဘုံကျောင်းမှ စာပေသမားနှင့် သွားရောက်တွေ့ဆုံရမည် ဖြစ်သည်။

အန္တရာယ်များ၊ ထောင်ချောက်များ ဖြစ်နေလျှင်ပင် သူ့အနေဖြင့် တိုးဝင်ရန်မှတပါး အခြားနည်းလမ်း မရှိပါတော့ချေ။

မုယုံကျင်းသည် အိမ်ကလေးထဲမှ တစ်လှမ်းချင်း လှမ်းထွက်လာခဲ့လေတော့သည်။

♣ ♣ ♣

သံထည်ပစ္စည်းများအစား ကျောက်ဖြင့် ပြုလုပ်သော ပစ္စည်းများ နေရာယူလာ၍ စီးပွားရေး ကျဆင်းခဲ့သည်။

ယခု သူက ဆိုင်ကို ပိတ်ပစ်ကာ အခြားစီးပွားရေး ပြောင်းလဲလုပ်ကိုင်ရန်ပင် စဉ်းစားဆုံးဖြတ်ခဲ့သည်။

ညနေပိုင်းတွင်မူ လူတစ်ယောက်သည် ဓားတစ်လက်ပုံစံတူ ပြုလုပ်ပေးရန် ရောက်ရှိလာသည်။

ထိုလူက ငွေတစ်ထောင်ပေး၍ သူက အားချင်းပင် လုပ်ပေးလိုက်၏။

ထိုလူ၏ဓားမှာ ထူးခြားမှု မရှိသောကြောင့်လည်း သူက အလွယ်တကူပင် လုပ်ပေးလိုက်၏။

ဓားမကောင်းလျှင်နေပါ ပုံစံတူလျှင် တော်ပြီဟု အလုပ်ရှင်က တတွတ်တွတ် ပြောခဲ့သည် မဟုတ်ပါလား။

ပထမတွင် ထိုလူ၏ဓားနှင့် တစ်ထောင်ပင် ပေးခဲ့သည့်အတွက် အံ့သြခဲ့ရသည်။

အလွန်ထူးဆန်းသော အဖြစ်နှင့် ကြုံနေရပြီဟုလည်း နားလည်လိုက်သည်။

သို့သော် ထိုလူက ဓားကို ပြန်ယူသွားသည့် အချိန်မှစ၍ သူက ထိုအကြောင်းကို မေ့လျော့သွားသည်။

အခြားစီးပွားရေးလုပ်ငန်း လုပ်ဆောင်ရမည့် အရေးသာ ဦးနှောက်ထဲ ကြီးစိုးနေသည် မဟုတ်ပါလား။

♣ ♣ ♣

## သဲလွန်စ

ကျူးထိန်မြို့...

ကျူးထိန်မြို့သည် စည်ကားသော မြို့တစ်မြို့ ဖြစ်သည်။

ကျူးထိန်မြို့သည် ကျောက်ဖြင့် လုပ်သော အိမ်အသုံးအဆောင်ပစ္စည်းများ အများဆုံး ထွက်ရှိရာ မြို့လည်း ဖြစ်ပေသည်။

လုံချစ်...

လုံချစ်သည် ပန်းပဲဆရာတစ်ဦး ဖြစ်သည်။

မြို့ထဲတွင် ကျောက်ဖြင့် ပြုလုပ်သော အသုံးအဆောင်ပစ္စည်းဆိုင်များက နေရာယူထား၍ သူ၏ပန်းပဲဆိုင်မှာ အမြဲလိုလို ခြောက်သွေ့နေတတ်သည်။

မြင်းဖြူဘုံကျောင်း...

မြင်းဖြူဘုံကျောင်းသည် ကျူးထိန်မြို့တွင် အထင်ရှားဆုံး ဘုံကျောင်းတစ်ခု ဖြစ်သည်။

ကျန်ဘုံကျောင်းနှစ်ခုကား စည်ကားခြင်း သိပ်ရှိပါချေ။

မုယ့်ကျင်းသည် ကျူးထိန်မြို့သို့ ရောက်လာသည်မှာ နှစ်ရက်ရှိသွားပြီ ဖြစ်သည်။

မိုးစင်စင် လင်းသည်နှင့် တည်းခိုခန်းမှ ထွက်ကာ မြင်းဖြူဘုံကျောင်းသို့ ထွက်လာခဲ့သည်။

သူက ကျန်ဘုံကျောင်းနှစ်ခုတွင် စာပေသမားအား ရှာဖွေစုံစမ်းခဲ့ပြီး ဖြစ်သည်။

သတင်းအစအနပင် မရခဲ့ပါ။

သူရှာစရာဆို၍ မြင်းဖြူဘုံကျောင်းတွင် ရှိရမည်ဟု မုယ့်ကျင်း တထစ်ချ တွက်ဆထားလိုက်တော့သည်။

♣ ♣ ♣



မြင်းဖြူဘုံကျောင်းသည် ကျူးထိန်မြို့တောင်ဘက်တွင် ရှိလေသည်။

နံနက်လင်းခါး ဖြစ်သည်မို့ ဘုံကျောင်းတံခါးပင် မဖွင့်သေးပါချေ။

မုယ့်ကျင်း အကြံအိုက်သွားသည်။

သူက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်သည်။

ကံကောင်းထောက်မစွာပင် ဘုံကျောင်းနှင့် မျက်နှာချင်းဆိုင်တွင် ခေါက်ဆွဲပြုတ်ဆိုင်တစ်ဆိုင် ဖွင့်ထားသည်ကို တွေ့လိုက်ရသည်။

မုယ့်ကျင်း ဝမ်းသာသွားသည်။

သူက ခေါက်ဆွဲပြုတ်စားယင်း ဘုံကျောင်းတံခါးဖွင့်မည့်အချိန်ထိ စောင့်ဆိုင်းမည်ဟု ဆုံးဖြတ်ကာ လျှောက်လှမ်းသွားလိုက်၏။

ခေါက်ဆွဲပြုတ်ဆိုင်မှာ မကျယ်ဝန်းလှပါ။

စားပွဲ ငါးလုံးမျှသာ ရှိသည်။

လဘ္ဘက်ရည်ဆိုင်ကြီးတစ်ဆိုင်ဘေးတွင် ကပ်လျက် အဖိဆွဲကာ ဖွင့်ထားသည်ဟုဆိုက မမှားပါချေ။

သူက ဆိုင်ထဲ လှမ်းဝင်လိုက်ချိန်တွင် စားသောက်သူတစ်ဦးသာ ရှိနေသည်ကို တွေ့လိုက်ရသည်။

မုယံကျင်းက ခုံတစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး...

"ခေါက်ဆွဲပြုတ်တစ်ပွဲပေးပါ"

ဆိုင်ရှင်သည် အဘိုးအိုတစ်ယောက်ဖြစ်ပြီး သဘောကောင်းပုံ ရလေသည်။

မှာကြားထားသော ခေါက်ဆွဲပြုတ်အား ချက်ချင်းပင် ယူဆောင်လာပေးသည်။

မုယံကျင်းက စားသောက်လိုက်သည်။

ခေါက်ဆွဲပြုတ်မှာ အလွန်ပင် အရသာ ရှိလှသည်ဖြစ်ရာ တခဏချင်းပင် ကုန်စင်သွားလေသည်။

အဘိုးအိုက လှမ်းပြုံးပြယင်း...

"ခေါက်ဆွဲပြုတ် ယူဦးမလား"

မုယံကျင်း ခေါင်းခါယမ်းလိုက်သည်။

"တော်ပါပြီ ခင်ဗျာ၊ ကျွန်တော် သိပ်မဆာလို့ပါ"

အဘိုးအို ခေါင်းညိတ်ပြကာ တစ်ဘက်သို့ လှည့်သွားလေသည်။

ဘုံကျောင်းတံခါးမှာ ပိတ်ထားဆဲပင်...

မုယံကျင်းက ရေနွေးကြမ်းသောက်ယင်း ဘုံကျောင်းတံခါး



အား မမိတ်မသုန် အကဲခတ်ကြည့်နေသည်။

သူကြည့်နေဆဲမှာပင် ဘုံကျောင်းတံခါး ပွင့်သွား၏။

မုယံကျင်း ဝမ်းသာသွားသည်။

ထိုစဉ် တံခါးပွင့်သွားသည်နှင့် တပြိုင်နက် လူတစ်ယောက်သည် ဘုံကျောင်းအတွင်းမှ လှမ်းထွက်လာသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ပင် ဖြစ်သည်။

လူရွယ်သည် ခေါက်ဆွဲဆိုင်အား လှမ်းကြည့်ယင်း ခြေလှမ်းအစုံ ရပ်တန့်သွားသည်။

ရှုးစမ်းသလိုဟန်ဖြင့်လည်း လှမ်းကြည့်လာသည်။

ထိုလူရွယ်အား မေးကြည့်လျှင် သိနိုင်လိမ့်မည်ဟူသော အတွေးကြောင့် မုယံကျင်းက ထိုင်ရာမှ ထရပ်ကာ စားသောက်ခ ကျသင့်ငွေ ပေးချေလိုက်၏။

အဘိုးအိုက ငွေတုံးလေးအား ကြည့်ယင်း...

"ခေါက်ဆွဲတစ်ပွဲကို ငွေနှစ်ဆယ်ပဲ ကျပါတယ်၊ မောင်ရင်လေးရဲ့ငွေက ပိုနေတယ်"

မုယံကျင်း လက်ကာပြလိုက်၏။

"ကိစ္စမရှိဘူး ပြန်မအမ်းပါနဲ့ ယူထားလိုက်ပါ"

အဘိုးအို ခေါင်းခါယမ်းလိုက်၏။

"ဘယ်ဟုတ်ပါ့မလဲကွယ် ပြန်ယူထားလိုက်ပါ အကြွေမရှိယင် ကြုံမှပဲ ပေးပါ"

ပြောယင်း မုယုံကျင်း၏လက်ထဲ အတင်းပင် ပြန်လည်ထိုးထည့်ပေးနေ၏။

မုယုံကျင်းကလည်း လက်မခံပါ။

"ယူထားလိုက်ပါဗျာ"

အဘိုးအိုက မတတ်သာဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ၊ ကျုပ်လက်ခံလိုက်ပါ့မယ်"

သူ၏လက်သည် ငွေတုံးအား လှမ်းယူလိုက်ရာမှ လက်ငါးချောင်းအသွင် ပြောင်းလဲသွားကာ မုယုံကျင်း၏ရင်ဝအား ကုတ်ဆွဲချလိုက်လေသည်။

မုယုံကျင်း ရင်ထိတ်သွားသည်။

"ခင်ဗျား ဘာလုပ်တာလဲ"

ပြောယင်း နောင်သို့ ကပျာကယာ ခုန်ဆုတ်လိုက်သည်။

ယင်းအချိန်မှာပင် စားသောက်နေသူသည် ရုတ်ခြည်းခုန်ထလာပြီး ဝှက်ထားသော ဓားအား လျှပ်တပြက် ဆွဲထုတ်ကာ မုယုံကျင်း ရှောင်တိမ်းမည့်ဘက်သို့ တိုးသွင်းလာလေသည်။

မမျှော်လင့်သော အဖြစ်ကြောင့် မုယုံကျင်းမှာ အခက်တွေ့သွားသည်။

သူက တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချလိုက်သော အချိန်မှာပင် လူရိပ်တစ်ခုသည် ရိပ်ခနဲ ရောက်ရှိလာပြီး အဘိုးအို၏လက်ကောက်ဝတ်အား ပုတ်ချလိုက်သလို မုယုံကျင်း စားသောက်ခဲ့သော ခေါက်ဆွဲပန်းကန်ကိုလည်း ခြေဖြင့် ခတ်ထုတ်လိုက်သည်။

ခေါက်ဆွဲပန်းကန်သည် ဓားကိုင်လက်အား တည့်တည့်မတ်



ထိမှန်သွား၍ ဓားမှာလွတ်ကျသွားလေသည်။

ထိုလူ၏လှုပ်ရှားမှုမှာ တဒင်္ဂအချိန်အတွင်း ပြီးဆုံးသွားသည်။

အဘိုးအိုမှာ နောက်ဆုတ်သွားသလို ဓားဖြင့် လုပ်ကြံလာသူမှာလည်း နောက်ဆုတ်သွားလေသည်။

မုယုံကျင်းက ဝင်ရောက်လာသော လူရိပ်အား အကဲခတ်ကြည့်လိုက်၏။

ထိုအခါ သူ၏မျက်ခုံးမွေးအစုံ နဖူးပေါ်သို့ မြင့်တက်သွားလေသည်။

ထိုလူကား အခြားသူ မဟုတ်ပါ။

ဘုံကျောင်းအတွင်းမှ ထွက်လာသော ဝတ်စုံပြာနှင့်လူရွယ်ပင် ဖြစ်လေသည်။

သူက လူရွယ်အား ကြည့်နေယင်းမှ အဘိုးအိုဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားက ဘာသဘောနဲ့ အခုလိုမျိုး လုပ်ရတာလဲ"

သူ၏လေသံမှာ အေးစက်တင်းမာနေ၏။

အဘိုးအို၏မျက်နှာပေါ်တွင် အပြုံးရိပ်များ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

သူက မုယုံကျင်း၏စကားအား အဖြေမပေးပါ။

ဝတ်စုံပြာလူရွယ်အား မကျေမနပ်ဖြင့် ကြည့်ကာ...

"မင်း ဘာကြောင့် မဆိုင်ဘဲ ဝင်ရှုပ်ချင်ရတာလဲ"

ဝတ်စုံပြာလူရွယ်က တည်ကြည်သော မျက်နှာထားဖြင့်

ပြောလိုက်သည်။

"ကျုပ်က ဝင်ရှုပ်တာ မဟုတ်ဘူး၊ မဖြစ်သင့်တာ မဖြစ်ရ အောင်လို့ပါ"

"ဘာကွ"

"ဟုတ်တယ်၊ ခင်ဗျားတို့ ဒုက္ခရောက်သွားမှာ မကြည့်ချင် လို့ပါ"

"မင်း..."

"သူ့ကို အခုလို လုပ်ကြံလို့ရမယ် ထင်နေသလား၊ ဒီလိုဆို ယင် အစောကြီးကတည်းက သူသေသွားပြီပေါ့"

အဘိုးအိုမှာ မည်သို့ပြောရမည်မှန်းမသိ ဖြစ်သွားသည်။ မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

ဝတ်စုံပြာလူရွယ်၏စကားမှာ အဓိပ္ပါယ်တစ်မျိုး သက် ရောက်နေသည်ဟု ထင်မိသည်။

ထို့အပြင် ဝတ်စုံပြာလူရွယ်နှင့် အဘိုးအိုတို့သည် တစ်နည်း နည်းနှင့် ပတ်သက်နေရမည်ဟုလည်း ရိပ်စားမိလိုက်သည်။

သူ့အနေဖြင့် မည်သူ့ကိုမှ ယုံကြည်နိုင်ခြင်း မရှိပါ။

ဝတ်စုံပြာလူရွယ် ဝင်မလာပါကလည်း သူက ကောင်းစွာ ဖြေရှင်းနိုင်မည်သာ ဖြစ်သည်။

မုယုံကျင်းသည် အခြေအနေကို စောင့်ကြည့်နေလိုက်လေ သည်။

အဘိုးအိုနှင့်အတူ အနောက်မှ ဓားဖြင့် လုပ်ကြံလာသည် စားသောက်နေသူမှာ လူရွယ်တစ်ယောက်ပင် ဖြစ်၏။



ထိုလူရွယ်၏မျက်နှာတွင် ကျောက်ပေါက်မာများဖြင့် ပြည့် နက်ကာ အလွန်ပင် အရုပ်ဆိုးအကျည်းတန်လှပေသည်။

အဘိုးအိုက တွေဝေငေးငိုင်သွားသော်လည်း ကျောက် ပေါက်မာနှင့်လူရွယ်က ဒေါသတကြီးဖြင့် ပြောလာသည်။

"မင်းက သူ့ကို ကြောက်လို့ ဒီကိစ္စကို လက်ရှောင်သွားတာ မဟုတ်လား၊ မင်းဟာ လူကြောက်တစ်ဦးဆိုတာ အခုမှပဲ ငါသိတော့ တယ်"

ဝတ်စုံပြာလူရွယ်က စိတ်ဆိုးခြင်း ဒေါသထွက်ခြင်း အလျဉ်း မရှိပါချေ။

ကျောက်ပေါက်မာနှင့်လူရွယ်အား စိုက်ကြည့်ယင်း အေး ဆေးစွာဖြင့် ပြောလိုက်သည်။

"မင်းထင်ချင်သလိုထင်ပေါ့၊ ငါ ဒီအလုပ်မျိုးတွေကို စိတ် ကုန်သွားပြီဆိုတာတော့ ထပ်ပြောချင်တယ်"

"သွားစမ်းပါကွာ၊ မင်းက ကြောက်လို့ ခေါင်းရှောင်သွားတာ ပဲ၊ ဘာကြောင့် အေးအေးဆေးဆေး မနေဘဲ ဝင်ရှုပ်တာလဲ၊ ဒီကိစ္စ မင်းမလုပ်လို့ ငါတို့ လုပ်ရတာပဲ မဟုတ်လား"

ကျောက်ပေါက်မာနှင့်လူရွယ်က ခါးခါးသီးသီးပင် ပြောလာ ၏။

ဝတ်စုံပြာလူရွယ် သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းက ကျုပ်စေတနာကို နားမလည်ဘဲကိုး၊ မင်း သူ့ကို ဘယ်လိုမှ မနိုင်ဘူး၊ ဘာကြောင့် မနိုင်တဲ့ဝန် ထမ်းချင်ရတာလဲ၊ အကောင်းဆုံးက မင်းဆရာကို လွှတ်သင့်တယ်"

ကျောက်ပေါက်မာနှင့်လူရွယ် အံတစ်ချက်ကြိတ်လိုက်လေသည်။

"စာပေသမား၊ အခု မင်းဟာ ရန်သူကို ကူညီခဲ့တဲ့အတွက် သစ္စာဖောက်တာ ထင်ရှားနေပြီ၊ ဒါဟာ မင်းလမ်းမင်းရွေးလိုက်တာပဲ ဆိုတာ မှတ်ထား"

စကားဆုံးလျှင် ဆိုင်အပြင်သို့ တဟုန်ထိုး ပြေးထွက်သွားလေသည်။

အဘိုးအို သက်ပြင်းတစ်ချက်ချလိုက်သည်။

"မုယံုကျင်း၊ ဓားကျိုးနဲ့ မုံချူးကိုလဲဖို့ ပြင်ဆင်ထားပါ၊ ငါတို့ ထပ်လာခဲ့ဦးမယ်"

မုယံုကျင်းအား ပြောကာ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

အဘိုးအိုနှင့် ကျောက်ပေါက်မာလူရွယ်တို့သည် ဂူကျူးရှိ၏ လူများဖြစ်ကြောင်း ထင်ရှားနေပါသည်။

သူတို့ထံမှ မုံချူး ရှိမည့်နေရာကို သိနိုင်ပေသည်။

ယခု သူတို့သည် ထွက်ခွာသွားကြပြီ ဖြစ်သည်။

မုယံုကျင်းက လှုပ်ရှားခြင်း မရှိသလို ဟန့်တားခြင်းလည်း မရှိပါ။

လူရွယ်ကိုသာ မမှိတ်မသုန် ကြည့်နေ၏။

လူရွယ်သည် 'စာပေသမား'ဟု သိရချိန်မှစ၍ အဘိုးအိုတို့သည် သူ့အတွက် အရေးမကြီးတော့ပါချေ။

အကြောင်းမှာ စာပေသမားသည် သူတို့ထက် ပို၍ အရေး



ပါသူမှန်း သူက ကောင်းစွာ သိထားသောကြောင့်ပင် ဖြစ်လေတော့သည်။

♣ ♣ ♣

မုယံုကျင်းသည် လူရွယ်အား စူးစိုက်ကြည့်နေလိုက်၏။

လူရွယ်ကလည်း သူ့အား အကဲခတ်ကြည့်နေသည်။

အတန်ကြာသည့်တိုင်အောင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဖြစ်ကြပါ။

အတော်ကလေး ကြာသွားမှ ဝတ်စုံပြာလူရွယ်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားက ကျုပ်ကို လိုက်ရှာနေတယ်ဆိုတာ သိထားပါတယ်၊ ခင်ဗျား ဒီကို ရောက်လာမယ်ဆိုတာလဲ သိထားတယ်"

ထိုစကားက စာပေသမားဟု ဝန်ခံလိုက်သလို ရှိနေ၏။

မုယံုကျင်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ဂူကျူးရှိရဲ့ကိုယ်ရံတော်ငါးဦးထဲက 'စာပေသမား'ဟုတ်လား"

ဝတ်စုံပြာလူရွယ် ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

ပြောယင်း ထိုင်ခုံတစ်လုံးဆွဲယူကာ ထိုင်ချလိုက်၏။

သူ၏အေးအေးဆေးဆေး အမူအရာကြောင့် မုယံုကျင်းကြောင်အမ်းအမ်း ဖြစ်သွားသည်။

သို့သော် ပရိယာယ်ဆင်ကာ အကောက်ကြံနိုင်ကြောင်း တွေးမိ၍ သတိကြီးစွာထားကာ နေလိုက်၏။

"ထိုင်ပါဦးဗျာ၊ ကျုပ်တို့ စကားအေးအေးဆေးဆေး ပြောကြတာပေါ့"

မုယံကျင်း ဘာမျှမပြောပါ။

စာပေသမားနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ရောက်ထိုင်ချလိုက်၏။

စာပေသမားက အသာပြုံးလိုက်သည်။

"အမှန်တော့ ဒီဆိုင်က ဦးလေးကျောက်ရဲ့ဆိုင်ပဲ၊ ဦးလေးကျောက် နေမကောင်းလို့ ဆိုင်မထွက်နိုင်တာ သုံးရက်လောက်ရှိပြီ၊ ဒါကြောင့် ဒီနေ့ ဆိုင်ဖွင့်တော့ ထူးဆန်းတယ်လို့ ထင်မိတာ၊ ဆိုင်ရှင်မဟုတ်ဘဲ တခြားလူတွေဆိုတော့ ခင်ဗျားဟာ မုယံကျင်းမှန်း ကျုပ်သိခဲ့တာပေါ့"

မုယံကျင်း ခေါင်းညိတ်လိုက်၏။

"သူတို့ကို ခင်ဗျားသိတယ် မဟုတ်လား"

"သိပါတယ်၊ သူတို့ဟာ 'ဓားသမား'ရဲ့တပည့်နှစ်ယောက်ပါ၊ အဘိုးအိုက ဟန်ဆောင်ရုပ်ဖျက်ထားတာပါ၊ ဂူကျူးရိရဲ့ကိုယ်ရံတော်ငါးဦးထဲမှာ ဓားသမားဟာ လျှို့ဝှက်လွန်းပြီး ကြောက်စရာအကောင်းဆုံးပါ၊ သူ့တပည့် အိုရန်ညီနောင်ကလည်း ကြောက်စရာကောင်းသူတွေပေါ့"

မုယံကျင်း အသာပြုံးလိုက်၏။

"ဂူကျူးရိရဲ့လက်အောက်က စာပေသမားဟာလဲ အလွန်



ကြောက်စရာကောင်းတယ်လို့ ကျုပ်ကြားဖူးပါတယ်"

စာပေသမား ပခုံးတွန့်လိုက်၏။

"ဒါဟာ တစ်ချိန်တုန်းက ဖြစ်ပါလိမ့်မယ်၊ အခုအချိန်မှာတော့ မဖြစ်နိုင်လောက်တော့ပါဘူး"

မုယံကျင်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ ကျုပ်နားမရှင်းဘူး"

စာပေသမား၏မျက်နှာ တည်ကြည်လေးနက်သွား၏။

"ကျုပ်က အစတုန်းက ဆိုးမိုက်ခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ သုံးလလောက်ကစပြီး ကိစ္စတစ်ခုကြောင့် အသိတရားရခဲ့ပြီး မကောင်းမှုတွေကို စွန့်လွှတ်ခဲ့တယ်"

မမျှော်လင့်သောစကား ကြားလိုက်ရ၍ မုယံကျင်း အံ့အားသင့်သွားလေသည်။

ဂူကျူးရိကဲ့သို့ အမှောင်ရာဇာတစ်ဦး၏ကိုယ်ရံတော်က နောင်တရနေသည်ဆိုခြင်းမှာ အံ့သြဖွယ်ကောင်းနေသည် မဟုတ်ပါလား။

သို့သော် သူက မယုံကြည်နိုင်ဘဲ ဖြစ်နေ၏။

သူက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

စာပေသမားက ဆက်ပြောလာသည်။

"အိုရန်ညီနောင်ဟာ မုံချူးကို ကျုပ်ဆီ ခေါ်လာတယ်၊ ကျုပ်က ဒီကိစ္စထဲ ဝင်မပါလိုတာကြောင့် လက်မခံခဲ့ဘူး၊ သူတို့က ကျုပ်မကူညီတဲ့အတွက် အခုလိုမျိုး ဟန်ဆောင်ပြီး လုပ်ကြံခဲ့ကြတာပဲ၊ ကျုပ်က မကူညီတဲ့အပြင် ဝင်ရှုပ်သလို ဖြစ်သွားတာမို့ သူတို့က

သစ္စာဖောက်လို့ ထင်သွားတာပဲ၊ သူတို့သာ ဆက်ပြီး တိုက်ခိုက်မယ်ဆိုယင် ခင်ဗျားရဲ့ ဓားချက်ကြောင့် သေဆုံးသွားမယ်ဆိုတာ နည်းနည်းလေးမှ မတွေးမိကြဘူး"

မုယုံကျင်း သက်ပြင်းချလိုက်၏။

"မုံချူး အခု ဘယ်မှာရှိသလဲ"

စာပေသမားက သူ့အား စိုက်ကြည့်လာသည်။

"ကျုပ်က လက်မခံဘဲ ငြင်းလွှတ်လိုက်တဲ့နောက် တစ်နေရာမှာပဲ ရှိနိုင်တယ်"

"ဘယ်နေရာလဲ"

"ဓားသမားရဲ့ အိမ်ဂေဟာမှာပါ"

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ဓားသမားရဲ့အိမ်ဂေဟာ ဟုတ်လား၊ သူက ဘယ်မှာနေတာလဲ"

"ကျူးထိုင်မြို့ကို သွားဖို့ တစ်ရက်ခရီးလောက်ပဲ ကြာမယ်၊ ကျူးထိုင်အနောက်ဘက်က ခြံဝင်းကို လူတိုင်း သိကြတယ်၊ အနောက်ဘက်ခြံဝင်းကို သူဌေးတစ်ဦးက ပိုင်ဆိုင်ထားတယ်၊ အဲဒီ သူဌေးဟာ ဓားသမားပဲ"

"လက်စသတ်တော့ သူက သူဌေးဟန်ဆောင်ပြီး ပေါ်ပေါ်ထင်ထင် နေ့နေတာကိုး"

"ဟုတ်ပါတယ်၊ အနောက်ဘက်ခြံဝင်းမှာပဲ မုံချူးကို ဖမ်းဆီးထားလိမ့်မယ်"

မုယုံကျင်း သက်ပြင်းချလိုက်၏။



စာပေသမား ပြောခဲ့သည့် စကားများသည် အမှန်ချည်းပင်လော။

ရန်သူက ပရိယာယ်ထောင်ချောက် ဆင်ထားခြင်းပင်လော။

စာပေသမားမှာ မုယုံကျင်း၏သဘောကို ရိပ်စားမိဟန်ဖြင့် ပြောလာသည်။

"ကျုပ်နောင်တရပြီး မကောင်းမှုတွေ စွန့်လွှတ်လိုက်ပြီဆိုတာ ခင်ဗျားမပြောနဲ့ ဂူကျူးရိကိုယ်တိုင်က မယုံဘဲ အိုရန်ညီနောင်နဲ့ ပူးပေါင်းခိုင်းတာကို ကြည့်ယင် သိနိုင်ပါတယ်၊ ကျုပ်ကလဲ ဘယ်သူ့ကိုမှ ယုံပါလို့ မပြောချင်ဘူး၊ ခင်ဗျားကို အမှန်အတိုင်း ပြောခဲ့တာပဲ၊ ကျုပ်အနေနဲ့ လိမ်ပြောစရာ အကြောင်းမှ မရှိတာ၊ ဒီအတောအတွင်း ကျုပ်က မြင်းဖြူဘုံကျောင်းမှာပဲ ရှိမယ်၊ ခင်ဗျား အချိန်မရွေး လာရှာနိုင်ပါတယ်"

မုယုံကျင်းသည် စာပေသမားအား စူးစိုက်ကြည့်လိုက်၏။

ထို့နောက် သူ၏မျက်နှာပေါ်တွင် အပြုံးရိပ်တစ်ခု ဖြစ်ပေါ်လာလေသည်။

"ကောင်းပြီ၊ ကျုပ်က ခင်ဗျားပြောတာတွေကို ယုံကြည်လိုက်ပါ့မယ်၊ ခင်ဗျား အခုလို အမြင်မှန်ရလာတဲ့အတွက် ကျုပ်ဝမ်းသာပါတယ်၊ ကျုပ်သွားလိုက်ပါဦးမယ်"

ပြောယင်း ထရပ်လိုက်သည်။

စာပေသမားလည်း ထရပ်လိုက်သည်။

သူက မုယုံကျင်းအား စေ့စေ့ကြည့်ကာ...

"ဓားသမားဟာ ဘယ်သူနဲ့မှ မတူဘူး၊ ကြောက်စရာကောင်းတယ်ဆိုတာ မှတ်ထားပါ။ ခင်ဗျား အဆင်ပြေပါစေလို့ ကျုပ်ဆုတောင်းပေးပါတယ်"

မုယုံကျင်· ဘာမျှမပြောဘဲ ချာခနဲလှည့်ကာ ထွက်လာခဲ့တော့သည်။

စာပေသမားသည် သူ့အား ငေးကြည့်ယင်း သက်ပြင်းရှည်တစ်ချက်ချလိုက်မိတော့သည်။

♣ ♣ ♣



"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

မြင်းစီးသမားတစ်ဦးသည် ကျုးထိန်မြို့ပြင်လမ်းအတိုင်း မြင်းကို နှင်လာခဲ့သည်။

ထိုမြင်းစီးသမားမှာ မုယုံကျင်းပင် ဖြစ်လေသည်။

မုယုံကျင်းသည် ကျုးထိုင်မြို့အနောက်ဘက် ခြံဝင်းဆီသို့ ဦးတည်နှင်နေခြင်းပင် ဖြစ်လေသည်။

သူက မြင်းကို မရပ်မနား နှင်လာရာ မိုးချုပ်ပြီးချိန်တွင် ကျုးထိုင်မြို့ အနောက်ဘက် ခြံဝင်းဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက်ပင် ရောက်လာခဲ့တော့သည်။

♣ ♣ ♣

## မမျှော်လင့်သူ

အနောက်ဘက်ခြံဝင်း...

အနောက်ဘက်ခြံဝင်းသည် ကျူးထိုင်မြို့တွင် ရှိသော်လည်း တစ်သီးတစ်ခြား ဆောက်လုပ်ထားခြင်း ဖြစ်သည်။

မြို့အနောက်ဘက်အစွန်တွင် အလွန်ကြီးမားသော ခြံဝင်းကြီးအား အုတ်တံတိုင်းများ ကာရံထားသည်ဖြစ်ရာ မြို့နှင့် အဆက်အသွယ်ဖြတ်ထားသလို ရှိနေ၏။

ခြံဝင်းအလယ်တွင် ကြီးမားသော စံအိမ်ကြီးတစ်လုံး ရှိနေလေသည်။



ခြံဝင်း မလှမ်းမကမ်းရှိ သစ်ပင်ပေါ်မှနေ၍ အခြေအနေအကဲခတ်ကြည့်နေသော မုယုံကျင်း သက်ပြင်းချလိုက်၏။

ခြံဝင်းထဲတွင် အစောင့်အကြပ်များစွာ ရှိနေသည်။

ဂူကျူးရှိ၏လက်အောက်တွင် ဓားသမားမှာ အလွန်အရေးပါသူတစ်ယောက်ဟုလည်း ယုံကြည်လာလေသည်။

စံအိမ်တစ်ခုလုံး နေ့ဘက်နှင့်မခြားအောင်ပင် မီးရောင်များထိန်ထိန်လင်းနေ၏။

သူ့အနေဖြင့် တိတ်တဆိတ်ဝင်ရောက်ရန် မလွယ်ကူဟု နားလည်ထားခြင်းကြောင့် ပြောင်ပင်ဝင်ရန် ဆုံးဖြတ်ကာ သစ်ပင်ပေါ်မှ ခုန်ဆင်းလိုက်၏။

မြင်းကို အုတ်ထံတိုင်းဘေးတွင် ထားခဲ့ကာ ခြံဝင်းတံခါးဝဆီသို့ ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လာခဲ့သည်။

သိုင်းသမားလေးဦးသည် ခြံဝင်းတံခါးအား စောင့်ကြပ်နေ၏။

မုယုံကျင်း ရောက်ရှိလာသည်ကို မြင်လျှင်...

အစောင့်များ လှုပ်လှုပ်ရှားရှားဖြစ်သွားကြသည်။

"ဟေ့...ဘယ်သူလဲ၊ ဘာကိစ္စလဲ"

အစောင့်တစ်ယောက်က လေသံမာမာဖြင့် မေးလာသည်။

မုယုံကျင်း အသာပြုံးလိုက်သည်။

"ခင်ဗျားတို့ သူဌေးနဲ့ တွေ့ချင်လို့ပါ"

အစောင့် နှာခေါင်းရှုံ့လိုက်၏။

"ရာရာစစ သူဌေးနဲ့ တွေ့ရအောင် မင်းက ဘယ်သူမို့လဲ၊

သူဌေးက တော်ရုံဧည့်သည်ကို တွေ့ဆုံနိုင်မှာ မဟုတ်ဘူးကွ"

မုယုံကျင်း စိတ်မရှည်ဘဲ ဖြစ်သွားသည်။

"ကျုပ်မုယုံကျင်း ရောက်လာပြီလို့သာ ပြောလိုက်ပါ၊ ခင်ဗျားတို့သူဌေး လက်ခံတွေ့ဆုံပါလိမ့်မယ်"

အစောင့်များ အံ့သြသွားသည်။

"မင်းက မုယုံကျင်း ဟုတ်လား"

မုယုံကျင်းက....

"ဟုတ်တယ်"

အစောင့်များ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြပြီး တံခါးဖွင့်ပေးလာသည်။

အစောင့်တစ်ယောက်က ပြုံးပြလာပြီး...

"ခင်ဗျားကို သခင်မလေးက စောင့်မျှော်နေတာ ကြာပြီ၊ ကဲ...ကျုပ်နောက်လိုက်ခဲ့ပါ"

အစောင့်သည် ရှေ့မှ ခြေလှမ်းသွက်သွက်ဖြင့် လမ်းပြခေါ်ဆောင်သွားလေသည်။

မုယုံကျင်းမှာ အစောင့်၏စကားကြောင့် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

သခင်မလေး စောင့်နေသည်မှာ ကြာပြီဟု အစောင့်က ပြောသွားသည်။

သခင်မလေး...

အစောင့်ပြော သခင်မလေးသည် မည်သူနည်း။

သူနှင့် မည်သို့ ပတ်သက်နေသနည်း။



ဓားသမားသည် မိန်းကလေးတစ်ယောက် ဖြစ်နေသလော။

တခဏအတွင်း သူ၏ဦးခေါင်းထဲ ရှုပ်ထွေးသွားမိတော့သည်။

ထို့နောက် အတွေးစများကို ဖြတ်ကာ အစောင့်နောက်သို့ ခြေလှမ်းသွက်သွက်ဖြင့် လိုက်သွားလေတော့သည်။

♣ ♣ ♣

အစောင့်သည် စံအိမ်တံခါးဝအထိ လိုက်ပို့ကာ ပြန်သွားသည်။

စံအိမ်တံခါးဝမှ သိုင်းသမားကတဆင့် လမ်းပြခေါ်ဆောင်သွားပြန်သည်။

အခန်းခန်း အဆောင်ဆောင်ကို ဖြတ်သန်းပြီးနောက် ပန်းကနုတ်များ ဖော်ထားသော တံခါးရှေ့သို့ အရောက်တွင် သိုင်းသမားက ခြေလှမ်းရပ်သွားသည်။

မုယုံကျင်းလည်း ရပ်တန့်ကာ ဝန်းကျင်အား အကဲခတ်ကြည့်ရှုလိုက်၏။

"မုယုံကျင်း ရောက်လာပါပြီ သခင်မလေး"

အစောင့်သိုင်းသမားက တံခါးဘက် မျက်နှာမူကာ သတင်းပို့လိုက်သည်။

တံခါးပွင့်မလာပါချေ။

သို့သော် အတွင်းဘက်မှ စကားသံတစ်ချက် ထွက်ပေါ်လာသည်။

မိန်းကလေးတစ်ယောက်၏စကားသံပင် ဖြစ်သည်။

"ကောင်းပြီ၊ အထဲလွှတ်လိုက်"

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

ထိုမိန်းကလေးအသံအား ကြားဖူးသည်ဟု ထင်မိသည်။ မည်သည့်နေရာတွင် ကြားဖူးသည်ဟုကား စဉ်းစားမရဘဲ ဇဝေဇဝါ ဖြစ်နေ၏။

သိုင်းသမားက မုယုံကျင်းဘက် လှည့်လာသည်။



"ခင်ဗျားကို သခင်မလေးက အထဲမှာ စောင့်နေတယ်၊ တံခါးတွန်းဖွင့်ပြီးတော့သာ ဝင်သွားပါ"

ပြောပြီး သိုင်းသမားက ထိုနေရာမှ ထွက်ခွာသွားသည်။

မုယုံကျင်း စဉ်းစားမနေတော့ပါ။

အချိန်မရွေး တိုက်ခိုက်နိုင်ရန် အသင့်ပြင်ထားပြီး စေ့ထားသော တံခါးကို တွန်းဖွင့်ပြီး အထဲသို့ ဝင်သွားလိုက်လေသည်။

ကျယ်ဝန်း၍ ခမ်းနားလှပသော အိပ်ခန်းဆောင်ကြီးထဲ သူဝင်မိခြင်းဟု နားလည်လိုက်ရသည်။

အခန်းတစ်ခုလုံး အမွှေးနံ့များ ကြိုင်လှိုင်နေ၏။

အမျိုးသမီးတစ်ဦး၏ အိပ်ခန်းပင် ဖြစ်မည်ဟု သိလိုက်ရသည်။

မုယုံကျင်းက အခန်းထဲ ဝေ့ကြည့်လိုက်၏။

ထိုအခါ ထိုင်ခုံတစ်လုံးတွင် ရှိနေသော မိန်းကလေးတစ်ယောက်အား တွေ့မြင်လိုက်ရသည်။

မိန်းကလေးသည် ဖွင့်ထားသော ပြတင်းပေါက်အား မျက်နှာမူထားခြင်း ဖြစ်သောကြောင့် မျက်နှာအား မမြင်တွေ့ရပါ။

အဖိုးတန် အဖြူရောင် ပိုးဖဲဝတ်စုံကို ဆင်မြန်းထား၏။

ကျောခိုင်းထားခြင်း ဖြစ်သောကြောင့် မိန်းကလေး၏ခန္ဓာကိုယ်အလှမှာ ပန်းပုထုထားသည့်အလား အမျိုးအစားပြေပြစ်ကာ လှပနေ၏။

သခင်မလေးသည် ဤမိန်းကလေးသာ ဖြစ်ရမည်။

ထိုမိန်းကလေးသည် မည်သူနည်း။

ထိုစဉ် မိန်းကလေးက သူ့ဘက် လှည့်လာသည်။

သို့သော် မျက်နှာအား အနီရောင်ဇာပဝါဖြင့် ကာရံထား သောကြောင့် မည်သူမည်ဝါဖြစ်သည်ကို မခန့်မှန်းနိုင်တော့ပါချေ

မိန်းကလေးက လက်ဝှေ့ယမ်းပြလိုက်၏။

"ထိုင်ပါ"

ရှေ့မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံအား ညွှန်ပြကာ ပြောလာ သည်။

သူမ၏လေသံသည် တိုးတိတ်ညင်သာသည်။

မုယုံကျင်းက သခင်မလေးအား သေသေချာချာ အကဲခတ် ကြည့်လိုက်၏။

ထို့နောက် စကားတစ်ခွန်းမျှ မပြောဘဲ ထိုင်ခုံတွင် သွား ရောက်ထိုင်ချလိုက်၏။

သခင်မလေးက စကားစလာသည်။

"ဒီနေရာအထိ လိုက်လာရဲတဲ့ သတ္တိကိုတော့ မချီးကျူးဘဲ မနေနိုင်ပါဘူး"

"ခင်ဗျား ဘာကြောင့် အပိုစကားတွေ ပြောချင်ရတာလဲ"

"ပထမတော့ ကျွန်မတို့က ရှင်နဲ့ ဆက်သွယ်မလို့ပါ။ စာပေ သမားက သဘောထားပြောင်းလဲသွားတော့ ဒီနေရာကို ညွှန်ပြမှာ လို့ တွေးမိပြီး စောင့်နေတာ ထင်တဲ့အတိုင်း ရှင်ရောက်လာပြီပေါ့"

"မုံချူးကော"

"သူရှိပါတယ်ရှင့်"

"သူသာ တစ်ခုခု ဖြစ်သွားယင် မင်းတို့ မလွယ်ဘူး"



သခင်မလေး တစ်ချက်ရယ်မောလိုက်သည်။

"သူက ဘေးမဲ့သီရန်မခ ရှိနေပါတယ်"

"ကျုပ်က ဘယ်လို ယုံကြည်ရမှာလဲ"

"ရှင်နဲ့ မဆွေးနွေးခင် အချိန်ထိ သူကောင်းကောင်းမွန်မွန် ရှိနေမှာပါ၊ ရှင်နဲ့ ဆွေးနွေးပြီး အဆင်မပြေမှသာ သူ့ရဲ့ အခြေအနေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားမှာပါ"

မုယုံကျင်း မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကို ခြိမ်းခြောက်နေတာလား"

သခင်မလေး ခေါင်းခါယမ်းလိုက်၏။

"အထင်မလွဲပါနဲ့ရှင့်၊ ကျွန်မက စေတနာနဲ့ သတိပေးနေ တာပါ"

မုယုံကျင်းက သူမအား စေ့စေ့ကြည့်လိုက်သည်။

"ခင်ဗျားဘယ်သူလဲ"

"ဘာကြောင့် လောနေရတာလဲ၊ ကျွန်မ ဘယ်သူလဲဆိုတာ ရှင်သိလို့ကော ဘာအကြောင်းထူးမှာမို့လဲ"

သခင်မလေးက လေသံအေးအေးဖြင့် ပြောလာသည်။

မုယုံကျင်း မချင့်မရဲ ဖြစ်သွားသည်။

"မင်းကို ကျုပ်သိနေသလိုပဲ"

စကားဆုံးလျှင် ထိုင်ရာမှ ခုန်ထကာ သခင်မလေး၏မျက် နှာပေါ်မှ ဇာပဝါအား လျှပ်တပြက် ဆွဲဖြုတ်လိုက်လေသည်။

သူ၏လှုပ်ရှားမှုမှာ လျှပ်ပြက်သည့်အလား လျင်မြန်လှပေ သည်။

သို့သော် သခင်မလေးက ဘေးသို့ ဖြတ်ခနဲ ခုန်ရှောင်သွားလေသည်။

သူမက ကြိုတင်တွက်ဆထား၍ လွတ်အောင် ရှောင်သွားနိုင်ခဲ့ခြင်း ဖြစ်လေသည်။ သခင်မလေး ရယ်မောလိုက်၏။

"ဘာကြောင့် ဒီလောက်တောင် လောနေရတာလဲ"

"မင်း ဘယ်သူလဲ ဒါကို မသိရဘဲနဲ့တော့ ကျုပ်တို့ ဆွေးနွေးစရာ မလိုတော့ဘူး ထင်တယ်"

ထိုစကားကြောင့် သခင်မလေး တွေဝေသွားသည်။

အတန်ကြာမှ သက်ပြင်းတစ်ချက် ချလိုက်၏။

"ကောင်းပြီလေ၊ အခုကိစ္စနဲ့ ပတ်သက်ပြီး ရှင့်ရင်ထဲမှာ သံသယစိတ် မဖြစ်စေချင်ဘူး၊ ကျွန်မမျက်နှာကို မြင်ယင်တော့ ရှင်အံ့ဩသွားမှာ သေချာတယ်"

ပြောပြောဆိုဆို မျက်နှာပေါ်မှ ပဝါအား ဖြုတ်ချလိုက်၏။

ဤတွင် မုယုံကျင်း၏မျက်လုံးအစုံ ဝိုင်းစက်ပြူးကျယ်သွားလေသည်။

"မင်း...မင်း"

မယုံကြည်နိုင်အောင်လည်း ဖြစ်သွားသည်။

သခင်မလေးကာ အခြားသူ မဟုတ်ပါ။

ပျောက်ဆုံးသွားသော မိန်စင်းယီပင် ဖြစ်လေသည်။

မိန်စင်းယီ အဘယ်ကြောင့် ဤနေရာသို့ ရောက်ရှိနေသနည်း။ သေချာသည်မှာ သူမသည် ရန်သူ့ဘက်မှ ဖြစ်နေခြင်းပင်။

မိန်စင်းယီ ပြုံးလိုက်၏။



"ရှင်က ဘယ်လိုမှ ထင်မထားဘူး မဟုတ်လား"

မုယုံကျင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

"တကယ့်ကို မထင်မိတာတော့ အမှန်ပဲ၊ မင်းက ရန်သူ့ဘက်တော်သား ဖြစ်နေတာကိုး"

မိန်စင်းယီက သူ့အား စိုက်ကြည့်လာသည်။

"တကယ်တော့ ဓားသမားဟာ ကျွန်မခင်ပွန်းပဲရှင့်"

ထိုစကားသည် မုယုံကျင်း၏အတွေးအား ရှင်းလင်းသွားစေလေသည်။

"လက်စသတ်တော့ ဂူကျုံးရိရဲ့ ကိုယ်ရံတော် ဓားသမားဟာ မင်းရဲ့ခင်ပွန်း ဖြစ်နေတာကိုး"

"ဟုတ်ပါတယ်ရှင်"

"မင်းက ကျုပ်တို့ကို အမျိုးမျိုး လှည့်စားပြီး မုံစန်းဆီ လွှတ်ခဲ့တာပေါ့"

"မုံစန်းဟာ အင်မတန် ခေါင်းမာတဲ့လူပဲ၊ ရှင်တို့ကိုမှ ဓားကျိုးပေးမယ်လို့ တွက်ဆထားမိတယ်"

"ကျောက်ရိတောင်ဟာ မင်းတို့လူပေါ့"

မိန်စင်းယီ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူက တာဝန်ကျေပေမယ့် သူယူလာတဲ့ ဓားကျိုးဟာ အတုကြီး ဖြစ်နေတယ်၊ ဒါပေမယ့် အစစ်ဟာလဲ မကြာခင် ကျွန်မတို့လက်ထဲ ရောက်လာတော့မှာပါ"

စကားဆုံးလျှင် သူမက သဘောကျသလို ရယ်လိုက်၏။

မုယုံကျင်းက သူမအား စိုက်ကြည့်လိုက်သည်။

"မင်းတို့လက်ထဲကို ဓားကျိုးအစစ် ရောက်လာလိမ့်မယ်ဆိုတာကို မင်းက ဘယ်လိုလုပ် ပြောနိုင်ရတာလဲ"

"သိပ်လွယ်တာပေါ့ရှင့်၊ မုံချူး ကျွန်မတို့ဆီ ရောက်နေတဲ့နောက် ရှင့်ဆီက ဓားကျိုးဟာလဲ ကျွန်မတို့ လက်ထဲကို ရောက်လာရတော့မှာပေါ့"

"တယ်လဲ ကျိန်းသေလိုက်ပါလား"

"ကျွန်မတို့က ဝူကျူးရိရဲ့ ဘက်တော်သားတွေပဲ၊ ဒီလောက်တော့ ဉာဏ်ကောင်းတာပေါ့ရှင့်"

"ငါ့သူငယ်ချင်းယွဲ့ဖိန်း ပျောက်ဆုံးသွားတာ မင်းတို့လက်ချက်ပဲ မဟုတ်လား၊ မင်းပဲ သူ့ကို အယုံသွင်းပြီး သတ်ပစ်ခဲ့တာလား"

မိန်စင်းယိ ပြုံးလိုက်သည်။

"ယွဲ့ဖိန်း ကျွန်မတို့ လက်ထဲမှာပါပဲ၊ သူမသေသေးပါဘူး။ အခု ကျွန်မတို့လက်ထဲမှာ မုံချူးကော ယွဲ့ဖိန်းကော ရှိနေတဲ့အတွက် ဓားကျိုးနဲ့ အလဲအလှယ်လုပ်ဖို့က ပိုပြီး သေချာစေတာပေါ့ မဟုတ်လား"

မုယုံကျင်း အံကြိတ်လိုက်သည်။

"ကျုပ်က အခုနေ မင်းကို တိုက်ခိုက်မယ်ဆိုယင် မင်းဘာလုပ်မလဲ"

မိန်စင်းယိ အပြုံးမပျက်ပါ။

"ကျွန်မကို ဖမ်းပြီး အကြပ်ကိုင်ဖို့ ကြိုးစားယင် အမှားကြီးမှားသွားလိမ့်မယ်၊ ဝူကျူးရိလိုလူစားမျိုးဟာ သူ့အစီအစဉ်အတွက် ကျွန်မကို အရေးထားမှာ မဟုတ်ဘူး၊ ဓားသမားကလည်း ကျွန်မ



ထက် ဓားကျိုးကိုပဲ ပိုပြီး စိတ်ဝင်စားနေတယ်၊ ကျွန်မ သေဆုံးသွားယင် ယွဲ့ဖိန်းနဲ့ မုံချူး တစ်ယောက်ယောက်ရဲ့ အသက်ကို နှုတ်ယူပြီး ကျွန်မအတွက် တုန့်ပြန်လိမ့်မယ်"

မုယုံကျင်း လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"မင်းအပေါ် ဒီလို သဘောထားနေတဲ့ လူတွေကို မင်းက ဘာကြောင့် ခင်တွယ်ချင်ရတာလဲ"

မိန်စင်းယိ၏မျက်နှာ ညှိုးကျသွားသည်။

"မေတ္တာတရားကို ရှင်ဘယ်လောက် နားလည်ထားသလဲ"

မမျှော်လင့်သော စကားကြောင့် မုယုံကျင်းမှာ မည်သို့ ဖြေရမှန်းမသိ ဖြစ်သွားသည်။ မိန်စင်းယိက ဆက်ပြောလာသည်။

"သူတို့ဟာ ကျွန်မအပေါ်မှာ မကောင်းသလို ရှိနေပေမယ့် ကျွန်မက အသက်တောင်စွန့်ဖို့ ဝန်မလေးဘူး၊ ဘာဖြစ်လို့လဲသိလား၊ ကျွန်မက ဓားသမားအပေါ် မေတ္တာစစ်နဲ့ ချစ်မိနေလို့ပဲ၊ သူမကောင်းပေမယ့် ကျွန်မကတော့ သူ့အတွက် အကောင်းဆုံးဖြစ်အောင် ဖန်တီးပေးချင်တဲ့ဆန္ဒတွေ ရှိနေတယ်လေ"

မုယုံကျင်းက မိန်စင်းယိအား ငေးကြည့်နေမိသည်။

လူတစ်ယောက်သည် မေတ္တာတရားကြောင့် အစစအရာရာ ပြောင်းလဲသွားနိုင်သည်လော။

ဓားသမားသည် မိန်စင်းယိအပေါ် မကောင်းပါ။

မိန်စင်းယိကမူ ဓားသမားအပေါ် အသက်စွန့်ရန်ပင် ဝန်မလေးဘဲ မေတ္တာကြီးမားခဲ့ပေသည်။

မိန်စင်းယိက တွေဝေငေးငိုင်နေသော မုယုံကျင်းအား ကြည့်

ကာ ပြောလိုက်၏။

"သူတို့ကို ဒုက္ခပေးမှာမို့ ရှင့်ကို အမျိုးမျိုး လုပ်ကြံခဲ့ပေမယ့် မအောင်မြင်ဘူး၊ သူတို့က ဓားကျိုးကိုလဲ လိုချင်ကြတယ်"

"ကျုပ်က ဓားကျိုးနဲ့ အလဲအလှယ် လုပ်ခဲ့မယ်ဆိုယင်တောင် သူတို့က စိတ်ချရပ့ါမလား"

"ဒီအတွက် စိတ်ချပါ"

"မင်းက ဘာကြောင့် ပြောနိုင်သလဲ"

"လက်ရှိအချိန်မှာ ဓားကျိုးကိုပဲ လိုချင်နေတဲ့အတွက် ရှင်တို့ကို လွှတ်ပေးမှာပါ၊ ဓားကျိုးရသွားပြီး နောက်ပိုင်း ရှင်ဒုက္ခပေးလာမှ သူတို့က ပြန်လည်တုန့်ပြန်မှာပါ"

"ငါက ဒီကိစ္စ မေ့လိုက်ယင်ကော"

"သူတို့က ရှင့်ကို အန္တရာယ်မပေးဘဲ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ကြမှာပေ့ါ"

မုယုံကျင်း သက်ပြင်းချလိုက်၏။

"ကျုပ်က မုံချူးနဲ့ ယွဲ့ဖိန်းကို တွေ့ချင်တယ်"

မိန်စင်းယီ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ၊ ကျွန်မနောက် လိုက်ခဲ့ပါ"

ပြောယင်း အခန်းထဲမှ ထွက်သွားသည်။

မုယုံကျင်းလည်း ဘာမှ စဉ်းစားမနေတော့ဘဲ လိုက်ပါသွားတော့သည်။

♣ ♣ ♣



အခန်းတစ်ခုလုံး မီးရောင်များဖြင့် ထိန်ထိန်လင်းနေသည်။

ကျောက်စားပွဲရှည်ပေါ်တွင် စားသောက်ဖွယ်ရာများ အလျှံပယ် ရှိနေသည်။

ဤအခန်းသည် ထမင်းစားခန်းပင် ဖြစ်သည်ကို မုယုံကျင်း သိလိုက်၏။

မိန်စင်းယီက အဘယ်ကြောင့် ထမင်းစားခန်းကို ခေါ်ဆောင်လာပါသနည်း။

သူက မိန်စင်းယီအား မေးရန် ပြင်စဉ်မှာပင် သူမထံမှ စကားသံ ထွက်ပေါ်လာသည်။

"ရှင်တွေ့ချင်တဲ့လူတွေ မကြာခင် ဒီကို ရောက်လာကြမှာပါ"

မုယုံကျင်း ဘာမှ မပြောတော့ဘဲ ငြိမ်နေလိုက်၏။

ထိုစဉ် လူတစ်စု ထမင်းစားခန်းထဲ လှမ်းဝင်လာသည်ကို

တွေ့လိုက်ရသည်။

ထိုလူစုထဲတွင် ယွဲ့ဖိန်းနှင့် မုံချူး ပါဝင်နေကြောင်း တွေ့ရလင် မုယုံကျင်း ဝမ်းသာသွားလေသည်။

"အစ်ကို"

မုံချူးက သူ့အား မြင်လျှင် ဝမ်းသာအားရ ခေါ်ပြီး ပြေးလာရန် ဟန်ပြင်လိုက်၏။

သို့သော် လူတစ်ယောက်က ဖမ်းဆွဲထားလိုက်သည်။

ထိုလူသည် ချောမောခန့်ညားသော လူရွယ်တစ်ယောက်ဖြစ်ပြီး မျက်နှာထားမှာ အလွန်ပြုံးချိုနေ၏။

မျက်လုံးအစုံသည်ကား စူးရှသော ဓားပါးကလေးများပမာ ထက်မြက်လှ၏။

ထိုလူရွယ်အား မြင်ရုံနှင့်ပင် ခေသူမဟုတ်မှန်း မုယုံကျင်း ရိပ်စားမိလိုက်သည်။

လူရွယ်က အသာပြုံးလိုက်သည်။

"ဘာဖြစ်လို့ လောနေရတာလဲ၊ အချိန်တန်ယင် သွားရမှာပေါ့"

မိန်စင်းယီက မုယုံကျင်းအား ကြည့်လိုက်သည်။

"ယွဲ့ဖိန်းနဲ့ မုံချူးကို ဘာမှမဖြစ်ဘဲနဲ့ ရှင်တွေ့ရပြီ၊ ဒီတော့ ရှင့်ဆီမှာ ရှိနေတဲ့ ဓားကျိုးကို ကျွန်မလက်ထဲ အပ်ပေတော့"

မုယုံကျင်း ပခုံးတွန့်လိုက်၏။

"ဓားကျိုး မင်းလက်ထဲ ရောက်သွားတာနဲ့ ငါတို့အတွက် အခွင့်အရေး နည်းသွားမှာပေါ့၊ ငါဒီလောက်အထိ မမိုက်မဲသေးဘူး"



မိန်စင်းယီ ခေါင်းခါယမ်းလိုက်၏။

"ရှင်တို့ ဘာမှ မဖြစ်စေရဘူးလို့ ကျွန်မ အာမခံတယ်၊ ရှင့်ကို ဒုက္ခပေးချင်ယင် အစောကြီးကတည်းက တိုက်ခိုက်ပြီး ဓားကျိုးကို လုယူထားတယ်ဆိုတာ မှတ်ထားပါ"

"ဒါကတော့ ကျုပ်ကို မနိုင်တဲ့အပြင် ကျုပ်လက်ထဲမှာ ဓားကျိုး ရှိနေလို့ မဟုတ်လား"

"ရှင်တော်တော် ခေါင်းမာပါလား"

"အပွင့်လင်းဆုံး ပြောရယင် မင်းတို့ကို မယုံကြည်လို့ပါ"

မုယုံကျင်းက ပွင့်ပွင့်လင်းလင်းပင် ပြောလိုက်၏။

မိန်စင်းယီ စိတ်ဆိုးသွားခြင်း မရှိပါ။

အသာအယာ ပြုံးလိုက်ပြီး...

"ကောင်းပြီလေ၊ ဒီလိုဆို ရှင်တို့ကို ခြံအပြင်ထိ ခေါ်သွားမယ်၊ အပြင်ရောက်မှ ကျွန်မလက်ထဲ ဓားကျိုး ထည့်ပေးပေါ့၊ ဒီလိုဆိုယင်ကော"

မုယုံကျင်း ခေါင်းညိတ်လိုက်၏။

"ဒီလိုဆိုယင်တော့ သဘောမတူနိုင်စရာအကြောင်း မရှိပါဘူး"

"ဒါဖြင့် အခုပဲ အပေးအယူ လုပ်ကြမလား"

"ကျုပ်က ဓားသမားနဲ့ ဂူကျူးရိကို တွေ့ချင်သေးတယ်"

ထိုစကားကြောင့် မိန်စင်းယီ မျက်နှာ အနည်းငယ် တင်းမာသွားသည်။

"ရှင်က အေးအေးချမ်းချမ်း ထွက်သွားနိုင်ဖို့ စိတ်မကူးဘဲ

ဘာကြောင့် မဆိုင်တာကို လုပ်ချင်ရတာလဲ"

မုယုံကျင်းက အရေးမထားဟန်ဖြင့်...

"တခြားတော့ မဟုတ်ပါဘူး၊ နာမည်ကျော်ကြားနေတဲ့ သူတို့ကို ကြုံတုန်း တွေ့ဖူးချင်လို့ပါ"

မိန်စင်းယိက မုံချူးအား ဖမ်းချုပ်ထားသော လူရွယ်အား လှမ်းကြည့်လိုက်သည်။

လူရွယ် သက်ပြင်းချလိုက်၏။

"ဒီနေရာဟာ ဓားသမားရဲ့ပိုင်နက်ပါ၊ ဒါကြောင့် ဂူကျူးရှိရှိမနေဘူး၊ ခင်ဗျားတွေ့ချင်ယင်တော့ ဓားသမား ရှိနေပါတယ်"

မုယုံကျင်း ခေါင်းညိတ်လိုက်၏။

"ဘာပဲဖြစ်ဖြစ် ဓားသမားကို တွေ့ရလဲ မဆိုးပါဘူး"

လူရွယ် မျက်မှောင်ကုပ်သွား၏။

မုယုံကျင်းအား မယုံကြည်နိုင်ဟန်ဖြင့် ကြည့်ကာ...

"ဓားကျိုးကို တကယ် ပေးအပ်ဖို့ ဆုံးဖြတ်လိုက်ပြီပေါ့"

မုယုံကျင်း ပခုံးတွန့်လိုက်၏။

"ဒီအခြေအနေ ရောက်မှတော့ ကျုပ်က ဘာတတ်နိုင်တော့မှာလဲ၊ ကျုပ်မှာ ရွေးစရာလမ်း မရှိတော့ဘူး"

"ဒါလဲ ဟုတ်ပါတယ်လေ၊ ဓားကျိုးထက် ခင်ဗျားမိတ်ဆွေနဲ့ ချစ်သူက အရေးကြီးနေတာကိုး"

လူရွယ်က သဘောကျစွာ ပြုံးလိုက်ပြီးမှ စကားဆက်လိုက်၏။

"ခင်ဗျား တွေ့ချင်နေတဲ့ ဓားသမားဆိုတာ ကျုပ်ပါပဲ"



မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ဓားသမား ဟုတ်လား"

"ဘာလဲ ခင်ဗျား မယုံဘူးလား"

"မဟုတ်ပါဘူး၊ ကျုပ်က ဓားသမားကို တစ်ခါမှ မမြင်ဖူးလို့ပါ"

လူရွယ်၏မျက်နှာထား တည်သွားသည်။

မုယုံကျင်းအား စေ့စေ့ကြည့်ကာ ပြောလာသည်။

"ဒီနေရာမှာ ကျုပ်ကို ယှဉ်ရဲတဲ့လူ တစ်ယောက်မှ မရှိဘူး၊ ဒီလိုနေရာမျိုးမှာလဲ ဓားသမားနှစ်ယောက် မရှိဘူးဆိုတာ ခင်ဗျားသိထားပါ"

မုယုံကျင်း သက်ပြင်းချလိုက်သည်။

"ဒါတွေ ထားလိုက်ပါတော့၊ အခုအချိန် မနည်းတော့ဘူး၊ ကျုပ်တို့ အပေးအယူလုပ်ယင် ကောင်းမယ်"

လူရွယ်(ဝါ)ဓားသမား ခေါင်းညိတ်လိုက်၏။

"ခင်ဗျားသဘောပဲ"

ယင်းနောက် သူတို့အားလုံး ခြံရှေ့သို့ ထွက်ခဲ့ကြသည်။

မုယုံကျင်းက တောင်းဆိုလျှင် မြင်းသုံးကောင် ထုတ်ပေးလာသည်။

ယဲ့ဖိန်းနှင့် မုံချူးတို့ မြင်းပေါ်သို့ ခုန်တက်လိုက်ကြသည်။

သို့သော် ဓားသမား၏လူများကတော့ ဝိုင်းရံထားကြဆဲပင်။

ဓားသမားက လက်ဝါးဖြန့်လာသည်။

မုယံ့ကျင်းက ဓားကို လျှပ်တပြက် ဆွဲထုတ်ကာ တိုက်ခိုက်လိုက်၏။

ဓားသမားက ခေသူမဟုတ်ပါ။

သူ၏လက်ထဲသို့ ဓားတစ်လက် ရုတ်ခြည်းပင် ရောက်ရှိလာပြီး တိုးဝင်လာသော ဓားချက်များအား ခုခံပေးလိုက်၏။

မုယံ့ကျင်းက ဆက်လက်မတိုက်ခိုက်တော့ဘဲ နောက်ဆုတ်သွားသည်။

ဓားသမား၏လူများက မကျေမနပ်ဖြင့် ဝိုင်းဝန်းတိုက်ခိုက်ရန် ဟန်ပြင်လာကြသည်။

သို့သော် ဓားသမားက လက်ကာပြလိုက်လျှင် အားလုံးပင် နောက်ဆုတ်သွားကြသည်။

မုယံ့ကျင်းအား ပြုံးပြကာ...

"ခင်ဗျားကျေနပ်ပြီလား"

မုယံ့ကျင်း၏မျက်နှာပေါ်တွင် ချီးကျူးသော အရိပ်အယောင်များ ထွက်ပေါ်လာသည်။

"ကျုပ်က မင်းကို မယုံကြည်ဘူးဆိုတာ သိနေတယ် ဟုတ်လား"

ဓားသမား ပြုံးလိုက်ပြန်သည်။

"ခင်ဗျားလို လူစားမျိုးက အလွယ်တကူ ယုံမယ့်လူ မဟုတ်ဘူးဆိုတာ ကျုပ်သိထားပါတယ်၊ အခုကော ခင်ဗျား ဘယ်လိုထင်လဲ"

"မင်းက ဓားသမားဆိုတာ ကျုပ်ယုံကြည်ပါပြီ"



ထိုအခါမှပင် မုယံ့ကျင်းက တမင် အကဲစမ်းလိုက်ခြင်း ဖြစ်သည်ဟု အားလုံး သဘောပေါက်သွားတော့သည်။

မုယံ့ကျင်းက ယွဲ့ဖိန်းနှင့် မုံချူးတို့အား ညွှန်ပြယင်း...

"သူတို့ အရင်သွားပါစေ၊ ပြီးမှ ကျုပ်က ဓားကျိုးကို ပေးနိုင်မယ်"

ဓားသမား ခေါင်းညိတ်လိုက်၏။

ထို့နောက် လက်ကို ဝှေ့ယမ်းပြလိုက်၏။

ထိုအခါ လမ်းပိတ်ထားသူများ ချက်ချင်းပင် ဖယ်ရှားသွားလေသည်။

မုယံ့ကျင်းက ယွဲ့ဖိန်းအား ကြည့်ယင်း...

"ကဲ...မင်းတို့ မြန်မြန်သွားကြပေတော့"

ယွဲ့ဖိန်း သက်ပြင်းချလိုက်၏။

"မင်းလည်း ကိုယ့်ကိုကိုယ် ဂရုစိုက်ပါ"

"ငါ့အတွက် မပူပါနဲ့"

"အစ်ကို သတိထားနော်၊ ညီမတို့ စောင့်နေမယ်"

မုံချူးကလည်း စိုးရိမ်စွာဖြင့် ပြောလာသည်။

မုယံ့ကျင်း အသာခေါင်းညိတ်ပြလိုက်၏။

ယွဲ့ဖိန်းနှင့် မုံချူးတို့ ချက်ချင်းပင် မြင်းများကို နှင်သွားရာ တခဏအတွင်းမှာပင် မလှမ်းမကမ်းသို့ ရောက်ရှိသွားလေသည်။

"ကဲ... ခင်ဗျား တောင်းဆိုထားတဲ့အတိုင်း ကျုပ်လိုက်လျောပြီးပြီ၊ ဓားကျိုးပေးတော့"

မုယံ့ကျင်း သက်ပြင်းတစ်ချက်ချကာ အင်္ကျီရင်ဘတ်ကြားထဲ

လက်နှိုက်လိုက်၏။

ပြန်ထုတ်လိုက်သောအခါ သူ၏လက်ထဲဝယ် ဓားတစ်လက် ပါလာသည်။

ဓားတစ်လက်ဆိုသော်လည်း ထိပ်ပိုင်း ကျိုးနေသော ဓား တစ်လက်ဟုဆိုက ပို၍ မှန်ပေမည်။

"ဓားကျိုး"

ဓားသမားက လွတ်ခနဲ ရေရွတ်လိုက်၏။

သူ၏မျက်လုံးအစုံလည်း အရောင်တလက်လက် တောက်ပ လာလေသည်။

မုယ့်ကျင်း သက်ပြင်းချလိုက်၏။

"ကျုပ်က မလွှဲသာလို့ ပေးခဲ့ရပေမယ့် တစ်ချိန်ချိန်မှာတော့ ပြန်လာယူမယ်ဆိုတာ မှတ်ထားပါ"

ပြောယင်း ဓားကျိုးအား မြေပေါ် ထိုးစိုက်ချကာ မြင်းပေါ် ခုန်တက်လိုက်သည်။

ဓားသမားက ဓားကျိုးအား ကပျာကယာ ဆွဲနုတ်ယူလိုက် ၏။

ယင်းအချိန်လေးမှာပင် မိန်စင်းယိက ရှေ့သို့ ဖြတ်ခနဲ လှမ်း တက်ကာ ဦးစွာ လုယူလိုက်၏။

တဆက်တည်းပင် ဓားကျိုးဖြင့် ဓားသမား၏ဝမ်းဗိုက်အား ထိုးစိုက်ချလိုက်လေသည်။

မမျှော်လင့်သော အဖြစ်မို့ ဓားသမား မရှောင်တိမ်းနိုင် တော့ပါချေ။



"အား"

ရှူးရှစ္စာ အော်ဟစ်ယင်း လဲကျသွားသည်။

သူ၏ဝမ်းဗိုက်တစ်ခုလုံး သွေးချင်းချင်း နီရဲကာ မလှုပ်မ ယှက် ငြိမ်ကျသွားတော့သည်။

"ဟင်"

"ဟာ"

မမျှော်လင့်သော အဖြစ်မို့ အားလုံးပင် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထွက်ခွာရန် ဟန်ပြင်နေသော မုယ့်ကျင်းလည်း နားမလည် နိုင်အောင် ဖြစ်သွားလေသည်။

မိန်စင်းယိမှာ လက်ထဲမှ ဓားကျိုးအား ကြည့်ကာ အလွန် ပင် ကျေနပ်ပီတိ ဖြစ်နေလေသည်။

"ဟင်း..ဟင်း ဓားကျိုးလိုချင်လို့ ဒုက္ခခံခဲ့ရကျိုးနပ်ပြီ၊ ဂူကျုံး ရီ၊ ရှင့်ရဲ့လုပ်ငန်းတစ်ခုလုံး ကျွန်မလက်ထဲ ရောက်လာစေရမယ်"

မိန်စင်းယိသည် အကြံသမား ဖြစ်နေချေပြီ။

တိုးတက်အောင်မြင်ဖို့အတွက် အယုံသွင်း ပူးပေါင်းခဲ့သည် မှာ ထင်ရှားနေပေတော့သည်။

အခြေအနေ ရှုပ်ထွေးမလာခင် မုယ့်ကျင်းသည် မြင်းကို ဒုန်းစိုင်းနှင်သွားတော့သည်။

♣ ♣ ♣

မိန်စင်းယိ...

သူမသည် အလွန်မာယာကြွယ်သော မိန်းကလေးတစ်ဦး ဖြစ်လေသည်။

ဝူကျူးရိ၏အင်အား တောင့်တင်းနေသည့်အတွက် ပူးပေါင်းခဲ့သည်။

ဓားသမားနှင့်လည်း ပေါင်းသင်းခဲ့သည်။

ယခု လူတိုင်း လိုချင်သော ဓားကျိုးသည် သူမ၏လက်ထဲသို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူမသည် ဝူကျူးရိအား သုတ်သင်ကာ ဝူကျူးရိ၏နေရာအား လုယူရန် ကြံစည်ထားခဲ့သည်မှာ ကြာခဲ့ပြီ မဟုတ်ပါလား။

ဓားကျိုးလက်ထဲ ရောက်ရှိလာသောအခါ သူမ၏အကြံအစည်များ ဖြစ်မြောက်အောင်မြင်လာရမည်ဟု ယုံကြည်ထားနေပေတော့သည်။

♣ ♣ ♣

# အပြောင်းအလဲ

မုယုံကျင်း ထွက်သွားပြီ ဖြစ်သည်။

ဓားသမား၏တပည့်များ သတိဝင်လာကြသည်။

"သစ္စာဖောက်မကို မလွှတ်စေနဲ့"

"တိုက်ကြဟေ့"

အော်ဟစ်သံ၊ ညာသံပေးယင်း ဝင်ရောက်တိုက်ခိုက်လာကြတော့သည်။

မိန်စင်းယိက ကျယ်လောင်စွာ ရယ်မောယင်း ဓားကိုင်လက်ကို ဝှေ့ယမ်းလိုက်သည်။

ဝင်းလက်သော ဓားရောင်များ ဖြာထွက်လာသည်။

"အား"

"အွန့်"

"အမယ်လေး"

စူးရှသော အော်ဟစ်သံများလည်း တခဲနက် ထွက်ပေါ်လာလေသည်။

ဓားသမား၏တပည့်များ ဖရိုဖရဲ ဖြစ်သွားကြသည်။

သူတို့သည် မိန်စင်းယိ အနီးသို့ပင် မကပ်ဝံ့ကြတော့ချေ။

ထိုအချိန်မှာပင် လူရိပ်နှစ်ခု ရောက်ရှိလာသည်။

မိန်စင်းယိ ရင်ထိတ်သွားကာ ကပျာကယာ ကြည့်လိုက်၏။

ရောက်ရှိလာသူနှစ်ယောက်မှာ ဓားသမား၏တပည့်များဖြစ်သော အိုရန်ညီနောင်ပင် ဖြစ်လေသည်။

အိုရန်ညီနောင် မကျေမနပ် ဖြစ်နေသည်။

မိန်စင်းယိအား မုန်းတီးစွာဖြင့် ကြည့်ယင်း...

"မင်းဟာ ယုံကြည်မှုကို အလွဲသုံးစား လုပ်ခဲ့တာပေါ့ ဟုတ်လား"

မိန်စင်းယိက ဓားကျိုးအား မြှောက်ပြလိုက်၏။

"ကျွန်မလက်ထဲ ဓားကျိုးရောက်လာဖို့က အဓိကပဲ၊ ရှင်တို့ စွန်ဓားပြဂိုဏ်းကို ကြားဖူးမယ် ထင်တယ်"

အိုရန်ကြီး မျက်မှောင်ကုပ်သွားသည်။

"စွန်ဓားပြဂိုဏ်းက ပျောက်ကွယ်သွားတာ သုံးနှစ်လောက်ရှိပြီ"

"စွန်ဓားပြဂိုဏ်းဟာ ဘာကြောင့် ပြိုကွဲသွားရသလဲဆိုတာ



ကော သိသလား"

အိုရန်လေးက ဝင်ပြောလာသည်။

"စွန်ဓားပြဂိုဏ်းဟာ ကျုပ်တို့ခေါင်းဆောင်ရဲ့ အလုပ်တွေကို ဝင်ရှုပ်ခဲ့တယ်၊ ဒါကြောင့် ခေါင်းဆောင်ကြီးက ဖြိုခွဲခဲ့တာပဲ၊ ဒီအကြောင်းကို သိုင်းလောကသားတွေ သိပ်မသိကြဘူး"

မိန်စင်းယိ မဲ့လိုက်၏။

"တကယ်တော့ စွန်ဓားပြဂိုဏ်းရဲ့ ပိုင်ဆိုင်မှုတွေကို ရယူချင်လို့ ရှင်တို့က ကတုံးပေါ်ထိပ်ကွက်ပြီး ဖြိုခွဲပစ်ခဲ့တယ်ဆိုတာ ကျွန်မသိတယ်"

ထိုစကားကြောင့် အိုရန်ညီနောင် အံ့သြသွားသည်။

"မင်းဘယ်လိုကြောင့် ဒီလျှို့ဝှက်ချက်တွေကို သိနေရတာလဲ"

"ကျွန်မပြောတာ မမှန်လို့လား"

"ဟုတ်တယ်၊ စွန်ဓားပြဂိုဏ်းဟာ အင်အားနည်းပေမယ့် ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေက များတယ်၊ ဒါကြောင့် ငါတို့ကို ပြဿနာရှာတယ်လို့ စွပ်စွဲပြီး ဖြိုခွဲတိုက်ခိုက်ခဲ့တယ်၊ စွန်ဓားပြဂိုဏ်း ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို ငါတို့အဖွဲ့ သိမ်းယူခဲ့တယ်၊ နေစမ်းပါဦး၊ မင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲ"

မိန်စင်းယိ၏မျက်နှာ တင်းမာခက်ထန်သွားသည်။

"စွန်ဓားပြဂိုဏ်းချုပ်ဟာ ကျွန်မဖခင်ပဲ"

"ဟင်"

အိုရန်ညီနောင် အံ့သြသွားသည်။

"စွန်ဓားပြဂိုဏ်းချုပ်ဟာ မင်းရဲ့အဖေ ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်မက နယ်ခြားမှာ သိုင်းပညာ သွားရောက်သင်ကြားနေတာမို့ ရှင်တို့နဲ့ မဆုံခဲ့တာဘဲ၊ နယ်ခြားက ပြန်ရောက်ပြီးတဲ့နောက်မှာ ရှင်တို့ကို လက်တုန့်ပြန်ဖို့ နည်းလမ်းရှာခဲ့တယ်၊ ကံကောင်းချင်တော့ ကျွန်မက စွန်ဓားပြဂိုဏ်းချုပ်ရဲ့သမီးမှန်းတော်ရုံတန်ရုံလူ မသိနိုင်ကြဘူးလေ"

အိုရန်ကြီး မဲ့လိုက်၏။

"ဒါဖြင့် တို့အဖွဲ့ထဲဝင်ပြီး ဓားသမားကို လက်ထပ်ခဲ့တာဟာ လက်တုန့်ပြန်ချင်လို့ပေါ့ ဟုတ်လား"

မိန်စင်းယိ ခေါင်းညိတ်လိုက်၏။

"သိပ်ဟုတ်တာပေါ့ရှင်၊ အခု ကျွန်မလက်ထဲ ဓားကျိုးရောက်လာပြီ၊ ရှင်တို့ ဘာမှ တတ်နိုင်ကြတော့မှာ မဟုတ်ပါဘူး"

အိုရန်လေး နှာခေါင်းရှုံ့လိုက်သည်။

"မင်းလက်ထဲ ဓားကျိုးရှိရုံနဲ့ ကျုပ်တို့အဖွဲ့ကို ဖြိုခွဲလို့ရမယ်ထင်ယင် မှားသွားမှာပေါ့"

စကားဆုံးလျှင် ခုန်ဝင်တိုက်ခိုက်လိုက်သည်။

မိန်စင်းယိက ဓားကိုင်လက်ကို ဝှေ့ယမ်းလိုက်သည်။

ဓားကျိုးသည် အိုရန်လေးထက် လျှင်မြန်စွာ တိုးဝင်သွားလေသည်။

"အား"

စူးရှသော အော်ဟစ်သံတစ်ချက် ထွက်ပေါ်လာပြီး အိုရန်လေးမှာ မြေပေါ်ပစ်ကျသွားလေသည်။



မမျှော်လင့်သော အဖြစ်မို့ အိုရန်ကြီး ပါးစပ်အဟောင်းသားဖြစ်သွားလေသည်။

မိန်စင်းယိ၏သိုင်းပညာမှာ သူတို့ထက် မြင့်မားနေကြောင်း ကောင်းစွာ သိလိုက်ရပြီ ဖြစ်သည်။

ထို့အပြင် နာမည်ကြီးဓားကျိုးပါ ရှိနေခြင်းကြောင့် သူက ရင်မဆိုင်ဝံ့တော့ပါချေ။

နောက်သို့ ကပျာကယာ ဆုတ်လိုက်၏။

ယင်းအခိုက်မှာပင် မိန်စင်းယိက လေ၏လျှင်မြန်ခြင်းမျိုးဖြင့် အနီးသို့ ရောက်ရှိလာလေသည်။

ဝင်းလက်သော ဓားရောင်တစ်ချက် ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်...

"အား"

အိုရန်ကြီးမှာ စူးရှစွာ အော်ဟစ်ယင်း လဲကျသွားလေသည်။

သိုင်းသမားများမှာ ကြောက်လန့်ပြီး ခပ်ဝေးဝေးသို့ ဆုတ်သွားကြလေသည်။

မိန်စင်းယိမှာ လက်ထဲမှ ဓားကျိုးအား သဘောကျစွာဖြင့် ကြည့်ကာ ပြုံးလိုက်သည်။

ရုတ်တရက် သူမ၏အပြုံးမှာ ရုတ်ခြည်းပင် ပျောက်ကွယ်သွားပြီး နောက်သို့ ကပျာကယာ လှည့်လိုက်သည်။

ထိုအခါ သူမနောက်တွင် လူတစ်ယောက် ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။

ထိုလူသည် အဖြူရောင်အကျီရှည်ကို ဝတ်ဆင်ထားပြီး စူးရဲ

သော မျက်လုံးအစုံဖြင့် မိန်စင်းယိအား ကြည့်နေသည်။

ထိုလူအား မြင်လျှင် မိန်စင်းယိ မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ရှင်က ဓားကျိုးကို ယူဖို့ ရောက်လာတာ ဟုတ်လား"

ဝတ်စုံဖြူနှင့်လူ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ဓားကျိုးကိုရဖို့ ကျုပ်ဘယ်လောက် အပင်ပန်းခံခဲ့ရတယ်၊ ဘယ်လောက်အထိ ကြံစည်ခဲ့ရသလဲဆိုတာ မင်းသိမှာပါ၊ မင်းက အခုလို သစ္စာဖောက်သွားတာ ကောင်းသလား၊ ဒါပေမယ့် မင်းက စွန်ဓားပြဂိုဏ်းချုပ်ရဲ့သမီးဆိုတော့ ငါအပြစ် မပြောတော့ပါဘူး၊ ငါတို့က ရန်သူကို လှည့်စားခဲ့သလို မင်းကတော့ ငါတို့ကို ကောင်းကောင်းကြီး လှည့်စားခဲ့တာပေါ့"

မိန်စင်းယိမှာ ဓားကျိုးရှိနေသော်လည်း ထိုလူအား ကြောက်ရွံ့နေမိ၏။

ထိုလူသည် အလွန်တရာပါးနပ်၍ ကြောက်စရာကောင်းသူဖြစ်မှန်း သူမ နားလည်ထားပေသည်။

ဝတ်စုံဖြူနှင့်လူက ဆက်ပြောလာ၏။

"စွန်ဓားပြဂိုဏ်းချုပ်ဟာ ကျုပ်လက်ချက်နဲ့ သေသွားခဲ့တာပဲ၊ ကဲ... မင်းဘာလုပ်ချင်သလဲ ပြောပါ"

"ရှင်...ရှင်"

"မင်းလက်ထဲ ဓားကျိုးရှိရုံလောက်နဲ့ ငါက ဂရုစိုက်နေမယ်ထင်ယင် မှားသွားမှာပေါ့"

မိန်စင်းယိ အံတင်းတင်း ကြိတ်လိုက်သည်။



သူမက ရှည်ရှည်ဝေးဝေး မစဉ်းစားတော့ဘဲ ဓားကျိုးကို ဝှေ့ယမ်းကာ ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

သူမ၏တိုက်ခိုက်မှုမှာ အလွန်ပင် ပြင်းထန်သွက်လက်လှပေသည်။

ဝတ်စုံဖြူလူက အမှုမထားဘဲ ပေါ့ပါးစွာပင် ရှောင်တိမ်းပေးလိုက်သည်။

တဆက်တည်းပင် ဓားကို လျှပ်တပြက် ဆွဲထုတ်ကာ...

"ဓားကျိုးဟာ အစွမ်းရှိပေမယ့် ဓားပညာ အဆင့်မရှိတဲ့လူ လက်ထဲရောက်ယင် အလကားပဲကွ"

ပြောယင်း ဓားဝှေ့ယမ်းကာ တိုက်ခိုက်လိုက်သည်။

သူ၏ဓားချက်များသည် တဒင်္ဂအချိန်တွင်းမှာပင် ခုနစ်ကွက်တိတိ ပြောင်းလဲသွားပြီး မိန်စင်းယိ၏ခန္ဓာကိုယ်ပေါ်မှ အဓိက သွေးကြောများထံ တိုးဝင်သွားသည်။

မိန်စင်းယိက ဓားကျိုးကို ဝှေ့ယမ်းကာ အသေအလဲပင် ခုခံကာကွယ်လိုက်ရသည်။

ဝတ်စုံဖြူနှင့်လူ မဲ့လိုက်၏။

"မင်းက ဘယ်ဆိုးလို့လဲ ဒါပေမယ့် ဘာမှ မတတ်နိုင်ဘူးဆိုတာ မှတ်ထားပါ"

ပြောယင်း တိုက်ခိုက်လာပြန်သည်။

ယခုတစ်ကြိမ် သူ၏ဓားချက်များသည် အလွန်ပင် ပြင်းထန်လှပေသည်။

မိန်စင်းယိက ခုခံပေးလိုက်၏။

"ချွင်"

ဓားချင်းထိသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြီး သူမ၏ လက်တစ်ခုလုံး ထုံကျဉ်သွားလေသည်။

ဝတ်စုံဖြူနှင့်လူ၏ဓားမှာ ကျရောက်လာပြန်သည်။

မိန်စင်းယိမှာ ရှောင်တိမ်းချိန် မရသဖြင့် ဓားကျိုးအား ပင့်ကာ ခံပေးလိုက်၏။

ဓားနှစ်လက် ပြင်းစွာ ထိခတ်သွားသည်။

ဤတွင် မမျှော်လင့်ဘဲ အဖြစ်တစ်ခု ပေါ်ပေါက်လာခဲ့တော့သည်။

♣ ♣ ♣



ဝတ်စုံဖြူနှင့်လူက အတွင်းအား အပြည့်အဝသုံးကာ ခုတ်ချလိုက်သလို မိန်စင်းယိကလည်း အတွင်းအားကို ဓားကျိုးဆီ ပို့ဆောင်ကာ ခုခံပေးလိုက်ခြင်း ဖြစ်သည်။

"ချွမ်း"

ဓားနှစ်လက်ပြင်းစွာ ထိတွေ့မိလိုက်လျှင် မိန်စင်းယိ၏ဓားကျိုးမှာ ထက်ပိုင်းကျိုးသွားတော့သည်။

"ဟင်"

မထင်မှတ်ထားသည့် အဖြစ်မို့ မိန်စင်းယိ ကြက်သေသေသွားလေသည်။

ဝတ်စုံဖြူနှင့်လူမှာလည်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

နာမည်ကြီးဓားကျိုးကား ထက်ပိုင်းကျိုးနေပြီ ဖြစ်သည်။

မိန်စင်းယိသည် မယုံကြည်နိုင်သော မျက်လုံးအစုံဖြင့် လက်ထဲမှ ဓားကျိုးအား ကြည့်နေမိသည်။

"ဒါ...ဒါ ဘယ်လိုဖြစ်တာလဲ"

သူမက တတွတ်တွတ် ရေရွတ်လိုက်၏။

ဝတ်စုံဖြူနှင့်လူမှာ အံ့သြနေရာမှ ချက်ချင်းပင် သတိဝင်လာ၏။

"ဒါ...ဒါ ဓားကျိုးအတုပဲ"

နှုတ်မှလည်း လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

ထိုစကားကြောင့် မိန်စင်းယိ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွား၏။ မျက်နှာတစ်ခုလုံးမှာလည်း ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

ရှေ့ဆက်ဖြစ်ပေါ်မည့် မိမိ၏ကံကြမ္မာကိုလည်း ချက်ချင်း

ပင် နားလည်လိုက်၏။

ဓားကျိုးသည် အတုဖြစ်နေသည်ကို သိရသည်နှင့် တပြိုင်နက်တည်းမှာပင် သူမက နောက်ဆုတ်ရန် ဟန်ပြင်လိုက်၏။

သို့သော် သူမအတွက် နောက်ကျသွားချေပြီ။

နောက်သို့ဆုတ်ရန် ခြေလှမ်းပြင်လိုက်စဉ်မှာပင် ရင်ဝ၌ စူးရှသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။

သူမက မျက်လုံးပြူးယင်း ဝတ်စုံဖြူနှင့်လူအား ကြည့်လိုက်သည်။ ဝတ်စုံဖြူနှင့်လူ၏မျက်နှာပေါ်တွင် အေးစက်သော အပြုံးရိပ်တစ်ချက် ဖြစ်ပေါ်နေသည်။

"ငါက သစ္စာဖောက်ကို ချမ်းသာပေးရိုးထုံးစံ မရှိဘူး၊ ပြီးတော့ အခြေအနေကို ချက်ချင်းသုံးသပ်တတ်တယ်လေ"

မိန်စင်းယိနောက်သို့ နှစ်လှမ်းမျှ ဆုတ်သွားပြီးနောက်...

"ဝုန်း"

မြေပေါ် အရုပ်ကြိုးပြတ် လဲကျသွားပြီး တုတ်တုတ်မျှပင် မလှုပ်တော့ချေ။

ဝတ်စုံဖြူနှင့်လူက သွေးစွန်းနေသော သူ၏ဓားအား တစ်ချက်ကြည့်ကာ...

"မုယုံကျင်း လူလည်ကျသွားတာကိုး တွေ့ကြသေးတာပေါ့"

ကြုံးဝါးယင်း လှမ်းထွက်သွားသည်။

သိုင်းသမားများသည်လည်း အလွန်ရိုကျိုးသော အသွင်ဖြင့် ဝတ်စုံဖြူနှင့်လူ၏နောက်မှ လိုက်ပါသွားကြလေတော့သည်။

♣ ♣ ♣



မုယုံကျင်းသည် မြင်းကို ဒုန်းစိုင်းကာ နှင်လာ၏။

ယခုဆိုလျှင် ဓားသမား၏စံအိမ်နှင့် အတော်ဝေးဝေးသို့ ရောက်ရှိလာပြီ ဖြစ်သည်။

သူက ရှေ့ဆက်နှင်သွားရာ တစ်နေရာတွင် မြင်းတစ်စီး ရပ်တန့်ထားသည်ကို တွေ့လိုက်ရ၏။

မလှမ်းမကမ်းတွင် မုံချူးအား တွေ့လိုက်ရသည်။

မုယုံကျင်းက သူမအနီးတွင် မြင်းကို ရပ်တန့်ကာ ခုန်ဆင်းလိုက်သည်။

"အစ်ကို ဘာမှမဖြစ်ဘူးနော်"

မုံချူးက ပြောယင်း ရင်ခွင်ထဲ တိုးဝင်လာသည်။

မုယုံကျင်းက ပြန်လည်သိုင်းဖက်ထားလိုက်၏။

မုယုံကျင်းက မုံချူး၏ဆံနွယ်များအား အသာအယာ ပွတ်သပ်ပေးလိုက်ပြီး...

"ညီမကိုကော သူတို့ နှိပ်စက်ကြသေးသလား"

မုံချူးက ရင်ခွင်ထဲမှ အသာထွက်ပြီး ခေါင်းခါယမ်းလိုက်၏။

"မနိုပ်စက်ကြပါဘူး"

"တော်သေးတာပေါ့"

"အခုဆို ညီမတို့အတွက် ဓားကျိုးကို စွန့်လွှတ်ခဲ့ရပြီနော်"

သူမက အလွန်စိတ်မကောင်းသော လေသံဖြင့် ပြောလာသည်။

မုယုံကျင်း ပြုံးလိုက်သည်။

"စိတ်မကောင်း မဖြစ်ပါနဲ့ ညီမရယ်၊ အခုဆို သူတို့အချင်းချင်း ပဋိပက္ခတောင် ဖြစ်နေလောက်ပြီ၊ အတော့်ကို ရယ်စရာကောင်းတဲ့လူတွေပဲ"

မုယုံကျင်းက တက်ကြွရွှင်လန်းစွာဖြင့် ပြောနေခြင်းကြောင့် မုံချူး အံ့သြသွားသည်။

"ဓားကျိုး ရန်သူ့လက်ထဲ ရောက်သွားတာတောင် အစ်ကိုက ဘာမှ မဖြစ်ဘူးနော်"

မုယုံကျင်း ပြုံးလိုက်၏။

"သူတို့ ရသွားတာ အတုကြီးပါ ညီမရယ်"

"ရှင်"

မုံချူး အံ့အားသင့်သွားသည်။

"အတုဟုတ်လား"

"ဟုတ်တယ်"

"ညီမတော့ နားမလည်နိုင်တော့ဘူး"

မုယုံကျင်းက ဝဲဘက်လက်အား လှုပ်ယမ်းလိုက်လျှင် ဓား



တစ်လက် ရောက်ရှိလာသည်။

'ဓားကျိုး'ပင် ဖြစ်လေသည်။

မုံချူးက ဓားကျိုးအား ငေးကြောင်၍ ကြည့်နေသည်။

မုယုံကျင်း သက်ပြင်းချလိုက်၏။

"အရေးကြုံယင် အသုံးပြုလို့ရအောင် ကျူးထိန်မြို့က ပန်းပဲဆရာလုံချစ်ဆီမှာ ဓားကျိုးကို ငွေတစ်ထောင်ပေးပြီး အတုလုပ်ခဲ့တယ်လေ၊ အခုတော့ ဒီအတုက အသုံးဝင်ခဲ့ပြီပေါ့"

ယခုမှ မုံချူး သက်ပြင်းချနိုင်တော့သည်။

မျက်နှာပေါ်တွင်လည်း အပြုံးရိပ်များ ထင်ဟပ်လာသည်။

"အစ်ကိုရဲ့ အကြံကောင်းလို့ ဓားကျိုးကို မဆုံးရှုံးရတာ၊ ဒါပေမယ့် ညီမ စိုးရိမ်တာ တစ်ခုတော့ ရှိတယ်"

မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ဘာများလဲ ညီမရဲ့"

"သူတို့က အတုလို့ သိသွားယင် လိုက်လာကြမှာ သေချာတယ်"

"ဒီအတွက် မပူနဲ့ ချက်ချင်းကြီးတော့ မသိနိုင်သေးပါဘူး"

သူက ပြောယင်း ပတ်ဝန်းကျင်အား တစ်ချက် အကဲခတ်ကြည့်လိုက်သည်။

ထိုအခါမှ မုယုံကျင်းမှာ ယွဲ့ဖိန်းအား သတိရလာသည်။

မုံချူးအား ကြည့်ကာ...

"ယွဲ့ဖိန်းကော"

မုံချူး ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"အစ်ကိုတစ်ယောက်တည်း ကျန်ခဲ့လို့ သွားကူမယ်ဆိုပြီး နောက်ကြောင်း ပြန်လှည့်သွားတာပဲလေ၊ အစ်ကိုနဲ့ မတွေ့ခဲ့ဘူးလား"

မုယုံကျင်း ခေါင်းခါယမ်းလိုက်သည်။

"မတွေ့ခဲ့ဘူး၊ ယဲ့ဖိန်း မပြောနဲ့ အခြားလူတစ်ယောက်တောင် မတွေ့ခဲ့ဘူး"

"ဒါဆို သူဘယ်ရောက်သွားသလဲ"

ယဲ့ဖိန်း ကိစ္စမှာ စဉ်းစားစရာ ဖြစ်လာသည်။

ယဲ့ဖိန်းအား ရန်သူများက ထပ်မံဖမ်းဆီးသွားခြင်းပေလော။

"သူ့ရဲ့သိုင်းပညာအဆင့်နဲ့ တော်ရုံလူ ဒုက္ခပေးလို့ မရပါဘူး၊ ငါ့အလွတ်ရုန်းထွက်နိုင်တာကို သိလျက်နဲ့ ဘာကြောင့် နောက်ကြောင်း ပြန်လှည့်သွားတာလဲ"

မုယုံကျင်းမှာ ဦးခေါင်းတစ်ခုလုံး ပူထူသွားသော်လည်း အဖြေမရပါချေ။

ယခုအချိန်တွင် မုံချူးမှာ ပို၍ အရေးကြီးနေသည်။

မုံချူးအား လုံခြုံသည့် နေရာသို့ ပို့ဆောင်ပြီးမှ ယဲ့ဖိန်းအား ရှာဖွေရန် ဆုံးဖြတ်လိုက်သည်။

ကောင်းကင်ပေါ်တွင် အာရုဏ်ဦး၏လင်းရောင်ခြည်များ ပင် ထွက်ပေါ်လာနေပြီ ဖြစ်သည်။

"ကဲ… ညီမ၊ အစ်ကိုတို့ ဒီနေရာကနေ မြန်မြန်ထွက်သွားရအောင်"



"ယဲ့ဖိန်းကော"

"သူ့ကို နောက်မှာပဲ လာရှာတော့မယ်၊ သူ့ရဲ့သိုင်းပညာဟာ အဆင့်မနိမ့်လို့ တော်ရုံလူ ဒုက္ခပေးလို့ရမှာ မဟုတ်ပါဘူး"

နှစ်ယောက်သား မြင်းများပေါ် အသီးသီး ခုန်တက်လိုက်ကြ၏။

ထို့နောက် ကျူးထိန်မြို့သို့ ဦးတည်ကာ ဒုန်းစိုင်းနှင်သွားကြလေတော့သည်။

♣ ♣ ♣

ရွှေလက်ဝါး...

ရွှေလက်ဝါးသည် ကျော်ကြားသော သိုင်းသမားကြီးတစ်ဦး၏အမည် ဖြစ်သည်။

ရွှေလက်ဝါးသည် သိုင်းလောကတွင် အများအကျိုး၊ သိုင်းလောကအကျိုး ဆောင်ရွက်နေသော သိုင်းသမားကြီးတစ်ဦး ဖြစ်သည်။

တပည့်တပန်း ပေါများသလို လူချစ်လူခင်လည်း ပေါများသူတစ်ဦး ဖြစ်သည်။

ရွှေလက်ဝါးသည် နယ်တကာလှည့်၍ ခရီးနှင်နေယင်းမှ အမှောင်ရာဇာဂူကျူးရှိ၏အဖွဲ့သည် ဆိုးသွမ်းသောင်းကျန်းနေသည်ကို သတင်းရခဲ့သည်။

ထို့ကြောင့် သူက လိုက်လံစုံစမ်းခဲ့သည်။

အမှောင်ရာဇာအဖွဲ့သည် ဓားကျိုးအား လုယူရန် ကြိုးစားနေပြီး သိုင်းလောကတစ်ခုလုံးကိုပင် ဒုက္ခပေးရန် ကြိုးစားနေကြောင်း သိသောအခါတွင် ငြိမ်မနေနိုင်တော့ပါ။

အမှောင်ရာဇာအဖွဲ့အား ချေမှုန်းရန် ကြိုးစားလာခဲ့တော့၏။

ရွှေလက်ဝါးအား ယုံကြည်စိတ်ချသူများ၊ အများအကျိုးဆောင်ရွက်နေသော သိုင်းသမားများသည် ရွှေလက်ဝါးနှင့် ပူးပေါင်းကာ အမှောင်ရာဇာအဖွဲ့အား ဖြိုခွဲရန် ကြိုးစားလာခဲ့ကြလေတော့သည်။

♣ ♣ ♣



ကျူးထိန်မြို့...

မုယုံကျင်းသည် ကျူးထိန်မြို့သို့ ဒုတိယအကြိမ် ပြန်လည်ရောက်ရှိလာခဲ့ပြီ ဖြစ်သည်။

သူနှင့် မုံချူး မြို့ထဲရောက်လာသောအချိန်တွင် နေဝင်သွားခဲ့ပြီ ဖြစ်သည်။

ကျူးထိန်မြို့မှာ မီးရောင်ထိန်ထိန်လင်းနေပြီ ဖြစ်သည်။

သူတို့သည် ညနေစာ စားသောက်ရန်အတွက် စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ရောက်ခဲ့သည်။

စားသောက်ဆိုင်ထဲဝယ် စားသောက်သူများဖြင့် စည်ကားနေသည်။

သူတို့သည် ကံကောင်းစွာပင် ဆိုင်ထောင့်တစ်နေရာတွင် စားပွဲလွတ်တစ်လုံးအား ရရှိလိုက်သည်။

ထို့နောက် စားသောက်ဖွယ်ရာအချို့ မှာကြားစားသောက်လိုက်သည်။

ဆာဆာနှင့် စားသောက်နေကြသည်မို့ ပတ်ဝန်းကျင်ကိုပင် မေ့လျော့သွားနေ၏။

ထို့ကြောင့်လည်း သူတို့အား အကဲခတ် ကြည့်နေသော လူတစ်ဦးအား သတိမပြုမိခဲ့ပါချေ။

♣ ♣ ♣

စားသောက်ဖွယ်ရာများ ကုန်စင်သွားပြီ ဖြစ်သည်။

မယုံကျင်းက စားသောက်ခရှင်းရန် ဆိုင်လုလင်အား ခေါ်လိုက်လေသည်။

ဆိုင်လုလင် ရောက်လာလျှင် ကျသင့်ငွေ ပေးချေလိုက်ပြီးနောက်...

"ဒီမှာ တည်းခိုဖို့ အခန်းများ ရှိသလား"

ဆိုင်လုလင် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့ အခန်းလွတ်တွေ ရှိပါတယ်"

မယုံကျင်းမှာ ရှည်ရှည်ဝေးဝေး လိုက်ရှာစရာ မလိုတော့၍ ဝမ်းသာသွားသည်။

"ဒီလိုဆို ကျုပ်တို့အတွက် အခန်းနှစ်ခန်းပေးပါ"

သူက အခန်းငှားခကိုပါ တစ်ပါတည်း ပေးချေလိုက်၏။

ဆိုင်လုလင်က ပန်းကန်ခွက်ယောက်များအား သိမ်းဆည်းရန် ယူသွားပြီး ပြန်ရောက်လာသည်။

"အပေါ်ထပ် လှေကားဘေးနားက မျက်နှာချင်းဆိုင် အခန်းနှစ်ခန်းမှာ တည်းခိုလို့ ရပါတယ် ခင်ဗျာ"

"ကျေးဇူးပဲ"

မယုံကျင်းက ငွေတုံးလေးတစ်တုံး ထုတ်ပေးလိုက်၏။

ဆိုင်လုလင်က အထပ်ထပ် ဦးညွတ်ယင်း ထွက်ခွာသွားလေသည်။

မယုံကျင်းက မုံချူးအား ပြုံးပြလိုက်သည်။

"ခရီးပမ်းလာတယ်ဆိုတော့ စောစောအနားယူကြတာပေါ့"



မုံချူး ခေါင်းညိတ်ပြလိုက်၏။

ထို့နောက် နှစ်ယောက်သား ထရပ်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူတို့က မထဖြစ်ပါချေ။

အကြောင်းမှာ အနက်ရောင်ဝတ်ဆင်ထားသူတစ်ဦးသည် ဆိုင်ထဲဝင်ရောက်လာပြီး သူတို့ထံ တန်းတန်းမတ်မတ် လျှောက်လာခြင်းကြောင့် ဖြစ်လေသည်။

ထိုလူသည် မယုံကျင်းတို့အနီးသို့ ရောက်လျှင် သေသေချာချာ အကဲခတ်ကြည့်လာပြီး...

"မယုံကျင်းနဲ့ မုံချူးတို့ဆိုတာ ခင်ဗျားတို့လား"

မယုံကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဘာကိစ္စများ ရှိလို့လဲ"

ထိုလူက ပတ်ဝန်းကျင်အား အကဲခတ်ကြည့်လိုက်ပြီးနောက် စာတစ်စောင် ထုတ်ပေးလာသည်။

"လူတစ်ယောက်က ခင်ဗျားတို့နှစ်ယောက်ရဲ့နာမည်နဲ့ ပုံပန်းသဏ္ဌာန်ကို ပြောပြပြီး ဒီစာကို ပေးခိုင်းလိုက်ပါတယ်"

မယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ဘယ်သူပေးလိုက်တာလဲ"

"လူရွယ်တစ်ယောက်ပဲ၊ ကျုပ်ကို ငွေတစ်ရာပေးလို့ လာပို့ပေးတာပါ"

မယုံကျင်းက စာကို လှမ်းယူလိုက်သည်။

ထိုလူသည် မယုံကျင်း လက်ထဲ စာရောက်သွားသည်နှင့် နှုတ်ပင်မဆက်ဘဲ ခပ်သွက်သွက်ဖြင့် ဆိုင်ထဲမှ ထွက်ခွာသွားလေ

တော့သည်။

"ဘယ်သူ့ဆီကလဲ အစ်ကို"

မုံချူးက မေးလာသည်။

မုယုံကျင်း ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

ပြောပြောဆိုဆို စာအား ဖွင့်ဖတ်လိုက်သည်။

စာကို ဖတ်ပြီးသည်နှင့် သူ၏မျက်နှာပေါ်တွင် ထူးခြားသော အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"ဘာတွေ ရေးထားလဲ အစ်ကို"

မုံချူးက သိလိုစိတ်ကို မထိန်းနိုင်ဘဲ မေးလာသည်။

မုယုံကျင်းက ဘာမျှ မပြောဘဲ စာကို ကမ်းပေးလိုက်၏။

မုံချူးက စာကို ယူကာ ဖတ်ကြည့်လိုက်သည်။

စာထဲ၌...

"မုယုံကျင်း...

ဂူကျူးရိကို ခြေရာခံမိပြီ စာရတာနဲ့ မြို့ပြင်ကို ချက်ချင်းလိုက်လာပါ

ယွဲ့ဖိန်း"

ဟူ၍ ရေးသားထားလေသည်။

မုံချူး မျက်မှောင်ကုပ်သွားသည်။

"ယွဲ့ဖိန်းက ဂူကျူးရိကို ခြေရာခံမိပြီဆိုပါလား"

မုယုံကျင်းက ဘာမှမပြောဘဲ တစ်စုံတစ်ရာကို လေးလေး



နက်နက်ပင် စဉ်းစားနေ၏။

မုံချူးက ဆက်ပြောလာသည်။

"ယွဲ့ဖိန်းက အစ်ကို့ကို ကူညီဖို့ သွားယင်းနဲ့ စုံစမ်းမိတာထင်တယ်၊ အစ်ကို လိုက်သွားမှာလား"

မုယုံကျင်း ခေါင်းညိတ်လိုက်၏။

"ဒါဖြင့် ညီမလဲ လိုက်မယ်"

"မဖြစ်ဘူး"

"ဘာကြောင့် မဖြစ်ရမှာလဲ"

မုယုံကျင်း သက်ပြင်းချလိုက်၏။

"ယွဲ့ဖိန်းက ဘာကြောင့် သူကိုယ်တိုင် လာမတွေ့သလဲ၊ ပြီးတော့ ဒီမြို့ကို ရောက်နေတာ ဘာကြောင့် တိတ်အပ်သိနေသလဲ"

မုံချူးက တစ်ချက်စဉ်းစားယင်း ပြောလာသည်။

"ယွဲ့ဖိန်းက ဂူကျူးရိကို မျက်ခြည်ပြတ်သွားမှာမို့ လူကြုံနဲ့ အကြောင်းကြားလိုက်တာ ဖြစ်မှာပေါ့၊ ပြီးတော့ ကျူးထိုင်မြို့နဲ့ အနီးဆုံးက ဒီမြို့ပဲ ရှိတယ် မဟုတ်လား၊ ဒါကို သူတွက်ဆမိထားမှာပေါ့"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ညီမပြောတာလဲ သဘာဝကျပါတယ်၊ ဒါပေမယ့် ရန်သူ့ထောင်ချောက်လဲ ဖြစ်ချင်ဖြစ်နေနိုင်တယ်၊ ဒါကြောင့် ညီမအနေနဲ့ ဒီမှာ ကျန်နေခဲ့တာ အကောင်းဆုံးပဲ"

"ကျွန်မ..."

မုံချူးက စောဒကတက်ရန် ပြင်ရာ မုယုံကျင်းက ဆက်ပြောလိုက်လေသည်။

"ဒီမှာ နေခဲ့တာ ညီမအတွက် အန္တရာယ်ကင်းမယ်၊ ညီမ ပါနေယင် ရန်သူကို ရင်ဆိုင်တဲ့အခါ အခက်တွေ့နိုင်တယ်၊ ညီမ ဒီမှာ ပဲနေခဲ့ပါ အစ်ကို အမြန်ဆုံး ပြန်လာခဲ့ပါ့မယ်"

မိမိပါနေလျှင် မုယုံကျင်းသည် ရန်သူအား ရင်ဆိုင်ရန် အခက်တွေ့နိုင်သည်ဟု တွေးမိလျှင် သူမက စိတ်လျှော့လိုက်၏။

"ကောင်းပြီ၊ ညီမ ဒီမှာပဲ နေခဲ့ပါတော့မယ် အစ်ကို့ အနေနဲ့ သတိထားပါ၊ ပြီးတော့ မြန်မြန်ပြန်လာခဲ့ပါ"

"စိတ်ချ၊ ကဲ…ညီမ အခန်းထဲသွားနားပါတော့"

မုံချူးက သက်ပြင်းတစ်ချက်ချကာ ထိုင်ရာမှထပြီး အပေါ်ထပ်သို့ တက်သွားလေသည်။

မုယုံကျင်းသည် သူမအား တစ်ချက်ကြည့်ပြီး ဆိုင်ထဲမှ ခပ်သွက်သွက် လှမ်းထွက်သွားလေတော့သည်။

♣ ♣ ♣

## မမျှော်လင့်သောအကူအညီ

မုယုံကျင်းသည် မြို့ပြင်သို့ ခပ်သွက်သွက် လျှောက်လာခဲ့သည်။

မြို့ပြင်သို့ လှမ်းထွက်လိုက်သည်နှင့်…

"အား"

စူးရှသော အော်သံတစ်ချက်သည် တောအုပ်ထဲမှ ထွက်ပေါ်လာသည်။

မုယုံကျင်း ရင်ထိတ်သွားသည်။

အော်သံသည် ယွဲ့ဖိန်း၏အသံနှင့် ဆင်နေသည် မဟုတ်ပါလား။

သူက မြို့ပြင်တောအုပ်ထဲ တဟုန်ထိုး ပြေးဝင်သွားတော့သည်။

ကောင်းကင်ပေါ်တွင် လထွက်၍ တော်ပသေးသည်။

လရောင်သည် တောအုပ်ထဲ ဖြာကျနေသောကြောင့် ကောင်းစွာ တွေ့မြင်နေရသည်။

သူက တောအုပ်ထဲ လှမ်းဝင်လိုက်သည်နှင့် လရောင်ဖြင့် ဓားရောင်များ ဝင်းလက်သွားသည်ကို တွေ့မြင်လိုက်ရသည်။

မုယုံကျင်းက ချက်ချင်းပင် မြေပေါ်လှိမ့်ချကာ ရှောင်ထွက်သွားလေသည်။

တဆက်တည်းပင် ဓားကိုင်လက်အား ဆန့်ထုတ်ကာ ဖွယမ်းလိုက်သည်။

"အွန့်"

"အမယ်လေး"

စူးရှသော အသံနှင့်အတူ လဲပြိုကျသွားသံကိုပါ ကြားလိုက်ရသည်။

မုယုံကျင်းက ဆတ်ခနဲ ထရပ်ကာ အကဲခတ်ကြည့်လိုက်၏။

ထိုအခါ အနက်ရောင်ဝတ်ဆင်ထားသူနှစ်ယောက် မြေပေါ် လဲကျနေသည်ကို တွေ့လိုက်ရသည်။

သူထင်မှတ်ထားသည့်အတိုင်းပင် ဤနေရာသည် အန္တရာယ်များ ပြည့်လျှမ်းနေကြောင်း သေချာသွားနေပြီ။

မုယုံကျင်းက ရှေ့ဆက်ပြေးလွှားလာခဲ့သည်။

မကြာမီ မြေကွက်လပ်တစ်ခုရှေ့သို့ ရောက်ရှိလာသည်။



သူက မြေကွက်လပ်ရှေ့သို့ ရောက်လာလျှင် ဝန်းကျင်အနှံ့မှ အနက်ရောင်ဝတ်ဆင်ထားသူများ အလျှိုလျှို ထွက်ပေါ်လာပြီး သူ့အား ဝိုင်းရံလာကြလေသည်။

အနက်ရောင်ဝတ်ဆင်ထားသူများအား ဦးဆောင်သူမှာ မာယာရှင်နှင့် မြေခွေးနက် ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မုယုံကျင်းက သူတို့အား စေ့စေ့ကြည့်ကာ...

"ယွဲ့ဖိန်း ဘယ်မှာလဲ"

မြေခွေးနက် အေးစက်စွာ ပြုံးလိုက်သည်။

သူ၏အဖြေကား...

"တိုက်ကြစမ်း"

ဟူ၍ပင် ဖြစ်နေတော့သည်။

♣ ♣ ♣

အနက်ရောင်ဝတ်ဆင်ထားသူများသည် အင်အားသုံးဆယ်ခန့် ရှိနေ၏။

မြေခွေးနက် အမိန့်ပေးလိုက်သည်နှင့် တပြိုင်နက် ညာသံကိုယ်စီပေးကာ ပြေးဝင်တိုက်ခိုက်လာကြလေသည်။

မုယုံကျင်း၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေ၏။

အနက်ရောင်ဝတ်ဆင်ထားသူများ အနီးသို့ ရောက်ရှိလာလျှင်…

"ယား"

ကျယ်လောင်စွာ ညာသံပေးယင်း တရကြမ်းပင် တိုက်ခိုက်လိုက်လေတော့သည်။

♣ ♣ ♣



လရောင်သည် မြေကွက်လပ်ပေါ်သို့ ဖြာကျနေသည်။

လရောင်ဖြင့် ဝင်းလက်တောက်ပသော ဓားရောင်များထွက်ပေါ်နေသည်။

တောအုပ်ထဲဝယ် ကမ္ဘာပျက်သည့်အလား ဆူညံနေ၏။

အနက်ရောင်ဝတ်ဆင်ထားသူများ တစ်ယောက်ပြီးတစ်ယောက် လဲကျနေသည်။

သို့တိုင် သူတို့သည် နောက်မဆုတ်ဘဲ အသေခံကာ တိုက်ခိုက်နေကြသည်။

အနက်ရောင်ဝတ်ဆင်ထားသူများ လဲကျသွားနေသလို မုယုံကျင်း၏ကိုယ်ပေါ်တွင်လည်း ဒဏ်ရာလေးငါးချက်ထက် မနည်းရရှိလာသည်။

မုယုံကျင်းမှာ ရန်သူများအား ထိုးခုတ်တိုက်ခိုက်ရသည်မှာ မည်မျှများသနည်းဆိုလျှင် သူ၏ဓားပင် အသွားများလိမ့်ကာ နောက်ဆုံး၌ ကျိုးပဲ့သွားရသည်။

မုယုံကျင်း လက်ထဲ ဓားမရှိတော့လျှင် ရန်သူများ ဝမ်းသာသွားကြသည်။

"ယား"

"သေပေတော့"

အော်ငေါက်ကာ တဟုန်ထိုး တိုက်ခိုက်လာကြသည်။

မြေခွေးနက်နှင့် မာယာရှင်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးလိုက်သည်။

မုယုံကျင်း မည်သို့မျှ တတ်နိုင်တော့မည် မဟုတ်ဟု ယုံကြည်ထားကြပေသည်။

သူတို့က တိုက်ပွဲအား ပြန်၍ ကြည့်လိုက်ကြ၏။

ထိုအခါ သူတို့၏မျက်လုံးအစုံ ပြူးကျယ်သွားရလေသည်။

အကြောင်းမှာ...

♣ ♣ ♣



ရန်သူများသည် မုယုံကျင်း လက်နက် မရှိတော့၍ အပိုင်ဟု ယူဆကာ တရကြမ်း ဝင်ရောက်တိုက်ခိုက်လိုက်ကြ၏။

သို့သော် မုယုံကျင်း အနီးသို့ ရောက်သွားချိန်ဝယ် လက်ခနဲ အလင်းရောင်တန်းတစ်ခုကိုသာ တွေ့မြင်ရပြီး တစ်ယောက်ပြီးတစ်ယောက် လဲကျကုန်သည်။

ကျန်လူများမှာ ဆက်လက်မတိုက်ခိုက်ဝံ့ကြတော့ဘဲ နောက်သို့ ကပျာကယာ ဆုတ်သွားကြသည်။

မုယုံကျင်းကိုလည်း မျက်လုံးပြူးကာ ကြည့်နေမိကြ၏။

မုယုံကျင်း၏လက်ထဲဝယ် ဓားတစ်လက် ရောက်ရှိနေသည်။

ထိုဓားမှာ ဓားကျိုးပင် ဖြစ်နေပေသည်။

♣ ♣ ♣

မာယာရှင်နှင့် မြေခွေးနက်တို့မှာ ဓားကျိုးကို မြင်လျှင် မျက်စိမျက်နှာ ပျက်သွားကြသည်။

သူတို့သည် မုယုံကျင်းအား နှစ်ယောက် ပူးပေါင်း၍ တိုက်ခိုက်မည်ဆိုလျှင်ပင် သိုင်းကွက်ငါးဆယ်အတွင်း အသာရမည် မဟုတ်ပါ။

ယခု မုယုံကျင်း၏လက်ထဲ ဓားကျိုး ရောက်ရှိနေသောကြောင့် မည်သည့်နည်းနှင့်မျှ ယှဉ်နိုင်တော့မည် မဟုတ်ကြောင်း နားလည်လိုက်လေသည်။

မုယုံကျင်းမှာ ဒဏ်ရာလေးငါးချက်ထက်မနည်း ရရှိထားပါသည်။

သို့သော် သူက မားမားမတ်မတ် ရပ်နေဆဲပင်။

မုယုံကျင်း၏စူးရှသော မျက်လုံးအစုံက မြေခွေးနက်နှင့် မာယာရှင်ထံသို့ ရောက်ရှိလာသည်။

မြေခွေးနက် ပင့်သက်ရှိုက်လိုက်၏။

"မင်းက ကံကောင်းသွားပြန်ပြီ"

"ကျုပ်ကံကောင်းတာဟာ ခင်ဗျားတို့ ကံဆိုးဖို့ပဲ ဖြစ်ပါလိမ့်မယ်"

မြေခွေးနက် ပခုံးတွန့်လိုက်၏။

"မင်းကြာကြာ ကံမကောင်းနိုင်ပါဘူး၊ ပြီးတော့ ငါတို့ကို တိုက်ခိုက်ဖို့လဲ မင်းတတ်နိုင်မှာ မဟုတ်တော့ဘူး"

မုယုံကျင်းက သူတို့အနီး ချဉ်းကပ်သွားသည်။

မြေခွေးနက်က တုန်လှုပ်ဟန်မပြချေ။



မုယုံကျင်း မျက်မှောင်ကုပ်သွားသည်။

"ကျုပ်က ခင်ဗျားတို့ကို သတ်နိုင်တယ်ဆိုတာ မသိဘူးလား၊ ဒါမှမဟုတ် အသေခံမလို့လား"

မြေခွေးနက် ရယ်မောလိုက်သည်။

"မင်းက ကျုပ်တို့ကို လက်ဖျားနဲ့တောင် ထိဝံ့မှာ မဟုတ်ဘူးဆိုတာ ကျုပ်ကောင်းကောင်း သိထားတယ်"

"ဘာကြောင့် ဒီလို ပြောနိုင်တာလဲဆိုတာ ကျုပ်တောင် စိတ်ဝင်စားလာပြီ"

"မင်းစိတ်ဝင်စားယင် ပြောရတာပေါ့၊ ကျန်ရစ်ခဲ့တဲ့ မုံချူးဟာ အခုဆို ကျုပ်လူတွေလက်ထဲ ရောက်နေလောက်ပြီ၊ မင်းက ကျုပ်တို့ကို တိုက်ခိုက်လိုက်တာနဲ့ တပြိုင်နက် မုံချူးကို ပြန်တွေ့ရဖို့ မမျှော်လင့်နဲ့တော့"

မုယုံကျင်း၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားလေသည်။

ရန်သူသည် အကွက်ကျကျ စီစဉ်ထားခြင်း ဖြစ်သည်။

မုယုံကျင်းမှာ အလွန်ပင် စိတ်ဓာတ်ကျသွားလေသည်။

သူ၏ပုံဟန်အား ကြည့်ကာ မြေခွေးနက် သဘောကျစွာ ရယ်မောလိုက်လေသည်။

"မုယုံကျင်း၊ မင်းအတွက် ရွေးချယ်စရာလမ်း မရှိတော့ဘူး၊ အခုချက်ချင်း အညံ့ခံပေတော့"

မာယာရှင်လည်း ယခုမှပင် စိတ်အေးသွားသည်။

"မြေခွေးနက်၊ ရှင့်အကြံ ဘယ်ဆိုးလို့လဲ မုံချူးကို ချုပ်ကိုင်လိုက်ရုံနဲ့ သူ့ဘာမှ မတတ်နိုင်တော့ဘူး"

မုယုံကျင်းမှာ ယခု ကြုံတွေ့နေရသော အခက်အခဲအား မည်သို့ ကျော်လွှားရမည်ကို အပြင်းအထန်အပင် စဉ်းစားနေလိုက်၏။

သို့သော် အဖြေကား ထွက်မလာပါချေ။

ယင်းအခိုက်မှာပင်...

"မုံချူးကို ခင်ဗျားလူတွေ မဖမ်းနိုင်ခဲ့ဘူးဗျ"

စကားသံတစ်ချက် ပျံ့လွင့်လာသည်ကို ကြားလိုက်ရသည်။

မြေခွေးနက် ကြောင်အမ်းအမ်း ဖြစ်သွားပြီး စကားသံ ထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်၏။

ထိုအခါ လူတစ်ယောက်သည် မြေကွက်လပ်အတွင်း လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရလေသည်။

ထိုလူအား မြင်လျှင်...

"စာပေသမား"

မြေခွေးနက်သာမက မုယုံကျင်းပါ လွှတ်ခနဲ ရေရွတ်လိုက်မိလေသည်။

မှန်ပေသည်။

ရောက်ရှိလာသူမှာ စာပေသမားပင် ဖြစ်လေသည်။

♣ ♣ ♣



စာပေသမားသည် မုယုံကျင်းနှင့် မလှမ်းမကမ်းတွင် ရပ်တန့်လိုက်သည်။

တဖန် မုယုံကျင်းအား ပြုံးပြကာ...

"ခင်ဗျားတို့ စားသောက်ဆိုင်ထဲ ဝင်လာကတည်းက ကျုပ်ရှိနေခဲ့တယ်၊ အခြေအနေ ထူးခြားလို့ မသိဟန်ဆောင်ပြီး စောင့်ကြည့်နေခဲ့တာပဲ၊ ခင်ဗျားထွက်သွားပြီး မကြာဘူး၊ မြေခွေးနက်ရဲ့ လူတွေက မုံချူးကို ဖမ်းခေါ်သွားတယ်၊ ကျုပ်က သူတို့ကို ဆုံးမပြီး မုံချူးကို ကယ်တင်နိုင်ခဲ့တယ်၊ အခု မုံချူး ဘေးမသီရန်မခဘဲ ရှိနေပါတယ်"

ထိုစကားကြောင့် မုယုံကျင်းမှာ ထခုန်မိမတတ် ဝမ်းသာသွားလေသည်။

"ခင်...ခင်ဗျား တကယ် ပြောတာလား"

"တကယ်ပါ"

မုယုံကျင်း ဝမ်းသာသွားသလောက် မြေခွေးနက်နှင့် မာယာရှင်တို့၏မျက်နှာများမှာမူ ရှုံ့မဲ့သွားလေသည်။

"စာပေသမား၊ မင်းက အဖွဲ့ကိုလည်း သစ္စာဖောက်သွားတယ်၊ အခု ကိုယ်နဲ့ မဆိုင်ဘဲနဲ့လည်း ဝင်ရှုပ်တယ်၊ ဒါဘာသဘောလဲ"

မြေခွေးနက်က ဒေါသတကြီး ပြောလိုက်၏။

စာပေသမား သက်ပြင်းချလိုက်၏။

"ကျုပ်က မတရားဘူးထင်လို့ ဝင်ပါတာပါ"

"တစ်သက်လုံး လူဆိုးလုပ်လာတဲ့ လူစားမျိုးကများ မတရားလို့ ဝင်ကူညီတယ်တဲ့ ရယ်စရာကောင်းလိုက်တာ"

"ကျုပ်က အမှားကို သိမြင်သွားတဲ့အချိန်မှာတော့ တတ်နိုင်သလောက် ကောင်းအောင် ပြင်ဆင်သွားမှာပဲ၊ ကျုပ်ရဲ့အမှားကို အများအကျိုး ဆောင်ရွက်ယင်းနဲ့ ချေဖျက်သွားမှာပဲ"

"တိုက်ကြစမ်း"

မြေခွေးနက်က ဒေါသထွက်သွားပြီး သူ၏လူများအား အမိန့်ပေးလိုက်သည်။

တဆက်တည်းပင် သူက မုယုံကျင်းအား လျှပ်တပြက် တိုက်ခိုက်လိုက်သည်။

မာယာရှင်ကလည်း မနေနိုင်တော့ဘဲ မုယုံကျင်းအား ခုန်ဝင်တိုက်ခိုက်လိုက်လေသည်။

မုယုံကျင်းက ပြန်လည်တိုက်ခိုက်လိုက်သည်။

ဝင်းလက်သော ဓားရောင်များ ထွက်ပေါ်လာပြီး မရှေးမနှောင်းမှာပင်...

"အား"

"အွန့်"

မြေခွေးနက်နှင့် မာယာရှင်တို့မှာ စူးရှစွာ အော်ဟစ်ယင်း လဲကျသွားတော့သည်။

သူတို့ လဲကျသွားလျှင် အနက်ရောင်ဝတ်ဆင်ထားသူများသည် ဆက်လက်မတိုက်ခိုက်ဝံ့တော့ဘဲ အထိတ်တလန့်ဖြင့် ထွက်ပြေးသွားကြလေတော့သည်။

♣ ♣ ♣



ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေ၏။

မုယုံကျင်းသည် စာပေသမားအား အတန်ကြာအောင် အကဲခတ်ကြည့်ပြီးမှ...

"မုံချူး ဘယ်မှာလဲ"

ဟုမေးလိုက်သည်။

စာပေသမား ပြုံးလိုက်၏။

"သူ့အတွက် မစိုးရိမ်ပါနဲ့၊ ကျုပ်က ဘုံကျောင်းမှာ ထားခဲ့ပါတယ်"

မုယုံကျင်း ပင့်သက်ရှိုက်လိုက်၏။

"ကျုပ်ကို ဘာကြောင့် ကူညီရတာလဲ"

"ကျုပ်ပြောပြီးပြီလေ၊ မတရားဘူး ထင်လို့ပေါ့"

"ဂူကျူးရီရဲ့ကိုယ်ရံတော်ငါးဦးထဲက စာပေသမားဟာ တကယ့်ကို ပြောင်းလဲသွားခဲ့တာကိုး၊ အခုလို ကူညီရုံနဲ့ ခင်ဗျားရဲ့ အပြစ်တွေ ပေးဆပ်နိုင်ပြီလို့ ထင်သလား"

စာပေသမား၏မျက်နှာ တည်ကြည်လေးနက်သွားသည်။

"ဘယ်ကြေနိုင်ပါ့မလဲဗျာ၊ ဒါကြောင့် ကျုပ်က သေဆုံးမယ့်အချိန်ထိ အပြစ်ကို ပေးဆပ်သွားမယ်လို့ ဆုံးဖြတ်ထားပြီးပါပြီ"

ထိုစကားကြောင့် မုယုံကျင်း၏ရင်ထဲ ဖော်မပြနိုင်သော ခံစားချက်များ ဖြစ်ပေါ်လာလေသည်။

စာပေသမားသည် အမှန်တကယ်ပင် လူကောင်းတစ်ယောက် ဖြစ်လာပြီဟုလည်း ယုံကြည်လာမိသည်။

စာပေသမားအား စေ့စေ့ကြည့်ကာ...

"ခင်ဗျား ဘာကြောင့် ဒီလောက်တောင် ပြောင်းလဲလာခဲ့ရတာလဲ"

စာပေသမား ရယ်မောလိုက်၏။

"လူတစ်ယောက်ဟာ နောင်တရချိန်တန် နောင်တရတာပဲ မဟုတ်လား မထူးဆန်းပါဘူး"

"ခင်ဗျားပြောင်းလဲလာမှုကတော့ စိတ်ဝင်စားစရာကောင်းမယ် ထင်တယ်"

စာပေသမား ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ထင်တာ မှားသွားပြီ"

"ဘာဖြစ်လို့လဲ"

"ကျုပ်အကြောင်းက စိတ်ဝင်စားစရာ မကောင်းပါဘူး၊ သမရိုးကျပါပဲ"

မုယုံကျင်း ပြုံးလိုက်၏။

"ဘာပဲဖြစ်ဖြစ် ကျုပ်သိချင်တယ်"

စာပေသမား ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ ခင်ဗျား ဒီလောက် သိချင်မှတော့ ပြောပြရတာပေါ့၊ ကျူးလန်းဒေသကို ကျုပ်ရောက်သွားခဲ့တဲ့ အချိန်ကစပြီး ပြောင်းလဲသွားခဲ့ရတာပဲ"

စာပေသမား၏မျက်လုံးထဲ ကျူးလန်းဒေသ ခရီးစဉ်အား ပြန်လည် မြင်ယောင်လာလေတော့သည်။

♣ ♣ ♣

## အန္တရာယ်ခရီးသည်

ကျူးလန်းဒေသ...

နန်းတွင်း အခြေစိုက်ရာ ပီကင်းမြို့နှင့် မိုင်ပေါင်းများစွာ ဝေးကွာသော ဒေသတစ်ခု ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ခက်ခဲကြမ်းတမ်းသည်။

ခရီးလမ်းဆက်သွယ်ရေး ကြမ်းတမ်းသည်နှင့်အမျှ လူဆိုးဓားပြ၊ သိုင်းသမားဆိုးများ ပေါများသည်။

ကျူးလန်းတောင်တန်း ကျော်လွန်ပါက ကျင်းပြည်နယ်အားရောက်ရှိနိုင်သည်။

ကျူးလန်းဒေသသည် ကျင်းပြည်နယ်နှင့် ပိုင်းခြားထား

သော နယ်ခြားဒေသတွင် ရှိသည့်အတွက်လည်း အနက်ရောင် နယ်မြေတစ်ခု ဖြစ်နေသည်ဆိုက မမှားပါချေ။

♣ ♣ ♣

"ခွပ်ခွပ်...ခွပ်ခွပ်"

မြင်းခွာသံများ ထွက်ပေါ်လာသည်။

မြင်းတစ်စီးသည် တောလမ်းအတိုင်း ခပ်မှန်မှန် နှင်လာ၏။

မြင်းပေါ်ဝယ် အပြာရောင်အဝတ်အစားများ ဝတ်ဆင်ထားသော လူရွယ်တစ်ဦး လိုက်ပါလာသည်။

လူရွယ်သည် တည်ကြည်သော ဥပဓိရုပ်ရှိပြီး ရဲဝံ့သူတစ်ဦး၏အသွင်သဏ္ဌာန်ကို မျက်နှာပြင်တွင် ရှာဖွေတွေ့ရှိနိုင်လေသည်။

လူရွယ်၏စူးရှသော မျက်လုံးများက မိမိကိုယ်ကို ယုံကြည်စိတ်ချသူတစ်ဦးအဖြစ် ဖော်ကျူးပြနေ၏။

နေဝင်တော့မည် ဖြစ်သည်။

နေခြည်ဖျော့ဖျော့လေးက တောလမ်းအတိုင်း ဖြာဆင်းကျနေ၏။

တောလမ်းသည် ချိုင့်ဝှမ်း၊ ခလုတ်ကန်သင်းများဖြင့် ကြမ်းတမ်းလှသည်။

တောလမ်းတစ်ဘက်တစ်ချက်တွင်လည်း သစ်ပင်များ ကိုင်းတိုးကျဲတဲသာ ပေါက်ရောက်ပြီး ချုံပင်များသာ အများစု ပေါက်ရောက်နေသည်။



မည်သည့်နည်းနှင့်မျှ ကဗျာဆန် လှပခြင်းမရှိပါချေ။

သို့သော် လူရွယ်ကမူ သဘာဝ အလှအပအား မြင်တွေ့နေသလိုပင် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်ရှုယင်း မြင်းကို နှင်နေ၏။

သူ၏အမူအရာမှာ အလွန်ပင် အေးဆေးကာ သက်တောင့်သက်သာ ရှိလှသည်။

မည်သည့်ပူပင်သောကမျှ မရှိသလို ပုံဟန်မျိုး ဖြစ်သည်။

ဤတောလမ်းအဆုံးဝယ် ကျူးနန်းမြို့ ရှိသည်။

ပုံမှန်အတိုင်း သွားရုံနှင့်ပင် မိုးမချုပ်မီ ရောက်ရှိနိုင်၏။

ထို့အတွက်ကြောင့် လူရွယ်က အေးဆေးစွာဖြင့် ခရီးနှင်နေခြင်းလည်း ဖြစ်နိုင်ပေသည်။

လူရွယ်သည် ပတ်ဝန်းကျင်အား အကဲခတ်ကြည့်နေယင်းမှ တစ်နေရာအရောက်ဝယ် မျက်လုံးအစုံ ပို၍ စူးရဲသွားလေသည်။

ရှေ့ဝါးနှစ်ပြန်စာ အကွာတွင် လူသုံးယောက်အား တွေ့လိုက်ရခြင်းကြောင့် ဖြစ်သည်။

ထိုလူသုံးယောက်သည် အနက်ရောင်အဝတ်အစားများ ဝတ်ဆင်ထားပြီး လမ်းဘေးသစ်ပင်အောက်တွင် အေးအေးလူလူ ထိုင်နေကြခြင်း ဖြစ်သည်။

လူရွယ်က ထိုသုံးယောက်အား အကဲခတ်ကြည့်ယင်းမှပင် အနီးသို့ ရောက်ရှိသွားသည်။

ထိုလူသုံးယောက်သည် လူရွယ်ကို လုံးဝပင်မကြည့်ပါ။

တစ်စုံတစ်ရာအတွက် အငြင်းအခုန် ဖြစ်နေပုံမျိုး ဖြစ်သည်။

နှစ်ယောက်သည် တစ်ဦးနှင့်တစ်ဦး ငြင်းခုန်နေပြီး ကျန်တစ်ဦးမှာ မိမိနှင့် မဆိုင်သလို ဓားပါးလေးတစ်လက်ဖြင့် လက်သည်းများအား လှီးဖြတ်နေ၏။

ထိုလက်သည်းလှီးဖြတ်နေခြင်းမှလွဲ၍ အခြားမည်သည့်အရာမှ စိတ်ဝင်စားပုံ မရပါချေ။

လူရွယ် မသိမသာပြုံးယင်း ထိုလူများ ဘေးမှ ဖြတ်ကျော်သွားသည်။

ဆယ်ပေခန့်အရောက်တွင် နောက်ကျောဘက်မှ လေတိုးသံတစ်ချက် ထွက်ပေါ်လာသည်ကို ကြားလိုက်ရသည်။

လူရွယ်က လှည့်မကြည့်ဘဲ လက်ကို နောက်ပြန်ဝှေ့ယမ်းလိုက်၏။

ထို့နောက် သူ၏လက်ထဲမှ အရာဝတ္ထုအား တစ်ချက်ကြည့်လိုက်သည်။

အလွန်ပါးလွှာ ထက်မြက်သော ဓားပါးလေးတစ်လက်ပင် ဖြစ်သည်။

ယင်းဓားပါးလေးဖြင့် အနက်ရောင်ဝတ်ဆင်ထားသူသည် လက်သည်းများ လှီးဖြတ်နေကြောင်း သူတွေ့ရှိခဲ့ပြီး ဖြစ်လေသည်။

မဖိတ်ခေါ်သော အန္တရာယ်သည် အလိုလို ကျရောက်လာပြီဖြစ်ကြောင်း နားလည်လိုက်၏။

လူရွယ် သက်ပြင်းချလိုက်၏။

ယင်းခဏမှာပင် လူရိပ်သုံးခုသည် သူ၏ရှေ့သို့ လျှင်မြန်စွာရောက်ရှိလာလေသည်။



စောစောက တွေ့ခဲ့ရသော အနက်ရောင်ဝတ်ဆင်ထားသူသုံးဦးပင် ဖြစ်သည်။

လက်သည်းလှီးဖြတ်ခဲ့သူက လူရွယ်အား အကဲခတ်ကြည့်ကာ ပြောလာသည်။

"ကျုပ်ရဲ့ဓားပါးလေးက အသုံးမပြုတာကြာလို့ အစွမ်းမထက်တော့ဘူး ထင်တယ်၊ ပိုပြီးထက်တဲ့ ဓားတစ်လက် အပိုယူလာလို့ တော်သေးတယ်"

ပြောပြောဆိုဆို အင်္ကျီရင်ဘတ်အတွင်းမှ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်သည်။

လူရွယ် လက်ထဲမှ ဓားပါးလေးနှင့် ပုံစံတူ ဓားပါးလေးတစ်လက်ပင် ဖြစ်သည်။

လူရွယ်က စကားတစ်လုံးမျှ မပြောဘဲ အကဲခတ်ကြည့်နေသည်။

ဓားပါးလေး ကိုင်ဆောင်ထားသူက အဖော်နှစ်ယောက်ဘက် လှည့်လိုက်သည်။

"မင်းတို့နှစ်ယောက် ငြင်းခုံလို့ ပြီးပြီလား"

ထိုလူနှစ်ယောက်အနက် တစ်ဦးမှာ လူသန်ကြီးဖြစ်ပြီး ကျန်တစ်ဦးမှာ မုတ်ဆိတ်ပရုပျစ်နှင့် ဖြစ်သည်။

မုတ်ဆိတ်နှင့်လူ သက်ပြင်းချလိုက်၏။

"အစကတော့ ပြေလည်ဖို့ အကြောင်းမရှိဘူး၊ သူက အလျှော့မပေးသလို ကျုပ်ကလည်း နောက်မဆုတ်နိုင်ဘူး၊ အခုတော့ ပြေလည်သွားပါပြီ"

ဓားပါးလေး ကိုင်ဆောင်ထားသူ အံ့သြဟန်ဖြင့် မေးလိုက်သည်။

"တယ်ဟုတ်ပါလား၊ ဘယ်လိုဖြစ်ပြီး အဆင်ပြေသွားတယ်ဆိုတာ ပြောစမ်းပါဦး"

လူသန်ကြီးက ဝင်ပြောလာသည်။

"ခင်ဗျားရဲ့ဓားတစ်လက် ဆုံးရှုံးသွားတဲ့ အချိန်ကစလို့ပေါ့၊ အခု ကျုပ်တို့က အဆင်ပြေသွားတဲ့အပြင် ပူးပေါင်းဆောင်ရွက်ဖို့တောင် ဆုံးဖြတ်ပြီးပြီ"

"ဟုတ်တယ်၊ အခုအချိန်မှာ လောဘမကြီးသင့်ဘူးဆိုတာ နားလည်လိုက်လို့လေ"

မုတ်ဆိတ်နှင့်လူက ခေါင်းတဆတ်ဆတ် ညိတ်လိုက်၏။

"ကောင်းတယ်၊ အခုလို မင်းတို့ ပြေလည်သွားတော့လဲ ကျုပ်က နားငြီးသက်သာသွားတာပေါ့"

ပြောယင်း လူရွယ်ဘက်သို့ ပြန်လှည့်လိုက်သည်။

လူရွယ်က သူ့အား ပြုံး၍ ကြည့်နေသည်ကို မြင်လျှင် မျက်မှောင်ကုပ်သွား၏။

ထိုစဉ်မှာပင် လူရွယ်က မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ မြင်း၏ကျောအား တစ်ချက်ပုတ်လိုက်သည်။

မြင်းမှာ သခင့်အလိုကို ရိပ်စားမိသလို တစ်ဘက်လမ်းဘေးသို့ ထိုးဆင်းကာ သွားရောက်ရပ်နေပေသည်။

မုတ်ဆိတ်နှင့်လူ သဘောကျသွား၏။

"ဒီမြင်းလိမ္မာသားပဲ"



လူသန်ကြီးက အေးတိအေးစက် လေသံဖြင့် ဝင်ပြောလာသည်။

"ဘာလိမ္မာတာလဲ၊ သခင် အန္တရာယ်ဖြစ်မှာကိုတောင် မသိဘဲ အတင်းပေပြီး ရပ်နေတာ လိမ္မာတာလား၊ ဟွန့်...ကျုပ်မှာသာဒီလို မြင်းမျိုးရှိလို့ကတော့ အသားဖျက်ပြီး ဈေးမှာ သွားရောင်းမိမှာပဲ"

မုတ်ဆိတ်နှင့်လူ၏မျက်နှာ တင်းမာသွားသည်။

"မင်း ဘာကြောင့် ကျုပ်နဲ့ အတိုက်အခံ လုပ်ချင်ရတာလဲ၊ မင်းပါးစပ်ပိတ်ထားယင် ကောင်းမယ်"

"မပိတ်ဘူးဆိုယင်ကော"

"မင်း"

အခြေအနေမှာ တင်းမာသလို ဖြစ်သွား၏။

"ကဲ...တော်ကြတော့၊ မင်းတို့ အငြင်းအခုန် ဖြစ်ချင်ယင် နောက်မှ ဆက်ဖြစ်တော့ အခု မိုးချုပ်တော့မယ် အချိန်မရှိဘူး"

ဓားပါးလေး ကိုင်ဆောင်ထားသူက ပြောလာသည်။

ထိုအခါမှ မုတ်ဆိတ်နှင့်လူ၊ လူသန်ကြီးတို့ ငြိမ်ကျသွားသည်။

သို့တိုင် မျက်စောင်းတခဲခဲကား ရှိနေသေး၏။

တစ်ချိန်လုံး ငြိမ်သက်နေသော လူရွယ်အား စေ့စေ့စပ်စပ် အကဲခတ်ကြည့်ယင်း ဓားပါးလေးကိုင်ဆောင်ထားသူ ပြုံးလိုက်လေသည်။

"မင်းက အတော်သွေးအေးပြီး တည်ငြိမ်နေပါလား၊ ဒီလို

လူစားမျိုးဟာ ခေါင်းလဲမာတတ်တယ်လို့ ကျုပ်ကြားဖူးတယ်"

လူရွယ် ခေါင်းညိတ်လိုက်၏။

"ခင်ဗျားထင်တာ မှန်နိုင်ပါတယ်"

ထိုလူ သဘောကျသွားသည်။

"မင်းနဲ့ စကားပြောရတာ မဆိုးပါလား၊ ကျုပ်နာမည် ဓားပါးလေးလို့ ခေါ်တယ်"

"ဟုတ်ကဲ့ နာမည်နဲ့လူ လိုက်ပါတယ်"

ထိုလူက လူသန်ကြီးနှင့် မုတ်ဆိတ်အား ညွှန်ပြယင်း...

"သူတို့ကတော့ သံမဏိနဲ့ မုတ်ဆိတ်ဘီလူးပဲ၊ ကျုပ်တို့ကို 'အရှုံးသုံးဖော်'လို့ လူတွေ ခေါ်ကြတယ်"

လူရွယ် ခေါင်းညိတ်လိုက်သည်။

"ကျူးလန်းဒေသမှာ ကျော်ကြားနေတဲ့ အရှုံးသုံးဖော်အကြောင်း ကျုပ်ကြားဖူးထားပါတယ်"

ကျူးလန်းဒေသတွင် ဓားပါးလေး၊ သံမဏိနှင့် မုတ်ဆိတ်ဘီလူးတို့သည် နာမည်ကျော်ကြားသူများ ဖြစ်သည်။

သူတို့သည် အလွန်စိတ်သဘောထားထူးခြားကာ အပြောင်းအလဲ မြန်လှသောကြောင့် အရှုံးသုံးဖော်ဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

အရှုံးသုံးဖော်သည် အဖြူမကျ အနက်မကျသော သိုင်းသမားများလည်း ဖြစ်ကြပေသည်။

ဓားပါးလေးက လူရွယ်အား အကဲခတ်ကြည့်ယင်း...

"မင်းဟာ အမှောင်ရာဇာရဲ့လက်အောက်မှာ ကျော်ကြားနေတဲ့ 'စာပေသမား' မဟုတ်လား"



လူရွယ်က အံ့သြဟန်မပြဘဲ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ကျုပ်ဟာ စာပေသမားပါပဲ"

ဓားပါးလေး သက်ပြင်းချလိုက်၏။

"ကျုပ်တို့ ဘာကြောင့် မင်းကို ဟန့်တားနေရသလဲဆိုတာ သိသလား"

စာပေသမား ခေါင်းခါယမ်းလိုက်သည်။

ဓားပါးလေးက ပြောလာသည်။

"အမှောင်ရာဇာဟာ အနက်ရောင်သိုင်းသမားတွေကို စုစည်းဖို့ မင်းကို တာဝန်ပေးလိုက်တယ် မဟုတ်လား၊ အမှောင်ရာဇာက အင်အားစုစည်းပြီး သိုင်းလောကကို လွှမ်းမိုးဖို့ စိတ်ကူးယဉ်ခဲ့တာပဲ၊ အခုဟာက ဂူကျူးရိဟာ အင်အားတောင့်တင်းသွားတာနဲ့ တပြိုင်နက် မန်ချူးတွေနဲ့ပါ ဆက်သွယ်ပူးပေါင်းဖို့ အကြံရှိနေတာပဲ၊ ဒါကိုတော့ ငါတို့ လုံးဝလက်မခံနိုင်ဘူး၊ ငါတို့ဟာ လူဆိုးလူမိုက်လို့ ပြောယင် မှန်ပေမယ့် ဒီလိုအလုပ်မျိုး လုပ်ဖို့ ဘယ်တုန်းကမှ မစဉ်းစားဖူးဘူး၊ မန်ချူးတွေသာ ရောက်လာယင် ငါတို့ တစ်မျိုးသားလုံး လူကောင်းပဲဖြစ်ဖြစ် လူဆိုးပဲဖြစ်ဖြစ် အတိဒုက္ခရောက်မှာ သေချာနေတယ်၊ အမှောင်ရာဇာရဲ့လုပ်ရပ်ကို အဖြူရောင်သိုင်းသမားတွေ မပြောနဲ့ အနက်ရောင်သိုင်းသမားတွေကတောင် လက်မခံနိုင်ကြဘူး"

စာပေသမား အံ့သြသွားသည်။

"ဂူကျူးရိဟာ မန်ချူးတွေနဲ့ ပူးပေါင်းဖို့ ကြံစည်ထားတာ

ကျုပ်တောင် မသိဘူး၊ ခင်ဗျားတို့က ဘယ်လိုလုပ်သိသလဲ"

ဓားပါးလေး ပြုံးလိုက်၏။

"အခုတလော မင်းတို့အဖွဲ့ရဲ့ ခြေလှမ်းက စိပ်လာတယ်၊ ဂူကျူးရိုဟာ မန်ချူးကုန်သည်အချို့နဲ့ ဆက်သွယ်ဖို့ ကြိုးစားနေတာပါ၊ ကျုပ်တို့ စုံစမ်းသိရှိခဲ့တယ်၊ အကြောင်းအမျိုးမျိုးကြောင့် သူက ဆက်သွယ်လို့ မရတာဟာလည်း ကျူးလန်းဒေသက သိုင်းသမားတွေဟာ မန်ချူးကုန်သည်တွေကို တိုက်ခိုက်ခဲ့လို့ပဲ၊ ဒါကြောင့်လဲ ဂူကျူးရိုဟာ ကျူးလန်းဒေသက သိုင်းသမားတွေကို စည်းရုံးလိုတာပေါ့၊ ကျုပ်ပြောတာ မင်းသဘောပေါက်ရဲ့လား၊ ဒီမှာ မင်းတို့ စည်းရုံးလို့ရမယ်ဆိုလဲ လူအနည်းစုလောက်ပဲ ရမယ်၊ ကျန်တဲ့လူတွေက ဝိုင်းဝန်းတားဆီးမှာပဲ၊ ဒီအထဲမှာ ကျုပ်တို့က ရှေ့ဆုံးကပါမယ်ဆိုတာ မှတ်ထား"

စာပေသမား သက်ပြင်းချလိုက်၏။

"ဒီအကြောင်းတွေ ခင်ဗျားတို့ ပြောမှ ကျုပ်သိရတယ်ဆိုတာ အမှန်ပါ၊ ဒါပေမယ့် တာဝန်အတိုင်း ဆောင်ရွက်ရမှာပဲ"

ဓားပါးလေး ဒေါသထွက်သွားသည်။

"စာပေသမား၊ မင်းဟာ အသက်ငယ်ငယ်ပဲ ရှိသေးတယ်၊ အမှားကို ပြင်လို့ရသေးတယ်၊ ကိုယ်ဘယ်လောက်ပဲ ဆိုးနေဆိုးနေ အများနဲ့တစ်ယောက် ယှဉ်တဲ့အခါကျယင် တစ်ခါလောက် ကောင်းဖို့တော့ လိုတယ်ကွ"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စ နောက်မှပဲ စုံစမ်းတော့မယ်၊ အခု လောလောဆယ် ခင်ဗျားတို့ ကျုပ်တို့အဖွဲ့ထဲဝင်ဖို့ ဖိတ်ခေါ်ချင်



ပါတယ်ဗျာ"

သံမဏိက မြေပေါ်တံတွေးတစ်ချက် ထွေးလိုက်၏။

"ငါတို့ကို လာပြီး စည်းရုံးတာ မင်းရူးနေလို့ပဲ ဖြစ်မယ်"

မှတ်ဆိတ်ဘီလူး ခေါင်းညိတ်လိုက်၏။

"ဒီကောင် လက်ခံမှာ မဟုတ်တဲ့အတူတူ တစ်ခါတည်း သုတ်သင်လိုက်တာ အေးပါတယ်"

ပြောပြောဆိုဆို ဝင်ရောက်တိုက်ခိုက်လာသည်။

ဓားပါးလေးနှင့် သံမဏိတို့လည်း မနေနိုင်ကြတော့ဘဲ ဝင်ရောက်တိုက်ခိုက်လိုက်ကြတော့သည်။

♣ ♣ ♣

ကောင်းကင်ပေါ်တွင် လဝန်းထိန်ထိန်သာနေ၏။

မုယုံကျင်းသည် စာပေသမားအား အကဲခတ်ကြည့်ကာ သူပြောမည့်စကားအား နားစွင့်နေ၏။

စာပေသမားက ကောင်းကင်ပေါ်မှ လဝန်းအား တစ်ချက်ကြည့်ယင်း ပြောလာသည်။

"ကျုပ်လက်ချက်နဲ့ အရှူးသိုင်းသမားသုံးဖော် သေဆုံးသွားတယ်၊ ကျူးနန်းမြို့ကို ရောက်သွားပြီး မကြာမီမှာပဲ ကျုပ်ကို တစ်ယောက်ပြီးတစ်ယောက် ရန်ရှာလာကြတယ်၊ အဖြူရောင်သိုင်းသမားတွေကော အနက်ရောင်သိုင်းသမားတွေကော အစုံပဲ၊ သူတို့က မနိုင်မှန်းသိလျက်နဲ့တောင် အသေခံပြီး တိုက်ခိုက်ခဲ့ကြတယ်၊ နောက်ပိုင်း ကျုပ်လဲ ဒဏ်ရာတွေရပြီး ထွက်ပြေးလာခဲ့ရတယ်၊ မြင်းဖြူဘုံကျောင်းစောင့်အဘိုးအိုဟာ ဇာတိရပ်ရွာက ပြန်အလာမှာ တွေ့ရှိကူညီခဲ့တဲ့အတွက် ကျုပ် အသက်ချမ်းသာရာရခဲ့တာပဲ"



စာပေသမားက စကားခဏရပ်နားပြီး ဆက်ပြောလာသည်။

"နောက်ပိုင်း ကျုပ်စုံစမ်းကြည့်တော့ ဂူကျူးရိဟာ မန်ချူးနဲ့ အဆက်အသွယ် ရှိတယ်ဆိုတာ သိခဲ့ရတယ်၊ ဒါပေမယ့် သိုင်းလောကကို လွှမ်းမိုးနိုင်မှ မန်ချူးတွေဆီက အကူအညီရမှာမို့ ဂူကျူးရိဟာ အဆက်အသွယ် ဖြတ်ခဲ့ပြီး သိုင်းလောကကို လွှမ်းမိုးဖို့ လမ်းစကို ရှာဖွေခဲ့တယ်၊ သိုင်းလောကကို လွှမ်းမိုးနိုင်မှ မန်ချူးတွေနဲ့ ပြန်ဆက်သွယ်ဖို့ ကြံစည်ထားခဲ့တယ်၊ ဒီအခါမှာ သူ့ရဲ့ပစ်မှတ်ဟာ လူအင်အားစုဆောင်းဖို့ ဖြစ်လာခဲ့တယ်၊ သိုင်းလောကသားတွေကို စည်းရုံးရာမှာ ဓားကျိုးရှိယင် ပိုအဆင်ပြေတာမို့ ဓားကျိုးကိုရဖို့ ကြိုးစားလာခဲ့တယ်၊ ကျုပ်က ဒီလုပ်ရပ်တွေကို စိတ်ကုန်သွားတာကြောင့် လမ်းခွဲထွက်ပြီး မြင်းဖြူဘုံကျောင်းစောင့် အဘိုးအိုနဲ့အတူ နေထိုင်ခဲ့တာပဲ"

မုယုံကျင်း ပင့်သက်ရှိုက်လိုက်၏။

"ဂူကျူးရိရဲ့အကြံက အတော်ပက်စက်လှချည်လား၊ သိုင်းလောကကို သူကိုယ်တိုင် ဖျက်ဆီးချင်သလို ကိုယ့်တိုင်းပြည်ကို သူများလက်ထဲ ပေးအပ်ချင်တယ်၊ ဒီလိုလူစားမျိုးဟာ အနေ့နဲ့ အမြန်ကျဆုံးမှာပဲ"

စာပေသမား ခေါင်းညိတ်လိုက်၏။

"သိပ်သေချာတာပေါ့၊ အခုဆိုယင် ရွှေလက်ဝါးဆိုတဲ့ အဖြူရောင်သိုင်းသမားကြီးတစ်ဦးဟာ သိုင်းလောကသားအချို့ကို စည်းရုံးပြီး ဂူကျူးရိကို ချေမှုန်းဖို့ ကြိုးစားနေတယ်၊ ကျုပ်တောင် သူတို့နဲ့ အဆက်အသွယ် လုပ်ခဲ့သေးတယ်၊ ဒီရက်ပိုင်းအတွင်း ရွှေလက်ဝါး

ကိုယ်တိုင် ကျုပ်ဆီလာမယ်လို့ ဆက်သွယ်ခဲ့တယ်”

မုယုံကျင်း ဝမ်းသာသွားသည်။

“ခင်ဗျား တကယ်ပြောတာလား”

“တကယ်ပေါ့”

“ကျုပ်တို့ လက်တွဲညီယင် ဝူကျူးရိတင်မကဘူး ဘယ်လိုလောဘသား လူဆိုးလူမိုက်ကိုမဆို ချေမှုန်းပစ်နိုင်မှာပဲ”

စာပေသမား ခေါင်းညိတ်လိုက်၏။

“သေချာတာပေါ့ဗျာ၊ ကဲ… ကျုပ်တို့ ဒီနေရာက သွားကြစို့၊ မုံချူးက ခင်ဗျားကို မျှော်နေလောက်ပြီ”

သူတို့ တစ်ယောက်ကိုတစ်ယောက် ပြုံးပြလိုက်ကြပြီး တောအုပ်အတွင်းမှ ထွက်ခွာလာခဲ့ကြသည်။

ကောင်းကင်ပေါ်ဝယ် လဝန်းမှာ ထိန်ထိန်သာနေဆဲပင်…

♣ ♣ ♣

## အင်အား

မုယုံကျင်းအတွက် အလွန်ပင် အဆင်ပြေသွားသည်။

မုံချူးအား မြင်းဖြူဘုံကျောင်းတွင် ထားရှိခြင်းက စိတ်အချရဆုံး ဖြစ်သည်ကို သိလိုက်ရ၍ ဖြစ်သည်။

မြင်းဖြူဘုံကျောင်းစောင့်အဘိုးအိုမှာ တစ်ချိန်က သိုင်းလောကတွင် ကျော်ကြားခဲ့သော အဖြူရောင်သိုင်းသမားကြီးတစ်ယောက်လည်း ဖြစ်နေသည်။

စစ်လိန်တောင် ခုံကျူးရသေ့ထက် အရင်ကျော်ကြားခဲ့သူဟု ဆိုကလည်း မမှားပါချေ။

အဘိုးအို၏ဘွဲ့နာမည်ကား တောင်ပင်လယ်အဘိုးအို ဖြစ်၏။

အဘိုးအို၏ဆိုဆုံးမမှု အနီးကပ် ပဲ့ပြင်ဆုံးမခဲ့မှုကြောင့် စာပေသမားသည် လူကောင်းတစ်ယောက် ဖြစ်လာခဲ့သည်ဆိုခြင်းက လည်း မမှားနိုင်ပါချေ။

နှစ်ရက်အတွင်း သူတို့သည် မည်သည့် အနှောင့်အယှက်မျှ မတွေ့ခဲ့ရပါ။

ဝူကျူးရိဘက်မှ အကျအဆုံးများသွားခဲ့၍ပင် ဖြစ်သည်။

ယုံဖိန်း၏သတင်းလည်း လုံးဝမကြားရပေ။

သုံးရက်မြောက်သောနေ့တွင် မြင်းဖြူဘုံကျောင်းသို့ လူတစ် ယောက် ရောက်ရှိလာသည်။

ထိုလူမှာ ရွှေလက်ဝါးပင် ဖြစ်သည်။

♣ ♣ ♣



မြင်းဖြူဘုံကျောင်း အနောက်ဘက်တွင် သစ်လုံးအိမ်တစ် လုံး ရှိသည်။

ထိုသစ်လုံးအိမ်သည် ဘုံကျောင်းစောင့်အဘိုးအို၏အိမ်ပင် ဖြစ်သည်။

ယနေ့တွင် သစ်လုံးအိမ်အတွင်း စည်စည်ကားကား ဖြစ် နေသည်။

မုယုံကျင်း၊ မုံချူး၊ စာပေသမားနှင့် ရွှေလက်ဝါးတို့ ဝိုင်းဖွဲ့ ထိုင်နေကြသည်။

ဘုံကျောင်းစောင့်အဘိုးအိုကား ဘုံကျောင်းသန့်ရှင်းရေး သွားရောက်လုပ်ကိုင်နေခြင်းကြောင့် ရှိမနေပါချေ။

ရွှေလက်ဝါးသည် အသက်ငါးဆယ်ခန့်ရှိပြီး တည်ကြည် သော ဥပဓိရုပ်ရှိသူတစ်ဦး ဖြစ်သည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ထားကြပြီးဖြစ်ရာ မိတ်ဆွေများကဲ့သို့ ဖြစ်နေတော့သည်။

ရွှေလက်ဝါးက တည်ကြည်သော မျက်နှာထားဖြင့်...

"စာပေသမား ပြောမှပဲ ဝူကျူးရိရဲ့ အကြံကြီးမားပုံကို ကျုပ်သိခဲ့ရတာပါ၊ အစကတော့ အနက်ရောင်အဖွဲ့ အစည်းတစ်ခုပဲ ထင်ပြီး ဖြိုခွဲဖို့ ကြိုးစားတာပါ၊ အခုမှ တကယ့် အန္တရာယ်မှန်းသိပြီး အင်တိုက်အားတိုက်နဲ့ ဖြိုခွဲနိုင်ဖို့ ကြိုးစားရတော့မယ်"

စာပေသမားက သူသိထားသမျှ အကြောင်းအရာများကို ရွှေလက်ဝါးအား ပြောပြထားပြီး ဖြစ်သည်။ ရွှေလက်ဝါးက မုယုံ ကျင်းအား ကြည့်ကာ ဆက်ပြောလာသည်။

"မမျှော်လင့်ဘဲ ခုံကျူးရသေ့ရဲ့တပည့်နဲ့အတူ ဓားကျိုးပါ ရှိနေတာကို သိလိုက်ရတဲ့အတွက် အလွန်ပဲ ဝမ်းသာမိပါတယ်၊ ဒုစရိုက်သမားတွေကို ဖြိုခွဲဖို့ကိစ္စ ပိုပြီးအဆင်ပြေသွားမယ်လို့ ယုံကြည်မိပါတယ်"

မုယုံကျင်း ခေါင်းညိတ်လိုက်၏။

"ကျွန်တော် အစွမ်းကုန် ကူညီပါ့မယ်လို့ ကတိပေးပါတယ် ခင်ဗျာ"

ရွှေလက်ဝါး ကျေနပ်သွားသည်။

သူက စာပေသမားဘက် ပြန်လှည့်ကာ…

"ဂူကျူးရီရဲ့အဖွဲ့ဟာ အလွန်လျှို့ဝှက်လို့ ချေမှုန်းဖို့ အခက်အခဲ ရှိနေပါတယ်၊ မောင်ရင်က သူ့ရဲ့အဖွဲ့သား ဖြစ်ခဲ့တယ်ဆိုတော့ လျှို့ဝှက်နေရာတွေကို သိနိုင်မယ်ထင်တယ်"

"ဟုတ်ကဲ့၊ ကျွန်တော် သိထားသမျှ ပြောပြပါ့မယ်"

"အမှတ်တစ်ဌာနခွဲဟာ ပန်းနီကျေးရွာ အမှတ်နှစ်ဌာနခွဲဟာ ကျူးထိုင်မြို့အနောက်ဖက် ခြံဝင်းမှာ ရှိပါတယ်၊ အမှတ်သုံးနဲ့ အမှတ်လေးဌာနခွဲကတော့ ကျားဘီလူးတောင် အနီးမှာ ရှိပါတယ်၊ အမှတ်ငါးဌာနခွဲကတော့ ဌာနချုပ်လို့ ယူဆရပါတယ်၊ အင်အားအများဆုံးဖြစ်ပြီး ယန်ဝှက်ကျေးရွာ အနောက်ဘက်တောင်ကုန်းပေါ်မှာပဲ ဖြစ်တယ်"

စာပေသမားက အသေးစိတ် ပြောပြလိုက်၏။

ရွှေလက်ဝါးက ခေါင်းတဆတ်ဆတ်ညိတ်ကာ နားထောင်နေ၏။



အတန်ကြာမှ အရေးကြီးသော အသွင်ဖြင့် မေးလာသည်။

"ကျုပ်က သိုင်းလောကမှာ ကျင်လည်ခဲ့တာ ကြာပေမယ့် ဂူကျူးရီဆိုတဲ့ အမည်ကို စိမ်းနေတယ်၊ သူဟာ ဘယ်လိုလူစားမျိုးလဲ"

စာပေသမား သက်ပြင်းချလိုက်၏။

"ဒါတော့ ပြောရခက်တယ်၊ သူဟာ လူရွယ်လား၊ အဘိုးအိုလားဆိုတာတောင် ကျွန်တော် မခန့်မှန်းတတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ဂူကျူးရီဟာ အမြဲတမ်း မျက်နှာဖုံးစွပ်ထားလို့ပါပဲ"

ထိုစကားကြောင့် ရွှေလက်ဝါး အံ့သြသွားသည်။

"သူက မျက်နှာဖုံးစွပ်နဲ့ လှုပ်ရှားတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ အဖွဲ့သားတွေအားလုံး ဂူကျူးရီကို မမြင်ဖူးကြပါဘူး"

ရွှေလက်ဝါး တွေဝေသွားသည်။

တစ်စုံတစ်ရာအား လေးလေးနက်နက် စဉ်းစားပြီးနောက် ပြောလာသည်။

"သူဟာ မျက်နှာဖုံးစွပ်ထားတယ်ဆိုတော့ လူမြင်မခံဝံ့လို့ ဖြစ်မယ်၊ လူမြင်မခံဝံ့တဲ့လူဟာ လူတိုင်း သိနေတဲ့လူပဲ ဖြစ်ရမယ်"

မုယုံကျင်း ထောက်ခံလိုက်၏။

"ဦးလေးပြောတာ ဖြစ်နိုင်ပါတယ်၊ သူဟာ လူမြင်မခံဝံ့လို့လဲ မျက်နှာဖုံးစွပ်ထားတာ သေချာတယ်"

"ကောင်းပြီ၊ ဒီကိစ္စကို တစ်ဆင့်ပြီးတစ်ဆင့် စုံစမ်းပြီး ဌာနခွဲတွေကို ချေမှုန်းဖို့ စီစဉ်လိုက်တော့မယ်"

"ဒီအစီအစဉ် ကောင်းပါတယ် ခင်ဗျာ"

သူတို့ အားလုံး သဘောတူလိုက်ကြ၏။

ရွှေလက်ဝါးက ပြန်ရန် ထိုင်ရာမှ ထလိုက်သည်။

ယင်းခဏမှာပင်...

"ဝှစ်"

အလင်းတန်းတစ်ခုသည် ပြတင်းပေါက်မှတစ်ဆင့် ဖြာထွက်လာသည်။

"သတိထား"

မုယုံကျင်းက အော်ဟစ်ယင်း ဓားကျိုးကို ဆွဲထုတ်ကာ ဝှေ့ယမ်းလိုက်သည်။

"တောက်"

ပစ်လွှင့်လာသော အရာဝတ္ထုမှာ တိုင်တစ်လုံးတွင် စိုက်ဝင်သွားသည်။

အလွန်ပါးလွှာသော ဓားပျံတစ်လက်ပင် ဖြစ်သည်။

မုယုံကျင်းက ဓားပျံကို ရိုက်ထုတ်လိုက်စဉ် ခဏမှာပင် စာပေသမားက အိမ်အပြင်သို့ ခုန်ထွက်သွားလေသည်။

သူတို့၏လှုပ်ရှားမှုများမှာ အလွန်ပင် လျင်မြန်လှပေသည်။

ရွှေလက်ဝါး သက်ပြင်းချလိုက်သည်။

"ဂူကျူးရိက အန္တရာယ်ပေးလာပြီကိုး"

မုယုံကျင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့ဟာ နည်းမျိုးစုံနဲ့ နှောင့်ယှက် ဟန့်တားမှာ သေချာတယ်"



ထိုစဉ်မှာပင် စာပေသမား ပြန်လည်ရောက်ရှိလာသည်။

သူ၏ပခုံးပေါ်တွင် လူတစ်ယောက် ရှိနေသည်။

စာပေသမားက အိမ်ထဲ ရောက်သည်နှင့် ထိုလူအား ကြမ်းပေါ်ပစ်ချလိုက်၏။

ထိုလူအား မြင်လျှင် မုယုံကျင်း အံ့သြသွားသည်။

"ကျောက်ရီတောင်"

မှန်ပေသည်။

ထိုလူမှာ မုံစန်းအား အကောက်ကြံသွားခဲ့သော ကျောက်ရီတောင်ပင် ဖြစ်လေသည်။

မုံချူးမှာ ဖခင်အား လုပ်ကြံသွားသူကို မြင်လျှင် ဒေါသခြောင်းခြောင်း ထွက်သွားလေသည်။

သူမက တိုက်ခိုက်ရန်ပြင်ရာ မုယုံကျင်း ကပျာကယာ ဟန့်တားလိုက်ရသည်။

ကျောက်ရီတောင်မှာ သွေးကြောပိတ်ခံထားရ၍ မလှုပ်မယှက် ဖြစ်နေသည်။

သို့သော် စကားတော့ ပြောနိုင်သေးသည်။

ရွှေလက်ဝါးက ကျောက်ရီတောင်အား စိုက်ကြည့်ကာ...

"မင်း ဘာကြောင့် ကျုပ်ကို လုပ်ကြံရတာလဲ"

"ကျုပ်က ဂူကျူးရိအဖွဲ့ကို ဒုက္ခပေးမယ့် လူတွေကို အမိန့်အတိုင်း သုတ်သင်ဖို့ ဆောင်ရွက်နေတာပဲ"

"ဒါဖြင့် မင်းတို့အဖွဲ့ ဒီမြို့ကို ရောက်နေပြီပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"ဝူကျူးရိကိုယ်တိုင် ပါသလား"

"ဒါတော့ ကျုပ်မသိဘူး"

"မင်းတို့အဖွဲ့အင်အား ဘယ်လောက်ပါသလဲ"

"နှစ်ဆယ်ကျော်ရှိတယ်၊ အခု ဘုံကျောင်းအနှံ့စောင့်ကြည့်နေတယ်၊ ခင်ဗျားတို့ ထွက်လာတာနဲ့ သုတ်သင်မှာပဲ"

စာပေသမား နှာခေါင်းရှုံ့လိုက်၏။

"ဒီအမှိုက်တွေ ကျွန်တော် သွားရှင်းလိုက်မယ်"

စကားဆုံးလျှင် အိမ်အပြင်သို့ ပြန်လည်ထွက်ခွာသွား၏။

မုယုံကျင်းက ကျောက်ရိတောင်အား အကဲခတ်ကြည့်ယင်း

"ယွဲ့ဖိန်းက ခင်ဗျားတို့ လက်ထဲမှာလား"

"မဟုတ်ဘူး"

"ဒါဖြင့် သူဘယ်ရောက်သွားသလဲ"

"သူက..."

ကျောက်ရိတောင် စကားဆုံးအောင် မပြောလိုက်ရပါ။

ပြတင်းပေါက်မှတဆင့် ထပ်မံဝင်ရောက်လာသော ဓားပျံတစ်လက်သည် သူ၏လည်မျိုတည့်တည့်သို့ စိုက်ဝင်သွားလေသည်။

မုယုံကျင်းက ချက်ချင်းပင် အပြင်သို့ ခုန်ထွက်သွားသည်။

သို့သော် အပြင်ဘက်တွင် လူရိပ်လူယောင်ပင် မတွေ့ရပါချေ။

လူသတ်သမားကား အလွန်လျင်မြန်သော အသွင်ဖြင့် ပျောက်ချင်းမလှ ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

"တောက်"



မုယုံကျင်း မကျေမနပ်ဖြင့် တက်ခေါက်လိုက်၏။

ထိုစဉ် စာပေသမား ရောက်ရှိလာသည်။

"ကျုပ်အားလုံးကို ရှင်းလိုက်ပြီ၊ ဒါနဲ့ ခင်ဗျားက အပြင်ဘာထွက်လုပ်နေတာလဲ"

"ကျောက်ရိတောင်ကို လုပ်ကြံနှုတ်ပိတ်သွားတယ်"

"ဟင်...လူသတ်သမားကို မမိဘူးပေါ့"

"ဟုတ်တယ်"

နှစ်ယောက်သား ပတ်ဝန်းကျင်အား အကဲခတ်ကြည့်နေကြစဉ် ရွှေလက်ဝါးနှင့် မုံချူးတို့ လှမ်းထွက်လာကြသည်ကို တွေ့လိုက်ရသည်။

ရွှေလက်ဝါးက သက်ပြင်းချယင်း...

"ကျုပ်က ဝူကျူးရိရဲ့အဖွဲ့ကို ချေမှုန်းဖို့ စီစဉ်စရာရှိတာတွေ စီစဉ်ရဦးမယ်၊ ဒါကြောင့် ပြန်မှ ဖြစ်တော့မယ်"

သူတို့အား နှုတ်ဆက်ကာ ပြန်သွားသည်။

မုယုံကျင်းနှင့် စာပေသမားတို့မှာ အတန်ကြာ ဆွေးနွေးတိုင်ပင်ကြပြီးနောက် ဘုံကျောင်းစောင့်အဘိုးအိုအား နှုတ်ဆက်ကာ ထွက်ခွာလာခဲ့ကြတော့သည်။

♣ ♣ ♣

အပြောင်းအလဲများသည် ယခုရက်ပိုင်းအတွင်း များစွာ ဖြစ်ပေါ်ခဲ့သည်။

အမှောင်ရာဇာဂူကျူးရိ၏ဌာနခွဲများအား ရွှေလက်ဝါး ဦးဆောင်သော သိုင်းသမားများက ဖြိုခွဲဖျက်ဆီးခဲ့ကြသည်။

ဌာနခွဲများ အားလုံးကို ဖျက်ဆီးနိုင်ခဲ့သော်လည်း ဂူကျူးရိကိုမူမမိခဲ့ပါ။

ဂူကျူးရိမှာ လွတ်မြောက်နေဆဲပင်။

သို့သော် သူ၏အဖွဲ့ ချေမှုန်းခြင်း ခံရပြီးနောက် ပြန်၍ခေါင်းထောင်လာနိုင်မည် မဟုတ်ချေ။

သိုင်းလောက၌ အေးချမ်းသာယာသွားသလောက် ရှိခဲ့သည်။

အမှောင်ရာဇာ၏အဖွဲ့အား ချေမှုန်းအပြီးတွင် စာပေသမားအား လူကောင်းတစ်ယောက်ဟု အများက အသိအမှတ်ပြုခဲ့သည်။

ဓားကျိုးကိုင်ဆောင်သော မုယုံကျင်းလည်း နာမည်ကြီးခဲ့သည်။



ရွှေလက်ဝါးသည် အမှောင်ရာဇာအဖွဲ့အား ချေမှုန်းနိုင်ခဲ့သည့်အတွက် ဝမ်းသာနေမိသည်။

စာပေသမားနှင့် မုယုံကျင်းကား ဝမ်းမသာနိုင်သေးအားပါ။

ဂူကျူးရိ လွတ်မြောက်နေခြင်းကြောင့် ဖြစ်သည်။

သူတို့နှစ်ယောက်ပေါင်း၍ ဂူကျူးရိအား စုံစမ်းရှာဖွေခဲ့ကြတော့သည်။

♣ ♣ ♣

## လောဘသားကောင်

အမှောင်ရာဇာအဖွဲ့ ပြိုကွဲသွားပြီး တစ်လအကြာတွင် သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားစေသော အကြောင်းဖန်လာ၏။

ယင်းမှာ အမှောင်ရာဇာအဖွဲ့အား ဖြိုခွဲရာတွင် ပါဝင်ခဲ့သော ရွှေလက်ဝါးနှင့် သိုင်းသမားအချို့ လုပ်ကြံခံခဲ့ရသည်။

ဘုံကျောင်းစောင့်အဘိုးအိုလည်း လုပ်ကြံခံခဲ့ရပြီး စာပေသမားမှာ သေသည်ရှင်သည် မသိရဘဲ သတင်းပျောက်ကွယ်ခဲ့သည်။

ဤဖြစ်ရပ်ကြောင့် သိုင်းလောကသားများ စိုးထိတ်ခဲ့ရလေသည်။



တရားခံကိုလည်း အပူတပြင်းပင် လိုက်လံရှာဖွေခဲ့ကြသည်။

အားလုံး တညီတညွတ်တည်း သတ်မှတ်ခဲ့သည်မှာ တရားခံသည် ဂူကျူးရိဟူ၍ပင် ဖြစ်သည်။

♣ ♣ ♣

မုယုံကျင်းမှာ အတွေးများဖြင့် ငြိမ်သက်နေသည်။

အမှောင်ရာဇာအဖွဲ့အား ရွှေလက်ဝါးအဖွဲ့နှင့် ပူးပေါင်းကာ ဖြိုခွဲခဲ့ပြီးနောက် မုံချူးအား ဘေးကင်းသော နေရာသို့ ပို့ဆောင်ခဲ့ပြီး သူနှင့် စာပေသမားက ဂူကျူးရိအား ခြေရာခံ စုံစမ်းခဲ့ကြသည်။

ထိုအတောအတွင်း ရွှေလက်ဝါးနှင့် သိုင်းသမားအချို့ လုပ်ကြံခံရပြီး စာပေသမားမှာ ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်သည်။

ယခု သူက လိုက်လံစုံစမ်းနေယင်းမှ ကြုံမရသည့်အဆုံး စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင်ရောက်အချိန်ဖြုန်းနေခြင်းပင် ဖြစ်သည်။

သူ့ခေါင်းထဲ ရှိသည်မှာ ဂူကျူးရိသည် သူ့ထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် လာရမည်။

စားကျီး ရှိနေသော မိမိမှာ ဂူကျူးရိ၏အဓိက ပစ်မှတ်ပင် ဖြစ်ရမည်ဟု သူက ကျိန်းသေတွက်ဆထားသည်။

ဂူကျူးရိအား ရှာမတွေ့လျှင်လည်း သူက မပူတော့ပါ။

ဂူကျူးရိသည် သူ့အား လာရှာမည်ဟုတွေးကာ ရင်ထဲ

အနည်းငယ် ပေါ့ပါးလာသည်။

♣ ♣ ♣

မုယုံကျင်းသည် ဓားကျိုးကိုင်ဆောင်ကာ ဗှမ်းစစ်နယ်အတွင်း လှည့်လည်ကျက်စားနေခဲ့သည်။

ဗှမ်းစစ်နယ်သည် အမှောင်ရာဇာအဖွဲ့ စတင်အခြေပြုရာ ဒေသဟု သူက စုံစမ်းရရှိခဲ့သည်။

ထို့ကြောင့် တစ်စုံတစ်ခု ထူးခြားမည်ဟု ထင်မိကာ ခြေရာထပ်အောင် လှည့်လည်သွားလာနေခြင်း ဖြစ်သည်။

ဝူကျုးရိအား သူမသိပါ။

ဝူကျုးရိမှာမူ မိမိအား သိနေနိုင်သည်။

မိမိအား သတိထားမိပြီး အပိုင်တွက်ဆထားသော တစ်နေ့တွင် ဝူကျုးရိထံမှ လှုပ်ရှားမှု စတင်လာမည်ဟု သူက ယုံကြည်ထားခဲ့သည်။

ဗှမ်းစစ်ဒေသတွင် ငါးဆယ်ရက်မျှ ခြေရှုပ်နေပြီးသောအချိန် ဆယ့်တစ်ရက်မြောက်နေ့တွင် သူ့ထံသို့ စာတစ်စောင် ရောက်ရှိလာခဲ့သည်။

ဝူကျုးရိထံမှ ချိန်းဆိုစာပင် ဖြစ်ပေတော့သည်။

♣ ♣ ♣



သူဌေးဟို...

ဗှမ်းစစ်မြို့မှ အချမ်းသာဆုံး သူဌေးတစ်ဦး ဖြစ်သည်။

သူက မည်မျှ ချမ်းသာသနည်းဟုကား မည်သူမျှ တိတိကျကျ မသိပါချေ။

ဗှမ်းစစ်ဒေသတွင် သူဌေးဟို၏လုပ်ငန်းများ လက်ညှိုးထိုးမလွဲအောင် ရှိနေသည်။

သူဌေးဟိုသည် သဘောမနောကောင်းသူ ဖြစ်သော်လည်း သူ၏အိမ်သို့ ဧည့်သည် တော်ရုံ မဖိတ်ခေါ်တတ်ပါ။

သူသည် သဘောမနောကောင်းသော်လည်း ဂုဏ်ပကာသနမက်မောသူတစ်ဦးလည်း ဖြစ်သည်။

ယနေ့...

ယနေ့တွင် သူဌေးဟို၏စံအိမ်သို့ ဧည့်သည်တစ်ဦး ရောက်ရှိလာသည်။

ထိုလူသည် သူဌေးသူကြွယ်တစ်ဦး မဟုတ်ပါ။

သာမန်လက်လုပ်လက်စားတစ်ဦးနှင့်တူသူ ဖြစ်သည်။

ခါတိုင်းဆိုလျှင် တံခါးမှူးသည် ခြံရှေ့သို့ပင် ရပ်နိုင်းမည် မဟုတ်ချေ။

ယနေ့တွင်မူ စံအိမ်တံခါးဝအထိသို့ပင် လိုက်လံပို့ဆောင်ပေးခဲ့သည်။

အကြောင်းမှာ ယခုလာသော ဧည့်သည်သည် မုယုံကျင်း ဖြစ်နေသောကြောင့်ပင် ဖြစ်ပေသည်။

♣ ♣ ♣

မုယုံကျင်းသည် ဧည့်ခန်းထဲ၌ ထိုင်နေ၏။

သူ၏ပုံဟန်မှာ အလွန်ပင် အေးဆေးတည်ငြိမ်လှသည်။

မကြာမီ ဧည့်ခန်းအတွင်းသို့ လူတစ်ယောက် ဝင်ရောက်လာသည်။

အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထားသော သူဌေးဟိုပင် ဖြစ်သည်။

သူဌေးဟို၏မျက်နှာတစ်ခုလုံး ပြုံးရွှင်နေ၏။

"မုယုံကျင်းက အတော်ဖွဲကြီးသူတစ်ဦးပဲ၊ ဒီကို လာရဲတာ ချီးကျူးပါတယ်"

"ကျုပ်က ခင်ဗျားတို့ရဲ့ နောက်ဆုံး မျှော်လင့်ချက် ပြည့်ဝအောင် လာခဲ့တာပါ၊ ဒီမျှော်လင့်ချက် ပြည့်ဝဖို့က ခင်ဗျားတို့အပေါ်မှာပဲ မူတည်နေပါတယ်"

ထိုစကားကြောင့် သူဌေးဟို၏မျက်နှာတည်သွားသည်။

"ကျုပ်က ဝူကျူးရိဆိုယင် မင်းယုံမလား"

မုယုံကျင်း ပြုံးလိုက်၏။

"ခင်ဗျားဟာ ဝူကျူးရိတော့ မဟုတ်ဘူး၊ ဒါပေမယ့် သူ့ရဲ့ ကိုယ်ရံတော်တစ်ယောက်တော့ ဖြစ်နိုင်တယ်"

သူဌေးဟို မျက်နှာပျက်သွားသည်။

အတန်ကြာမှ သက်ပြင်းချလိုက်၏။

"မုယုံကျင်း၊ မင်းဟာ တကယ်ပဲ ပါးနပ်လှပါတယ်၊ ကျုပ်ဟာ မင်းထင်လို ဝူကျူးရိ မဟုတ်တာတော့ အမှန်ပဲ"

"ကဲပါ ခင်ဗျားရဲ့ဆရာကို ခေါ်လိုက်ပါ"



သူ၏စကားသံနှင့် မရှေးမနှောင်းမှာပင် လူတစ်ယောက် ဧည့်ခန်းထဲ ရောက်ရှိလာသည်။

အနက်ရောင်ဝတ်စုံဝတ်ဆင်ထားပြီး မျက်နှာဖုံးစွပ်ထားသူတစ်ဦးပင် ဖြစ်သည်။

ထိုလူသည် ဝူကျူးရိပင် ဖြစ်မည်ဟု မုယုံကျင်း ခန့်မှန်းမိလိုက်လေသည်။

ဝူကျူးရိက တစ်လှမ်းချင်း လျှောက်လာပြီး မုယုံကျင်းနှင့် မလှမ်းမကမ်းတွင် ရပ်တန့်သွားသည်။

"ငါက ဝူကျူးရိလို့ကော မင်းယုံသလား"

"ခင်ဗျားဟာ ဉာဏ်များတဲ့လူမို့ ကျုပ်ယုံပါတယ်"

ဝူကျူးရိ သဘောကျစွာ ရယ်မောလိုက်ပြီး...

"ကျုပ်ဟာ ဝူကျူးရိအစစ်ပဲ၊ ဒီနေရာဟာ ကျုပ်ရဲ့အသက်ကယ် ထွက်ပေါက်ဆိုလဲ မမှားဘူး၊ အတော်ဆုံးအဖွဲ့သား နှစ်ဆယ်ကျော် ထားရှိခဲ့တယ်၊ ကျုပ်ပိုင်ဆိုင်သမျှ ရတနာပစ္စည်းတွေလဲ ဒီမှာပဲ ရှိတယ်၊ အခုဆိုယင် ကျုပ်လူတွေက ထွက်ပေါက်မရှိအောင် မင်းကို ဝိုင်းထားပြီးပြီ"

"ခင်ဗျား ဒီလောက် ပိုင်နေမှတော့ မျက်နှာကို ပြသင့်တယ်"

"စိတ်ချ၊ မင်းမသေခင် ကျုပ်မျက်နှာကို တွေ့ရမယ်"

ပြောယင်း မျက်နှာဖုံးအား လက်ဖြင့် ကိုင်လိုက်၏။

မုယုံကျင်းက စူးစိုက်ကြည့်လိုက်သည်။

ယင်းခဏမှာပင် ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

သူဌေးဟိုက ဓားတစ်လက်ဖြင့် မုယုံကျင်း၏ရင်ဝအား ထိုးသွင်းလာခြင်း ဖြစ်သည်။

သူ၏ဓားချက်မှာ အလွန်လျင်မြန်လှသည်။

သို့သော် မုယုံကျင်း၏ဓားကျိုးက သူဌေးဟို၏ရင်ဝအား ဦးစွာ ထိုးဖောက်သွားတော့သည်။

သူဌေးဟို ညည်းညူသံပင် မထွက်နိုင်ဘဲ လဲကျသွား၏။

ဂူကျူးရိ၏ခန္ဓာကိုယ် ဆတ်ခနဲ တုန်ခါသွားသည်။

မုယုံကျင်း ထရပ်လိုက်သည်။

"ခင်ဗျားဟာ ဉာဏ်များသူတစ်ယောက်ဆိုတာ ကျုပ်သိထားတယ်လေ၊ ပြီးတော့ သူဌေးဟိုဟာ ခင်ဗျား သိပ်အားကိုးတဲ့ ဓားသမား မဟုတ်လား"

"မင်းဘယ်လိုလုပ် သိသလဲ"

"ကျုပ်က ဓားသမားနဲ့ ရင်ဆိုင်ခဲ့ဖူးတယ်၊ ဒါပေမယ့် သူ အသုံးပြုခဲ့တဲ့ ဓားကွက်ဟာ ကြယ်ပုံဓားကွက်ပဲ၊ ဒါကြောင့် ကြယ်ပုံဓားသမားဟာ ဓားသမားအဖြစ် ဟန်ဆောင်ထားတယ်၊ အစစ်ကိုတော့ ခင်ဗျားက ဝှက်ဖဲလုပ်ထားတယ်၊ ဒါကို ကျုပ်ရိပ်မိပေမယ့် မဖော်ထုတ်နိုင်သေးလို့ ငြိမ်နေခဲ့တာပဲ၊ အခု ဓားသမား မရှိတော့ဘူး၊ ခင်ဗျားဘာလုပ်မလဲ"

"မင်းဟာ ငါထင်ထားတာထက် အများကြီး ပါးနပ်တာပဲ၊ ငါ့မှာ နောက်တစ်နည်း ရှိသေးတယ်"

ပြောယင်း လက်ခုပ်တစ်ချက်တီးလိုက်ရာ လူတစ်ယောက် လှမ်းထွက်လာသည်။



သူ၏ပခုံးပေါ်တွင် လူတစ်ယောက် ထမ်းထားသည်။

အနီးသို့ရောက်လျှင် ကြမ်းပြင်ပေါ် ပစ်ချလိုက်၏။

ထိုလူအား မြင်လျှင် မုယုံကျင်း ပါးစပ်အဟောင်းသား ဖြစ်သွားလေသည်။

ထိုလူသည် ယွဲ့စိမ်း ဖြစ်နေသည် မဟုတ်ပါလား။

ဂူကျူးရိ ရယ်မောလိုက်၏။

"ယွဲ့ဖိန်းဟာ ငါ့ရဲ့နိုင်ကွက်ပဲပေါ့၊ သူမသေစေချင်ယင် ဓားကျိုးပေးပါ"

ယွဲ့ဖိန်းသည် သွေးကြောပိတ်ထားခြင်း ခံထားရသောကြောင့် မလှုပ်မယှက် ဖြစ်နေသည်။

ဂူကျူးရိက ဓားတစ်လက် ဆွဲထုတ်ကာ...

"သူ့ကို ဖမ်းပြီး သိမ်းထားခဲ့တာ မှန်သွားပြီ၊ မသေစေချင်ယင် ဓားကျိုးပေးပါ"

ယင်းခဏမှာပင် အပြင်ဘက်မှ စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ၍ ဂူကျူးရိ ကြောင်အမ်းအမ်း ဖြစ်သွားသည်။

မုယုံကျင်းက ရှေ့သို့ လျှပ်တပြက် ခုန်ထွက်ကာ ဓားကိုင်လက်အား ဝှေ့ယမ်းလိုက်သည်။

ယွဲ့ဖိန်းအား ခေါ်ဆောင်လာသူမှာ ဝုန်းခနဲ လဲကျသွားပြီး ဂူကျူးရိမှာ ဒယီးဒယိုင်ဖြင့် နောက်ဆုတ်သွားသည်။

သူ၏ရင်ဝတွင် နီရဲသော သွေးစီးကြောင်းတစ်ခု ဖြစ်ပေါ်နေ၏။

မုယုံကျင်း ပြုံးလိုက်သည်။

"ဘုံကျောင်းစောင့်အဘိုးအိုနဲ့ စာပေသမားဟာ မုံချူးကို စောင့်ရှောက်ပြီး ခင်ဗျားသတင်းကို စုံစမ်းခဲ့တယ်၊ နောက်ပိုင်း ကျူပ် တစ်ယောက်ထဲ လှုပ်ရှားပြီး သူတို့ကို ခြေရာဖျောက်ခိုင်းခဲ့တယ်၊ ခင်ဗျားဆီက အဆက်အသွယ်ရတာနဲ့ တပြိုင်နက် သူတို့ကို အကြောင်းကြားခဲ့တာပဲ"

သူ၏စကားအဆုံးဝယ် ဧည့်ခန်းထဲသို့ လူသုံးယောက် လှမ်းဝင်လာသည်။

ဘုံကျောင်းစောင့်အဘိုးအို၊ စာပေသမားနှင့် မုံချူးတို့ပင် ဖြစ်လေသည်။

"မင်း...မင်း"

ဂူကျူးရိသည် စကားဆုံးအောင် မပြောနိုင်ဘဲ လဲကျသွားလေသည်။

မုယုံကျင်းက ယွဲ့ဖိန်းအနီး လျှောက်သွားကာ သွေးကြော ဖွင့်ပေးရန် ငုံ့လိုက်သည်။

တစ်ချိန်က အဆိပ်မယ်သည် ဤနည်းဖြင့်ပင် သူ့အား အကောက်ကြံခဲ့သည်ကို တွေးမိလျှင် ခန္ဓာကိုယ် တွန့်ခနဲ ဖြစ်သွားသည်။

ယင်းအခိုက်မှာပင် ဓားတစ်လက်သည် လျှပ်တပြက် တိုး ထွက်လာသည်။

မုယုံကျင်းက ခန္ဓာကိုယ်တွန့်သွားသည်မို့ ဓားဦးသည် ဝဲ ဘက်လက်သို့သာ ထိုးစိုက်မိသွားလေသည်။

မုယုံကျင်း၏ဓားကိုင်လက်မှာလည်း ဆတ်ခနဲ လှုပ်ရှား



သွားသည်။

ယွဲ့ဖိန်းမှာ ညည်းညူသံပေးယင်း လက်ထဲမှဓား လွတ်ကျ သွားသည်။

ဓားကျိုးသည် သူ၏ရင်ဝအား တည့်တည့်မတ်မတ်ပင် စိုက် ဝင်နေ၏။

နှစ်ယောက်စလုံး မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။

ယွဲ့ဖိန်းသည် သူ၏ဓားချက် လွဲချော်သွားသည်ကို မယုံ ကြည်နိုင်ဘဲ ဖြစ်နေသလို မုယုံကျင်းမှာလည်း ယွဲ့ဖိန်းက ယခုလိုမျိုး တိုက်ခိုက်လာမည် မထင်၍ မယုံကြည်နိုင်အောင် ဖြစ်နေခြင်းပင် ဖြစ်သည်။

ထိုစဉ် ဘုံကျောင်းစောင့်အဘိုးအိုက ဂူကျူးရိ၏မျက်နှာဖုံး စွပ်အား ချွတ်လိုက်ပြီး...

"နန်းကုန်းဟွီး"

ဟုလွတ်ခနဲ ရေရွတ်လိုက်လေသည်။

ဂူကျူးရိမှာ နန်းကုန်းဟွီး ဖြစ်နေခြင်းကြောင့် မုယုံကျင်းမှာ နားမလည်နိုင်အောင်ပင် ဖြစ်သွားသည်။

"ဘာတွေ ဖြစ်ကုန်ပြီလဲ"

သူ၏ရေရွတ်သံကြောင့် ယွဲ့ဖိန်း ခေါင်းထောင်လာသည်။

"ငါ့အဘိုးဟာ လူဆိုးဓားပြတွေ လက်ချက်နဲ့ မွဲတေသွားလို့ အဆုံးစီရင်သွားခဲ့တယ်၊ ဒါကို ငါ့အဖေက မကျေနပ်ဘူး၊ အရွဲ့တိုက် ယင်းနဲ့ မကောင်းမှုတွေ လုပ်လာတယ်၊ လောဘကို မသတ်နိုင်ဘဲ အမှောင်ရာဇာဂူကျူးရိအမည်ခံပြီး သိုင်းလောကကို လွှမ်းမိုးဖို့ ကြိုး

စားလာတယ်၊ ငါက ဖခင်ရဲ့ဆန္ဒကို ဖြည့်ဆည်းပေးခဲ့တယ်၊ ဓားကျိုးကိုရဖို့ နည်းမျိုးစုံနဲ့ ကြိုးစားခဲ့တယ်၊ အခုတော့ ချမ်းသာကြွယ်ဝမှုတွေနဲ့တကွ ဓားကျိုးကိုပါ စွန့်လွှတ်လိုက်ရ…”

သူက စကားဆုံးအောင် မပြောနိုင်တော့ချေ။

ချောင်းတဟွတ်ဟွတ်ဆိုးတာ ဦးခေါင်းသည် ကြမ်းပြင်ပေါ်လည်ကျသွားတော့သည်။

မုယုံကျင်းက နန်းကုန်းဟွီးနှင့် ယွဲ့ဖိန်းတို့ သားအဖ အဖြစ်အား ကြည့်ကာ ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

“လောဘတရားဟာ တယ်လဲ ကြောက်စရာကောင်းပါလား၊ တကယ့် မိတ်ဆွေရင်းချာနဲ့ ဘယ်လိုမှ ထင်မထားသူဟာ ရန်သူ ဖြစ်နေခဲ့ရတယ်”

သူက ယွဲ့ဖိန်းအား ကြည့်ကာ စိတ်မကောင်း ဖြစ်နေမိသည်။

ယွဲ့ဖိန်းနှင့် နန်းကုန်းဟွီးတို့သည် လောဘတရား၏ တန်ပြန်မှုကို ပြန်လည်ခံစားခဲ့ကြရပြီ ဖြစ်သည်။

မုယုံကျင်းမှာ ခေါင်းတခါခါနှင့် သက်ပြင်းအကြိမ်ကြိမ်ချနေမိလေတော့သည်။

♣ ♣ ♣



ဂူကျူးရှိအား ဖော်ထုတ်နိုင်ခဲ့ပြီ ဖြစ်သည်။

တကယ့် တရားခံအစစ်သည် နန်းကုန်းမျိုးနွယ်မှ နန်းကုန်းဟွီး ဖြစ်နေလျှင် အားလုံးမှာ မယုံကြည်နိုင်အောင် ဖြစ်ခဲ့ကြရသည်။

နန်းကုန်းဟွီးနှင့် သားဖြစ်သူ ယွဲ့ဖိန်းတို့သည် လောဘနောက်လိုက်၍ အမှားကို ဆက်တိုက်ကျူးလွန်ခဲ့ကြကာ နောက်ဆုံးတွင် မကောင်းမှုဒဏ်ကို ပြန်လည်ခံစားခဲ့ကြရသည်။

သူတို့၏အဖြစ်မှာ လောဘတရားအတွက် အကောင်းဆုံး ဥပမာတစ်ခု ဖြစ်လာခဲ့ရလေသည်။

♣ ♣ ♣

မြင်းနှစ်စီးသည် တောင်ကုန်းတစ်ခုပေါ်ဝယ် ရပ်တန့်နေ၏။ မြင်းပေါ်တွင် မုယုံကျင်းနှင့် မုံချူးတို့ ရှိနေသည်။

သူတို့သည် တောင်ကုန်းအောက်မှ ပတ်ဝန်းကျင် အလှအပများအား ငေးမောကြည့်နေကြသည်။

သူတို့သည် ဂူကျူးရိအား ဖော်ထုတ်နိုင်ခဲ့ပြီး ဖြစ်သလို ရတနာပစ္စည်းများအား သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြပြီး ဖြစ်သည်။

စာပေသမားနှင့် ဘုံကျောင်းစောင့်အဘိုးအိုတို့သည် သူတို့အား နှုတ်ဆက်ကာ မြင်းဖြူဘုံကျောင်းသို့ ပြန်သွားခဲ့ကြပြီ ဖြစ်သည်။

မုယုံကျင်းမှာ ယွဲ့ဖိန်းအတွက် စိတ်မကောင်းသော်လည်း မကောင်းမှုအား ဖော်ထုတ်နိုင်ခဲ့၍ ဖြေသိမ့်နိုင်ခဲ့သည်။

သူက ဓားကျိုးဖြင့် မတရားမှုကို ဆက်လက်တိုက်ဖျက်သွားမည်သာ ဖြစ်သည်။

ပို၍ စိတ်ကျေနပ်စရာကောင်းသည်မှာ မုံချူးသည် သူ၏ဘေးနားတွင် မခွဲမခွာ ထာဝရ ရှိတော့မည် ဖြစ်သည်။

သူတို့၏ဘဝသည် ရေ့လျှောက်သာယာ လှပတော့မည်မှာ မလွဲပါတော့ချေ။

ပြီးပါပြီ။